# မြန်မာ့နွေဦးတော်လှန်ရေးအတွင်းမှ လူငယ်များ၏

## အခန်းကဏ္ဍများ ၊ မဟာဗျူဟာများနှင့် နိုင်ငံရေးရည်မှန်းချက်များ

စက်တင်ဘာ ၂၀၂၃



## အမှာစကား

လွန်ခဲ့သည့် သုံးနှစ်နီးပါးခန့်က မြန်မာ့စစ်တပ်က အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍၊ နယ်ပယ်အသီးသီးမှ မြန်မာ့လူငယ်များသည် တနိုင်ငံလုံးအတိုင်းအတာဖြင့် စစ်အစိုးရကို ဆန့်ကျင်သော နွေဦးတော်လှန်ရေးနှင့် နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုများတွင် ရှေ့တန်းမှပါဝင်သူများ ဖြစ်ကြသည်ကို အဘက်ဘက်မှ ညွှန်ပြသည့်ကိန်းဂဏာန်း အထောက်အထားများက ဖော်ပြလျှက်ရှိသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းမှု နောက်ပိုင်းတွင်၊ ရက်စက်ကြမ်းကြုတ်သည့် အာဏာသိမ်းသူများကို ဆန့်ကျင်၍ လမ်းမများပေါ် သို့ထွက်ကာ သတ္တိရှိရှိနှင့်ရဲရင့်ပြတ်သားစွာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် စစ်တပ်အား အပြီးအပိုင် အာဏာစွန့်လွတ်ရေးတို့ကို ဖိအားပေး တောင်းဆိုခဲ့သူများမှာ လူငယ်များပင် ဖြစ်ကြသည်။ ၎င်းတို့၏ ရိုးသားမှုများ၊ ဖွဲလုံ့လများနှင့် ယိမ်းယိုင်ခြင်း ကင်းမဲ့သော သန္နိဋ္ဌာန်တို့သည် နွေဦးတော်လှန်ရေးကို ယနေ့တိုင် တည်တံ့စေသည့် မောင်းနှင်အားများပင် ဖြစ်သည်။

ထို့ကြောင့်လည်း စစ်တပ်က အာဏာသိမ်းပြီး တနှစ်ကျော်အချိန်တွင်၊ ကျွန်ုပ်တို့ဝန်ကြီးဌာနမှ လူငယ်များ၏ ထူးခြားသော တီထွင်ဖန်တီးနိုင်စွမ်းများ၊ စွန့်လွှတ်အနစ်နာခံမှုများနှင့် ၎င်းတို့၏အသံများကို စနစ်တကျစုစည်းသုတေသနပြု မှတ်တမ်းတင်၍ ၎င်းတို့၏ အနာဂတ်ကာလ မျှော်မှန်းချက်များကို ကျွန်ုပ်တို့ အပါအဝင်၊ ဒီမိုကရေစီ လှုပ်ရှားမှုတွင် ပါဝင်ဦးဆောင်နေသူများထံ၊ ရှင်းရှင်းလင်းလင်းနှင့် ထိရောက်စွာ တင်ပြနိုင်ရန်ကို အစဉ်အလေးထား လုပ်ဆောင်ခဲ့သည်။ ထို့နောက် သီးခြားလွတ်လပ်သော လေ့လာမှု တစ်ရပ်ပြုလုပ်ရန်အတွက် မတူကွဲပြားသော တိုင်းရင်းသား၊ ကျားမနှင့် ပထဝီဝင်အနေအထား ကွဲပြားသော ဒေသမှ လူငယ်သုတေသီများ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့အား တာဝန်ပေးအပ်ခဲ့သည်။ ထို့ကြောင့် ဤအစီရင်ခံစာမှ တွေ့ရှိချက်များသည် ဝန်ကြီးဌာန၏အမြင် သို့မဟုတ် ဩဇာလွှမ်းမိုးမှုမှ ကင်းရှင်းပြီး ကျွန်ုပ်တို့၏ လူငယ်များ၏ အသံနှင့် သဘောထားများကို ထင်ဟပ်သည့် တွေ့ရှိချက်များဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ပြောလိုပါသည်။

**မြန်မာ့နွေဦးတော်လှန်ရေးအတွင်းမှ လူငယ်များ** သုတေသနစာတမ်းသည် ကိန်းဂဏာန်းများနှင့် အချက်အလက်များကို စုစည်းတင်ပြထားခြင်းထက် ပိုမိုပြီး၊ ခုခံတော်လှန်ရေးလှုပ်ရှားမှုများတွင် လူငယ်များ၏ ရဲစွမ်းသတ္တိနှင့် ခံနိုင်ရည်ရှိမှုအပြင် လူငယ်များ၏ မယိမ်းယိုင်သော သန္နိဋ္ဌာန်ကို သက်သေပြသည့် စာတမ်းတစ်ခုဖြစ်သည်။ ဤသုတေသနသည် စစ်တပ်၏ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ကျွန်ုပ်တို့နိုင်ငံ၏ လူငယ်များ၏ ပါဝင်မှုနှင့် နည်းပရိယာယ်များ၊ အနစ်နာခံမှု၊ ခေါင်းဆောင်မှုနှင့် အနာဂါတ် မျှော်မှန်းချက်တို့ကို မီးမောင်းထိုး ပြပါသည်။ ဤစာတမ်းပါ အချက်အလက်များသည် ကျွန်ုပ်တို့၏လူငယ်စွမ်းဆောင်ရည် မြှင့်တင်ပေးသည့် အစီအစဉ်များကို ချဉ်းကပ်ရာတွင် အသုံးပြုရန်၊ မြန်မာနိုင်ငံရှိ လူငယ်တို့၏ ကြုံတွေ့ရသော စိန်ခေါ်မှုများအကြောင်း အသိပညာပေးခြင်းနှင့် ၎င်းတို့၏ နိုင်ငံရေးဆန္ဒများကို အသိအမှတ်ပြုရန်တို့တွင် အထောက်အကူဖြစ်စေမည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ သုံးဆယ်ရာခိုင်နှုန်းခန့်သည် လူငယ်များဖြစ်ပြီး၊ ၎င်းတို့သည် ကျွန်ုပ်တို့နိုင်ငံ၏ ခွန်အား၊ အဖိုးမဖြတ်နိုင်သော အရင်းအမြစ်များနှင့် ကျွန်ုပ်တို့၏အနာဂတ်အတွက် မျှော်လင့်ချက်များစွာကို ဖော်ညွှန်းသော

လူ့စွမ်းအား များဖြစ်ကြသည်။ ၎င်းတို့၏ ဖွံ့လုံ့လ နှင့် အသံသည် ကျွန်ုပ်တို့၏ လူငယ်တွေများအား ပံ့ပိုးကူညီရန် အစီအစဉ်များ၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနဲ့ အာဏာရှင်စနစ်ချုပ်ငြိမ်းရေး အတွက် ကျွန်ုပ်တို့ ကြိုးပမ်းအားထုတ်မှုများတွင် ဆက်လက် လမ်းညွှန်ပေးနိုင်မည်ဟု အထူးယုံကြည်ပါတယ်။

နောက်ဆုံးအနေဖြင့် သုတေသနအဖွဲ့ နှင့် သုတေသနအဖွဲ့ကို လမ်းညွှန်ပံ့ပိုးပေးခဲ့ကြသူများ သာမက မိမိတို့ရဲ့ တန်ဖိုးရှိလှစွာသော သုံးသပ်ချက်များ နှင့် အချိန် များဖြင့် ပါဝင်ကြသော လူငယ်တစ်ဦးစီတိုင်းအပြင်၊ ဤသုတေသနတွင် ပါဝင်ပံ့ပိုးခဲ့ကြသည့် ပုဂ္ဂိုလ်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်လိုပါသည်။

အရေးတော်ပုံအောင်ရမည်။

နော်စူစန်နာလှလှစိုး
ပြည်ထောင်စု ဝန်ကြီး
အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန
အမျိုးသား စည်းလုံးညီညွတ်ရေး အစိုးရ

## မာတိကာ

**စာမျက်နှာ**


အတိုကောက်ဝေါဟာရများ

သုတေသနအနှစ်ချုပ်

**အခန်း (၁) နိဒါန်း** ၉

၁.၁။ တော်လှန်ရေးတွင် လူငယ်များ၏အခန်းကဏ္ဍ ၁၂

၁.၂။ ဤသုတေသနစစ်တမ်း၏ ရည်ရွယ်ချက်များ ၁၄

**အခန်း (၂) သုတေသနနည်းစနစ် နှင့် နမူနာလူဦးရေအချိုးအစား** ၁၅

၂.၁။ သုတေသန နည်းစနစ် ၁၅

၂.၁.၁။ အရည်အသွေးစံထားအချက်အလက် စုဆောင်းခြင်း ၁၅

၂.၁.၂။ အရေအတွက်စံထားအချက်အလက် စုဆောင်းခြင်း ၁၇

၂.၂။ လုံခြုံရေးဆိုင်ရာ သတိပြုချက်များ ၁၉

၂.၃။ လေ့လာမှု၏ကန့်သတ်ချက်များ ၂၀

၂.၃.၁။ နယ်ပယ် ၂၀

၂.၃.၂။ နမူနာနှင့် ကိုယ်စားပြုမှု ၂၀

**အခန်း (၃) အတိုက်အခံ/တော်လှန်ရေးလှုပ်ရှားမှုတွင် လူငယ်ပါဝင်မှု** ၂၂

၃.၁။ လှုပ်ရှားမှုအမျိုးအစား (အာဏာသိမ်းပြီး ကနဦးကာလများ) ၂၂

၃.၂။ အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုတွင် လူငယ်များ၏ အခန်းကဏ္ဍ ၂၃

၃.၃။ ဆိုရှယ်မီဒီယာနှင့် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုခြင်း ၂၄

၃.၄။ တော်လှန်ရေးလှုပ်ရှားမှုတွင် ပါဝင်လာရသည့် တွန်းအားများ (စေ့ဆော်မှုအကြောင်းရင်းများ) ၂၈

၃.၅။ ရပ်ရွာအသိုက်အဝန်း အပေါ် အာဏာသိမ်းမှု၏ သက်ရောက်မှု ၂၉

၃.၆။ အာဏာသိမ်းပြီးနောက်ပိုင်း လူငယ်များကြုံတွေ့ရသည့် ခြိမ်းခြောက်မှုများ ၃၁

၃.၇။ ၂၀၂၂ ခုနှစ် ဩဂုတ်လ နောက်ပိုင်း လူငယ်များ၏ပါဝင်မှုအပြောင်းအလဲများ ၃၄

၃.၈။ ရည်မှန်းချက်များနှင့် အနာဂတ်များဆုံးရှုံးခြင်း ၃၆

၃.၉။လက်ရှိအာဏာသိမ်းမှုအား လူငယ်များ၏တုံ့ပြန် ဖြေရှင်းသည့် ဗျူဟာများ ၃၇

**အခန်း(၄) နွေဦးတော်လှန်ရေးတွင် စည်းလုံးညီညွတ်မှုနှင့် မတူကွဲပြားမှု** ၃၈

၄.၁။ တော်လှန်ရေးတွင် လူငယ်များ၏ မတူကွဲပြားမှုနှင့် စည်းလုံးမှုဆိုင်ရာ အတွေ့အကြုံများ ၃၈

၄.၁.၁။ နိုင်ငံရေးယုံကြည်ချက်/အယူအဆ သို့မဟုတ် အမြင်ကွဲပြားခြားနားမှုများ ၃၉

၄.၁.၂။ မျိုးဆက်များ ကွာဟမှု ၄၁

၄.၁.၃။ ဆက်သွယ်ရေးနှင့် ဘာသာစကား အခက်အခဲအတားအဆီးများ ၄၁

၄.၂။ မတူကွဲပြားခြင်းသည် နွေဦးတော်လှန်ရေးအတွက် အတားအဆီးဖြစ်နေပါသလား။ ၄၃

၄.၃။ တော်လှန်ရေးကာလအတွင်း လူထု၏ ပြောင်းလဲလာသော သဘောထားများ ၄၅

စာမျက်နှာ


၄.၃.၁။ တိုင်းရင်းသားလူနည်းစုများအပေါ် ကိုယ်ချင်းစာမှု ပွားများလာခြင်း ၄၅
၄.၃.၂။ လူနည်းစုများအပေါ် ကိုယ်ချင်းစာမှု ပွားများလာခြင်း (အထူးသဖြင့် ရိုဟင်ဂျာအသိုက်အဝန်း) ၄၇
၄.၃.၃။ နိုင်ငံရေးအသိပညာ ဗဟုသုတများ တိုးလာခြင်း ၄၈
၄.၃.၄။ ကျား၊မ ဆိုင်ရာ အသိပညာ တိုးတက်လာခြင်း ၄၉
၄.၄။ အဓိကဇာတ်ဆောင်များအကြား စည်းလုံးညီညွတ်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများ အပေါ် လူငယ်များ၏ အမြင်များ ၅၀
၄.၄.၁။ တော်လှန်ရေး၏ အဓိကဇာတ်ဆောင်များ အပေါ်လူငယ်များ၏ သဘောထား ၅၀
၄.၄.၂။ အခြားအဖွဲ့များအပေါ် လူငယ်သဘောထား ၅၂
၄.၅။ အဓိကဇာတ်ဆောင်များအကြား စည်းလုံးညီညွတ်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုအပေါ် လူငယ်များ၏ အမြင် ၅၃
၄.၅.၁။ ညှိနှိုင်းဆောင်ရွက်မှုအားအနည်းဆုံးအဖြစ် လူငယ်များထင်မြင်ယူဆသည့် ကဏ္ဍ။ ၅၃
၄.၆။ အဓိကသရုပ်ဆောင်များကြားတွင် ညှိနှိုင်းမှုအားနည်းခြင်းနှင့် ပက်သက်၍ လူငယ်သဘောထားများ။ ၅၄
၄.၆.၁။ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့ များပြားခြင်း ၅၅
၄.၆.၂။ ထိရောက်သော ဆက်သွယ်မှု ယန္တရားများ မရှိခြင်း။ ၅၅
၄.၆.၃။ ယုံကြည်မှု ကင်းမဲ့ခြင်း ၅၆
၄.၆.၄။ နိုင်ငံရေးအယူဝါဒ ကွဲပြားမှုနှင့် အဓိကခေါင်းဆောင်များအကြား ဆွေးနွေးမှုများ ၅၇
၄.၆.၅။ နိုင်ငံရေး အခွင့်ရေးရှာဖွေမှု ၅၇
**အခန်း (၅) ခေါင်းဆောင်မှု** ၆၀
၅.၁။ တော်လှန်ရေး အဓိကဇာတ်ဆောင်များ ၆၁
၅.၂။ ခေါင်းဆောင်မှုအခန်းကဏ္ဍမှ လူငယ် ၆၄
၅.၃။ ခေါင်းဆောင်မှုအခန်းကဏ္ဍတွင်း လူငယ်ပါဝင်မှု အဟန့်အတားများ ၆၈
**အခန်း (၆) တော်လှန်ရေးမျှော်မှန်းချက်များ** ၇၃
၆.၁။ လူငယ်ရှုထောင့်မှ တော်လှန်ရေးအန္တိမပန်းတိုင်များ ၇၃
၆.၂။ လူငယ်များ၏ ဖက်ဒရယ်စနစ်ဆိုင်ရာအသိအမြင် ၇၅
၆.၃။ လိုလားသောလူမှုတန်ဖိုးများ ၇၇
၆.၄။ အကျပ်အတည်းဖြေရှင်းနည်းများလား? ၇၉
၆.၅။ တော်လှန်ရေးရလဒ်အပေါ် လူငယ်များ၏ မျှော်လင့်ချက် ၈၀
၆.၆။ ပူးပေါင်းဆောင်ရွက်မှုအားကောင်းအောင် NUG လုပ်ဆောင်သင့်သောအရာများ ၈၂
၆.၇။ လူငယ်များမြင်တွေ့လိုသောနိုင်ငံ၏ မူဝါဒနှင့် ချဉ်းကပ်နည်းများ ၈၂

စာမျက်နှာ

**အခန်း(၇) လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များကို နိဂုံးချုပ်ခြင်း** ၈၆
၇.၁။ မြန်မာနိုင်ငံရှိ လူငယ်များ၏ အလားအလာ ၈၆
၇.၂။ လူငယ်များ၏ ဆန္ဒမျှော်မှန်းချက် အမျိုးမျိုး ၈၇
၇.၃။ NUG အမျိုးသမီး၊ လူငယ်နှင့် ကလေးရေးရာ ဝန်ကြီးဌာန အတွက် အကြံပြုချက်များ ၈၈
၇.၄။ တော်လှန်ရေးခေါင်းဆောင်မှုများအတွက် အကြံပြုချက်များ ၈၉
၇.၅။ ရှေ့ဆက်လေ့လာမှုအတွက် အကြံပြုချက်များ ၉၀
**၈။ အကိုးအကား** ၉၁

# အတိုကောက်ဝေါဟာရများ

| | |
|---|---|
| AA | ရက္ခိုင့်တပ်တော် |
| CRPH | ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ |
| CSOs | အရပ်ဘက်အဖွဲ့အစည်းများ |
| CDFs | ချင်းလဲန်ကာကွယ်ရေးတပ်များ |
| CDM | အာဏာဖီဆန်ရေးလှုပ်ရှားမှု |
| CNA | ချင်းအမျိုးသားတပ်မတော် |
| EAOs | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ |
| FGDs | ဦးတည်အုပ်စုဆွေးနွေးပွဲများ |
| IDP | ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ |
| KNDF | ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ |
| KII | အဓိကသတင်းပေးအင်တာဗျူးများ |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| LGBTQ | Lesbian, Gay, Bisexual, Transgender, and Queer |
| LDFs | ဒေသကာကွယ်ရေးတပ်ဖွဲ့များ |
| MYWCA | အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန |
| NUG | အမျိုးသားညီညွတ်ရေးအစိုးရ |
| NUCC | အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ |
| NGO | အစိုးရမဟုတ်သည့်အဖွဲ့အစည်း |
| PDFs | ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ |
| UWSA | ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် |
| SSPP | ရှမ်းပြည်တိုးတက်ရေးပါတီ |
| SAC | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |

## သုတေသနအနှစ်ချုပ်


လူငယ်များသည် ၂၀၂၁ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ နွေဦးတော်လှန်ရေးကို တည့်တံ့ခိုင်မြဲစေမည့်အဓိကမောင်းနှင်အားတစ်ခုဖြစ်သည်။ ဤသုတေသနအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် အာဏာသိမ်းပြီးနောက်ပိုင်းအခက်အခဲရုန်းကန်ရမှုများ၊ ပေးဆပ်အနစ်နာခံမှုများနှင့် မျှော်ရည်ချက်များကို ထင်ဟပ်ထုတ်ဖော်ပြသထားသည်။ ၎င်းသည်လူငယ်များ၏ တော်လှန်ရေးလှုပ်ရှားမှုများတွင် အသုံးပြုသည့်နည်းပရိယာယ်များကို စူးစမ်းလေ့လာပြီး၊ နွေဦးတော်လှန်ရေးတွင် နိုင်ငံရေးပြဿနာများနှင့် ခေါင်းဆောင်မှုကိုလူငယ်များမည်ကဲ့သို့ နားလည်ကြောင်းကို ဆန်းစစ်ထားသည်။ နောက်ဆုံးတွင် လူငယ်များ၏ ပူးပေါင်းပါဝင်မှုသည် အဘယ်ကြောင့် အရေးကြီးပြီး၊ လူငယ်များ၏ ပါဝင်မှု အခန်းကဏ္ဍကို မည်ကဲ့သို့ ပိုမိုအားကောင်းစေနိုင်ကြောင်း မီးမောင်းထိုးပြထားပါသည်။


- ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်မိသားစုထူထောင်ရေးတို့ကို စွန့်လွှတ်လိုက်ကြောင်း လူငယ်များမှ ဖော်ထုတ်တင်ပြခဲ့ကြသည်။ အာဏာသိမ်းမှုအခြေအနေကို တုံ့ပြန်ဖြေရှင်းရန်အတွက် လူငယ်အများစုသည် ပညာရေး သို့မဟုတ် အလုပ်အကိုင်အခွင့်အလမ်းအတွက် နိုင်ငံခြားတိုင်းပြည်များသို့ ပြောင်းရွှေ့နေထိုင်ရန် ရွေးချယ်ခဲ့ကြသည်။
- လူငယ်များ၏ဦးဆောင်မှုသည် အောက်ခြေအဆင့်တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ အာဏာသိမ်းမှုဆန့်ကျင်ရေး လှုပ်ရှားမှုများကို စီစဉ်ခြင်း၊ ဒေသန္တရအုပ်ချုပ်ရေးယန္တရားများ ဖွဲ့စည်းခြင်းနှင့် အစိုးရယန္တရား လည်ပတ်မှုမရှိတော့သည့်အချိန်၌ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော ပြည်သူ့ဝန်ဆောင်မှုများ ပေးဆောင်ရာတွင် လူငယ်များသည် ဦးဆောင်မှုအခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်ခဲ့ကြသည်။
- ၎င်းတို့၏ခေါင်းဆောင်မှုတွင် လူငယ်များသည် EAO နှင့် အခြားသော လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ အပါအဝင် မြန်မာနိုင်ငံရှိ အတိုက်အခံအဖွဲ့အစည်းအမျိုးမျိုးနှင့် ပူးပေါင်းလုပ်ဆောင်ရန် စိတ်အားထက်သန်လာကြသည်။ လူငယ်များသည် ပြည်သူလူထုနှင့် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများ၊ ခေါင်းဆောင်များ ဖြစ်သည့် NUG၊ NUCC နှင့် အခြားနိုင်ငံရေးပါတီများကြား ပေါင်းကူးတံတားအဖြစ် ရပ်တည်ကြသည်။
- တော်လှန်ရေးခေါင်းဆောင်မှုအတွင်း လူငယ်များကို ထိပ်တန်းရာထူးများ ခန့်အပ်ခြင်းဖြင့် ပိုမိုပါဝင်နိုင်စေရန် ကြိုးပမ်းခဲ့သော်လည်း တက်ကြွလှုပ်ရှားသူလူငယ်အများအပြားသည် ၎င်းတို့၏ အသံများကို လုံလောက်စွာ ကိုယ်စားပြုခြင်း မရှိသေးကြောင်းနှင့် ခေါင်းဆောင်မှုအဖွဲ့အစည်းများတွင် လူငယ်ကိုယ်စားပြုမှုမှာ မလုံလောက်သေးဟု ယူဆနေကြဆဲဖြစ်သည်။ လူငယ်များအနေဖြင့် ခေါင်းဆောင်မှုတွင်ပါဝင်ရန် အဓိက အတားအဆီးအဖြစ် လူငယ်များအတွက် ပလက်ဖောင်း/နေရာမရှိခြင်းကို လူငယ်များက မီးမောင်းထိုးပြပြီး၊ လူကြီးများက လူငယ်များ၏ စွမ်းဆောင်ရည်အပေါ် အထင်အမြင်သေးနေခြင်းကို မီးမောင်းထိုးပြခဲ့သည်။
- တော်လှန်ရေးကာလအတွင်း လူငယ်များ၏ ဖက်ဒရယ်စနစ်အပေါ် နားလည်မှုတိုးတက်လာပုံပေါ်၊ ဖြေဆိုသူအချို့က လူငယ်များကြား နိုင်ငံရေးအမြင်ဖွင့်သင်တန်းအစီအစဉ်တစ်ခု လိုအပ်ကြောင်းလည်း ထောက်ပြကြသည်။

- ဇာတ်ဆောင်များအကြား ပူးပေါင်းဆောင်ရွက်မှုကို အခက်အခဲဖြစ်စေသည့် မတူကွဲပြားမှုနှင့် အယူဝါဒကွဲပြားမှုများ ရှိနေလင့်ကစား၊ လူငယ်များသည် တော်လှန်ရေး၏ဦးတည်ချက်သည် လမ်းကြောင်းမှန်အပေါ် ရှိနေကြောင်း အပြုသဘောဆောင် ရှုမြင်ကြသည်။ သို့သော်လည်း NUG သည် EAOs နှင့် အခြားသော အဓိကပါဝင်ပတ်သက်သူများ အပါအဝင် အခြားသောသက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်စေရန် လူငယ်များမှ အကြံပြုခဲ့သည်။
- ဤသုတေသနလေ့လာမှုသည် အမျိုးသားစည်းလုံးညီညွတ်ရေးအစိုးရ - အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန (NUG-MWYCA) နှင့် တော်လှန်ရေးအတွက် အရေးပါသော အခြား ခေါင်းဆောင်မှုအဖွဲ့များသို့ အလားအလာရှိသော အကြံပြုချက်အချို့ကို အဆိုပြုထောက်ခံထားပါသည်။

# အခန်း (၁) နိဒါန်း

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သော မြန်မာ့အထွေးထွေးရွေးကောက်ပွဲတွင် မဲစာရင်းလိမ်လည်မှု စွပ်စွဲချက်ဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ နံနက်ခင်းအစောပိုင်းတွင် စစ်ခေါင်းဆောင် မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့စစ်တပ်(တပ်မတော်)သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အရပ်သား အစိုးရအဖွဲ့ကို ဖြုတ်ချပြီး နိုင်ငံတော်အာဏာကို တရားမဲ့ မတရားသိမ်းယူရန် ကြိုးစားခဲ့သည်။ စစ်တပ်မှ အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အစိုးရအဖွဲ့ဝင်များနှင့်အတူ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊ ရှေ့နေများနှင့် စစ်တပ်အား ဆန့်ကျင်ပြီး လူ့အခွင့်အရေးလှုပ်ရှားကြသူများလည်း အသီးသီး ဖမ်းဆီးထိန်းသိမ်း ခံခဲ့ရသည်။ အာဏာသိမ်းစစ်တပ်သည် ပြည်သူ့အစိုးရအား တရားမဲ့ထိန်းသိမ်းထားပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟုခေါ်သည့် အုပ်ချုပ်ရေး အသစ်တရပ်ကို ဖွဲ့စည်းခဲ့သည်။ မင်းအောင်လှိုင်သည် ၂၀၂၁ ဖေဖော်ဝါရီလတွင် စစ်ကောင်စီ၏ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ၂၀၂၁ ဩဂုတ်လတွင် ဖွဲ့စည်းလိုက်သည့် အိမ်စောင့်အစိုးရ၏ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်လည်းကောင်း မိမိကိုယ်ကို ပြန်လည်ခန့်အပ်ပြီး တာဝန်ပေးခဲ့ပြန်သည်။ ထို့နောက် ဖြစ်ပေါ်လာမည့် လူထုအုံကြွမှုအခြေအနေကို ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အရေးပေါ် အခြေအနေကြေငြာပြီး ဥပဒေသစ်နှင့် စည်းမျဉ်းစည်းကမ်းများကို ချက်ချင်းပင် ပြဋ္ဌာန်းခဲ့လိုက်သည်။ ဤ ၂၀၂၁ခုနှစ် အာဏာသိမ်းမှုဖြစ်စဉ်သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအစီအစဉ် တရပ်လုံးကို ရပ်တန့်စေခဲ့ပြီး၊ ထိုဖြစ်စဉ်အဟောင်းကို နိုင်ငံတော်သစ် တည်ဆောက်ခြင်းဖြင့် အစားထိုး ပြောင်းလဲနိုင်ရန်အတွက် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် လူငယ် မျိုးဆက်သစ်များသည် အာဏာသိမ်းမှု ဆန့်ကျင်ရေးလှုပ်ရှားမှုများအပါအဝင် နိုင်ငံရေးလှုပ်ရှားမှု သစ်များကို ပုံစံမျိုးစုံဖြင့် စတင်လာခဲ့ကြသည်။

အာဏာသိမ်းစစ်တပ်၏ တရားမဲ့နိုင်ငံတော်အာဏာသိမ်းမှု ကြိုးပမ်းမှုအပေါ် ပြည်သူတရပ်လုံးမှ ပုံစံမျိုးစုံဖြင့် ကန့်ကွက် ဆန္ဒထုတ်ဖော်ပြသခဲ့ကြသည်။ ထိုသို့ ကန့်ကွက်ဆန္ဒထုတ်ဖော်ပြကြရာတွင် ***"ရှုံးမတက်နဲ့ ရှန်းထွက်"*** ဟူသော လှုံ့ဆော်သံများနှင့်အတူ Civil Disobedience Movement (CDM) ဟုခေါ်သည့် အာဏာဖီဆန်ရေး လှုပ်ရှားမှုကို အာဏာသိမ်းမှုဆန့်ကျင်ရေး လှုပ်ရှားမှုအဖြစ် အစောဆုံးစတင်ခဲ့ကြသည်။ ထိုအာဏာဖီဆန်ရေးလှုပ်ရှားမှုကို ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်များနှင့် ဌာနအသီးသီးမှ ပြည်သူ့ဝန်ထမ်းများက စတင်ခဲ့ကြပြီး နိုင်ငံတော်အာဏာကို တရားမဲ့သိမ်းယူထားသည့် အာဏာသိမ်းစစ်တပ်၏ အုပ်ချုပ်မှုအောက်တွင် တာဝန်ထမ်းဆောင်ရန်အတွက် ငြင်းဆန် ပုန်ကန်ကြခြင်းဖြစ်သည်။ အာဏာဖီဆန်ရေး လှုပ်ရှားမှု၏ ဦးတည်ချက်သည် နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများကို ချွင်းချက်မရှိ ပြန်လွှတ်ပေးရေး နှင့် မြန်မာနိုင်ငံ၏ဒီမိုကရေစီကို ရွေးကောက်ခံအရပ်သား ပြည်သူ့အစိုးရ အားပြန်ပေးရန်အပြင် နိုင်ငံတဝန်းလုံးရှိပြည်သူတရပ်လုံးမှ နိုင်ငံတော်အာဏာကိုတရားမဲ့သိမ်းယူထားသော အာဏာသိမ်း စစ်တပ် အားတညီတညွတ်တည်း ခုခံကြရန်ဖြစ်သည်။ ဤအာဏာဖီဆန်ရေး လှုပ်ရှားမှုသည် အကြမ်းမဖက်သော တော်လှန်ရေးလှုပ်ရှားမှုတခုဖြစ်ပြီး ပြည်တွင်းမှ ပြည်သူလူထုတို့၏ အရှိန်အဟုန်ဖြင့် အားပေးထောက်ခံမှုကို ရရှိထားသည်။ ထို့အတူ နိုင်ငံတကာ အသိုက်အဝန်းတို့၏ အာရုံစိုက်မှုများစွာကိုလည်း ရရှိခဲ့သည့် လှုပ်ရှားမှုတစ်ခု ဖြစ်သည်[1]။ နိုင်ငံတော်အာဏာကို တရားမဲ့သိမ်းယူထားသော အာဏာသိမ်းစစ်တပ်အား ဆန့်ကျင်သည့် အကြမ်းမဖက်

သောအာဏာဖီဆန်ရေး တော်လှန်ရေးလှုပ်ရှားမှုများ အထဲတွင် အခွန်ဆောင်ရန်ငြင်းဆန်ခြင်း၊ ရုံးမတက်ခြင်း၊ ကျန်းမာရေးကျန်းမာရေးဝန်ထမ်းများ အလုပ်မဆင်းခြင်း၊ ကျောင်းဆရာ/မ များကို ကျောင်းမှအလုပ်ရပ်နားခြင်း၊ မီးရထားလုပ်သားများမှ ၎င်းတို့၏ရာထူးတာဝန်ကို စွန့်လွှတ်ခြင်းနှင့် အခြားပြည်သူ့ဝန်ထမ်းများလည်း အလုပ်သွားခြင်းမှရပ်စဲထားကြပြီးလမ်းမပေါ်သို့ ပြည်သူလူထုနှင့်အတူ ဆန္ဒထုတ်ဖော်ခဲ့ကြသည်[2]။ ထိုအာဏာဖီဆန်ရေးလှုပ်ရှားမှုနှင့်အတူ မူလတန်းမှ တက္ကသိုလ်အဆင့်ထိ ကျောင်းသား/သူများလည်း ကျောင်းကိုမသွားကြဘဲ နိုင်ငံတော်အာဏာကို တရားမဲ့ သိမ်းယူထားသော အာဏာသိမ်းစစ်တပ်ကို ဆန္ဒပြကြပြီး ၎င်းတို့ကို တရားဝင်ထောက်ခံရာ ရောက်စေသည့် မည်သည့် အပြုအမူမျိုး မဆိုဆန့်ကျင်ကြသည်။ လွတ်လပ်သောအရှုအသံ[3]၏ သတင်းအရင်းအမြစ်အရ ဆရာဝန်များ၊ဆရာ/မများနှင့် စစ်သားများ စစ်သားများအပါအဝင် စုစုပေါင်းအရေအတွက် (၃၆၀,၀၀၀) ဦးတို့သည် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်ကြသည် ဟုဆိုထားသည်။

အကြမ်းမဖက်အာဏာဖီဆန်ရေးတော်လှန်လှုပ်ရှားမှုနှင့်အတူ ပြည်သူလူထုတရပ်လုံးမှလည်း ငြိမ်းချမ်းစွာဖြင့် အတူတကွ ဆန္ဒထုတ်ဖော်လာခဲ့ကြသည်။ လမ်းသွယ်/လမ်းကြားများမှ လမ်းမများပေါ်သို့ အထိနှင့် အများပြည်သူဆိုင်ရာနေရာများတွင်လည်း ထောင်သောင်းချီရှိသောလူများ စုရုံးလာခဲ့ပြီး တရားမဲ့ အာဏာသိမ်း စစ်တပ်ယူရန် ကြိုးပမ်းမှုကို အလိုမရှိကြောင်းဆန္ဒထုတ်ဖော်လာခဲ့ကြသည်။ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရင်ဆိုင်နေရသော အချိန်ကာလမှာပင် ပြည်သူလူထုတို့ တို့၏ ဒေါသအငွေ့အသက်ကြောင့် လူများစုဝေးရာ လမ်းများပေါ်သို့ ရောက်ရှိလာခဲ့ကြသည်။ မျိုးဆက်အများစုသည် ခေတ်အဆက်ဆက်မှ စစ်အာဏာရှင်စနစ်ဆိုး၏ အုပ်ချုပ်ရေးအောက်တွင် တွေ့ကြုံလာခဲ့သူများဖြစ်ကြပြီး ခက်ခဲကြမ်းတမ်းလာမည့်ဘဝကို ကောင်းစွာနားလည် ထားကြသူများဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ပွင့်လင်းလာမှု (ဖွံ့ဖြိုးတိုးတက်လာမှု) အကျိုးဆက်ကြောင့် ရရှိလာသောလွတ်လပ်ခွင့်များကို ဆုံးရှုံးလာစရာကြုံတွေ့လာရသည့်အခါ လူငယ်အများစုတို့သည် နာကြည်းခံစားခဲ့ရသည်။ ယင်းကိစ္စနှင့်စပ်လျဥ်းပြီးလူငယ်များသည် လူမှုကွန်ယက်စာမျက်နှာများ ဖြစ်သည့် Facebook၊ Twitter၊ နှင့် Telegram Channels များပေါ်တွင် ဆန္ဒထုတ်ဖော်သည့် အရေးအသားနှင့် ဓာတ်ပုံများ၊ လှုံ့ဆော်စာများ၊ အခြားသော ရုပ်ပုံများနှင့် ဗီဒီယိုများ စသည့် ဖန်တီးမှုမျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် အကြမ်းမဖက် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထိုဖန်တီးမှုများတွင် ဆန္ဒပြပွဲကို ဖြိုးခွင်းမည့် လုံခြုံရေးစစ်သားနှင့် ရဲများက လျှောက်နင်းရန်မဝံ့သည့် အာဏာသိမ်းစစ်တပ်စစ်ခေါင်းဆောင် မင်းအောင်လှိုင်၏ ရုပ်ပုံလွှာများကို လမ်းမများပေါ်တွင် ကပ်ထားပြီး ဆန္ဒထုတ်ဖော်သူများမှ လျှောက်နင်းကြသည့် လှုပ်ရပ်များအပါအဝင်၊ ရိုးရာလုံချည်ထဘီများကို လမ်းမပေါ်မှ သွယ်တန်ထားသော သံကြိုးတန်များပေါ်တွင် ချိတ်ဆွဲထားဖြင့်လည်း ဆန္ဒပြပွဲများကို အကြမ်းဖက်ဖြိုးခွင်းရန် ရောက်ရှိလာကြသည့် လုံခြုံရေးစစ်သားနှင့်ရဲများ၏ စိတ်ပိုင်းဆိုင်ရာ ဟန့်တားမှု များဖြစ်စေရန် လုပ်ဆောင်ခဲ့ကြသည်။ ထို့အပြင် LGBTQ တက်ကြွလှုပ်ရှားသူများမှ တရွတ်တိုက် ဆွဲခေါ်ခြင်း သရုပ်ပြတင်ဆက်မှု၊ ရောင်စုံအလံများ လွှင့်ထူခြင်းစသည့် အနုပညာဖန်တီးမှုမျိုးစုံဖြင့် ၎င်းတို့၏ ဖြစ်တည်မှုကို အသိအမှတ် ပြုရန်ပညာပေးခြင်းများလည်း တတက်တအားလှုပ်ဆောင်ခြင်းဖြင့် LGBTQ အသိုင်းအဝန်းများအပေါ် ဖြစ်တည်နေသည့် ခွဲခြားမှုများ၊ အထင်အမြင်လွဲမှားမှုများကို လူထုမှ အရေးတယူ သတိထားလာကြမိစေရန် လှုပ်ရှား ပါဝင်နိုင်ခဲ့ကြသည်။ ထိုလှုပ်ရှားမှုများက လိင်စိတ်ခံယူမှု ကွဲပြားသည့်အပေါ် သေးသိမ်သည့် သဘောထားရှိသူများကို အထိုက်အလျှောက် နာလည်းလက်ခံလာနိုင်စေခဲ့သည့် လှုပ်ရပ်များပင် ဖြစ်သည်[4]။

အာဏာသိမ်းစစ်တပ်စစ်တပ်၏ အကြမ်းဖက်မှုကြောင့် အဦးဆုံးအနေဖြင့် နေပြည်တော်မှ အမျိုးသမီးငယ် မြသွဲ့သွဲ့ခိုင်သည် အများပြည်သူနှင့်အတူ အာဏာသိမ်းစစ်တပ်မှုကို ဆန့်ကျင်ကြောင်းကို ဆန္ဒထုတ်ဖော် နေချိန်တွင် လုံခြုံရေးရဲဝန်ထမ်းများ၏ စက်သေနတ်ဖြင့် ဦးခေါင်းသို့ ချိန်ရွယ်ပစ်ခတ်ခြင်းခံခဲ့ရပြီး ကွယ်လွန် သွားခဲ့ရသည်။ ထိုနည်းတူစွာ မြို့ပြရှိ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ကြသော လူထုဆန္ဒပြပွဲများကို အင်းအား အလုံးအရင်းဖြင့် အကြမ်းဖက်နှိမ်နင်းရာတွင် လုံခြုံရေးတပ်တို့၏ သေနတ်ဖြင့် ဦးခေါင်းများသို့ စနစ်တကျ ချိန်ရွယ်ပစ်သတ်မှုများကြောင့် ဆန္ဒပြသူတို့၏ သေဆုံးမှုနှုန်းမြင့်တက်လာခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ (၁၁) ရက်နေ့ ထုတ်ပြန်သော အစီရင်ခံစာ အရ နိုင်ငံတော်အာဏာကို တရားမဲ့သိမ်းယူသည့် နေ့မှစပြီး တနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၏ လုံခြုံရေးတပ်များသည် လက်နက်မဲ့အရပ်သား စုစုပေါင်း (၁၅၀၀) ကျော်ကို သတ်ဖြတ်ခဲ့သည်[5]။ သတ်ဖြတ်မှုအများစုသည် လမ်းမပေါ်တွင် ငြိမ်းချမ်းစွာဖြင့် ဆန္ဒဖော်ထုတ် နေကြသည့် အချိန်ဖြစ်သည်။ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ (Human Rights Watch - HRW) သည် မြန်မာ့အာဏာ သိမ်းစစ်တပ်၏ အပြစ်မဲ့ပြည်သူထုများကို စနစ်တကျအကြမ်းဖက် ဦးတည်တိုက်ခိုက်ခြင်း လုပ်ရပ်သည် လူသားမျိုးနွယ်အပေါ် ရည်ရွယ်ချက်ရှိရှိ ရာဇဝတ်မှုကျူးလွန်နေခြင်း ဖြစ်သည်ဟု ပြောဆိုထားသည်[6]။ ထိုလုံခြုံရေး အင်အားတို့၏ ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်မှု လုပ်ရပ်များကို လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ (HRW) မှ ဗီဒီယိုရုပ်သံ မှတ်တမ်းအလိုက် ထုတ်လွှင့်ခဲ့သည်[7]။ နိုင်ငံရေး အကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း၏ ၂၀၂၃ခုနှစ် ဩဂုတ်လ (၂) ရက်နေ့အထိ စာရင်း မှတ်တမ်းအရ အာဏာသိမ်းစစ်တပ်စစ်တပ်သည် ငြိမ်းချမ်းစွာဆန္ဒပြသူ (၃,၈၆၁) ဦးကို သတ်ဖြတ်ခဲ့ပြီး (၂၄,၀၀၀) ဦးကို အကြောင်းမဲ့ ဖမ်းဆီထိန်းသိမ်းထားသည်[8]။

၂၀၂၀ အထွေးထွေးရွေးကောက်ပွဲမှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးပါဝင်သော ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီကို ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် တည်ထောင်ခဲ့ပြီး ဥပဒေပြု လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ရန်နှင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ထိတွေ့ဆက်ဆံရန်ဖြစ်သည်။[9] ၂၀၂၁ ခုနှစ် ဧပြီလ (၁၆) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီမှ စင်ပြိုင် အစိုးရတရပ် ဖြစ်သည့် အမျိုးသားညီညွတ်ရေး အစိုးရကို ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ၏ တရားဝင်သော အစိုးရအဖြစ် လက်ခံလာရန် ကြိုးပမ်းအားထုတ်ကြသည်။ တရားဝင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ၏ လုပ်ပိုင်ခွင့် အာဏာကို ကျင့်သုံးပြီး အမျိုးသားညီညွတ်ရေးအစိုးရသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးဌာန (၁၇)ခု ကို ဖွဲ့စည်း လိုက်သည်။ ထိုဖွဲ့စည်းမှုကို ဥပဒေပြုရေးအင်္ဂါရပ်ရှိသော အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကော်မတီမှ ထပ်မံအတည်ပြုသည်။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကော်မတီထဲတွင် ပြည်ထော်စု လွှတ်တော် ကိုယ်စားပြုကော်မတီမှ ကိုယ်စားလှယ်များ၊ အခြားရွေးကောက်ခံကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီနှင့် ၄င်းတို့၏ခေါင်းဆောင်များ၊ အရပ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အာဏာဖီဆန်ရေး တက်ကြွလှုပ်ရှာသူများ၊ အထွေထွေသပိတ်ကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသမီးများ၊ လူငယ်များနှင့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၊ ကြားကာလပြည်နယ်အဆင့်/ ပြည်ထောင်စုအဆင့်/ တိုင်းရင်းသားကိုယ်စားပြုကော်မတီ အဖွဲ့ဝင်များနှင့် အရပ်ဖက် အဖွဲ့အစည်းများနှင့် ပါဝင်ဖွဲ့စည်းထားသည်[10]။

လုံခြုံရေးစစ်သားနှင့် ရဲတပ်ဖွဲ့တို့၏ အကြမ်းဖက်ဖြိုးခွင်မှုရှိနေသော်လည်း မြန်မာပြည်သူလူထုတို့သည် အာဏာသိမ်း စစ်တပ်၏ အတင်းအဓမ္မအာဏာသိမ်းယူမှုကို လက်မခံကြောင်းပုံစံမျိုးစုံဖြင့် ယနေ့ထိတိုင် ထုတ်ဖော်ကန့်ကွက်ကြသည်။

အထူးသဖြင့် နိုင်ငံတဝန်းရှိ ကျေးလက်မြို့ပြနှင့် ကျေးရွာနေ လူထုများမှ ယနေ့ထိတိုင် ဆန္ဒထုတ်ဖော်နေကြဆဲဖြစ်သည်။ တင်းကြပ်သော လုံခြုံရေးစောင့်ကြည့်မှုနှင့် အကြမ်းဖက် ပစ်သတ်မှုကြောင့် မြို့ကြီးများတွင် ဆန္ဒပြပွဲများသည် ပျောက်ကျားစနစ်ဖြင့် လျှပ်တပြက် ဆန္ဒထုတ်ဖော် ကြသည်။ နိုင်ငံတဝန်းသို့ ကြီးထွားလာသော ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့သည် အာဏာသိမ်းမှု ဆန့်ကျင်တော်လှန်ရေး၏ အရေးကြီးသောပုံရိပ်တခု အသွင်ဆောင်လာသည်။ အာဏာသိမ်း စစ်တပ်သည် (၂) နှစ်ကျော် နိုင်ငံတော်အာဏာကို အတင်းအဓမ္မသိမ်းယူထားသည့်တိုင် အကြမ်းမဖက်အာဏာဖီဆန်ရေး တော်လှန်လှုပ်ရှားမှုသည် အားကောင်းနေဆဲဖြစ်သည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များသည် ဒေသအတွင်းသို့ ထိုးစစ်ဆင်လာသည့် အာဏာသိမ်းစစ်တပ်၏ ထိုးစစ်အား လက်နက်ကိုင် ခုခံကာကွယ်သည့် လှုပ်ရှားမှုကို ဆင်နွှဲနေကြ သည်။ တက်ကြွ လူငယ်များ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုများတွင် ပါဝင်လာကြသော ပြည်သူ့ဝန်ထမ်းများ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ တော်လှန်ရေးအတွက် ရန်ပုံငွေများ ကူညီရှာပေးဆဲ ဖြစ်သည်။ အာဏာသိမ်းစစ်တပ်သည် နိုင်ငံတကာအသိုက်အဝန်း၏ဖိအားနှင့် ပိတ်ဆို့မှုများကို ကြိုတင်တွက်ဆထားခဲ့ သော်လည်း ခေတ်သစ်မြန်မာ့ပြည်သူလူထုတို့၏ တုံ့ပြန်မှုကို လျှော့တွက်ခဲ့သည်။

## ၁.၁။ တော်လှန်ရေးတွင် လူငယ်များ၏အခန်းကဏ္ဍ

တော်လှန်ရေးတွင် လူငယ်များ၏ပါဝင်မှု (လမ်းပေါ်သို့ထွက်ပြီးဆန္ဒပြမှု၊ အာဏာဖီဆန်ရေးလှုပ်ရှားခြင်း၊ ပြည်သူ့ကာကွယ် ရေးတပ်ဖွဲ့တွင်ပါဝင်ခြင်း) မီဒီယာပေါ်တွင် အကျယ်တဝင့် ဖော်ပြကြသော်လည်း သိပ္ပံနည်းကျ လေ့လာရန် စတင်လာသည်။ Su Mon Thant (၂၀၂၁) သည် အာဏာသိမ်းမှု ဆန့်ကျင်ရေး လှုပ်ရှားမှု ကနဦးကာလများတွင် ပါဝင်ခဲ့သည့် လူငယ်များနှင့် အရည်အသွေးစံထား သုတေသနများပြုလုပ်ပြီး၊ အာဏာသိမ်းကြိုးပမ်းမှု ဖြစ်စဉ်နောက်ပိုင်း ထိုလူငယ်များ၏ ပါဝင်လှုပ်ရှားမှုကို နားလည် သဘောပေါက်ရန် လေ့လာခဲ့သည်[11]။ သူမ၏ သုတေသနပြုချက်အရ လက်ရှိလှုပ်ရှားမှုတွင် လူငယ်များ ပါဝင်ရခြင်း၏ အကြောင်းရင်းများမှာ လူမှုဖူလုံရေး (အလုပ်အကိုင်နှင့် ပညာရေးအပါအဝင်) လွတ်လပ်ခွင့်နှင့် အခြေခံ လူ့အခွင့်အရေးများကို ကန့်သတ်ချုပ်ချယ်ခြင်းနှင့် ၂၀၂၀ ရွေးကောက်ပွဲတွင် ၎င်းတို့၏မဲများကို လျစ်လျူရှုခြင်း အပေါ် ဒေါသဖြစ်ခြင်းတို့ကြောင့်ဖြစ်ကြောင်း သူမ၏ သုတေသနက ဖော်ပြသည်။ သူမသည် ဆန္ဒပြပွဲအတွင်း ပါဝင်ကြသော လူငယ်များ၏တောင်းဆိုချက်များနှင့် ဆန္ဒများအပေါ် အခြေခံ၍ လူငယ်များကို အစုအဖွဲ့ (၃) မျိုးအဖြစ် ကောက်ချက်ဆွဲယူသည်။ ၁) ဒီမိုကရက်များ – စစ်အာဏာရှင်စနစ်ကို အဆုံးသတ်ရန်နှင့် အရပ်သားအုပ်ချုပ်ရေးသို့ပြန်သွားရန် တောင်းဆိုသည့် လူငယ်အစုအဖွဲ့၊ ၂) ဖက်ဒရယ်ဝါဒီများ –လက်ရှိ အနေအထားဲ၌ ပြန်လည်ထူထောင်ရေးကို ငြင်းပယ်ပြီး ဖက်ဒရယ်ပြည်နယ်အသစ်ကို တောင်းဆိုသည့် အစုအဖွဲ့၊ နှင့် ၃) intersectionalists – လူသားအားလုံးအတွက် လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုတို့ကိုအာမခံသည့် ခိုင်မာသော ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုနိုင်ငံအဖြစ် တောင်းဆို သည့် လူငယ်များအစုအဖွဲ့။ ယေဘုယျ အားဖြင့် မည်သည့်အစုအဖွဲ့မှ စစ်အစိုးရနှင့် စေ့စပ်ညှိနှိုင်းရေးကို မလိုလားကြသလို မပြောင်းလဲသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ဆောင်နေသော အရပ်သားအစိုးရ ကိုလည်း လက်မခံကြပေ[12]။

Isabel Chew နှင့် Jangai Jap (2023)[13] တို့ ပြုစုရေးသားသည့် သုတေသနအစီရင်ခံစာတစ်စောင်တွင်လည်း အာဏာသိမ်းမှုနောက်ပိုင်း လူငယ်ရေးရာများနှင့်ပတ်သတ်၍ ရေးသားမှတ်တမ်းတင်ထားသည့် အရေးပါသည့် စာတမ်း

တစ်ခုဖြစ်ပြီး ထိုအစီရင်ခံစာတွင် စစ်တပ်၏ တရားမဝင်အာဏာသိမ်းမှုအပြီး မြန်မာနိုင်ငံရှိ အမျိုးသားရေးလက္ခဏာနှင့် နိုင်ငံသားဖြစ်မှုဆိုင်ရာ လူငယ်များ၏သဘောထားအမြင်များ မည်သို့ပြောင်းလဲ သွားသည်ကို ဆန်းစစ်ခြင်းဖြစ်သည်။ ၎င်းတို့၏ သုတေသနတွင် ပါဝင်ခဲ့ကြသော လူငယ်အများစုသည် အမျိုးသားရေးလက္ခဏာနှင့် တိုင်းရင်းသားလူနည်းစု များနှင့် ရိုဟင်ဂျာလူမျိုးများအပေါ် အပြုသဘောဆောင်သော သဘောထားအမြင်များ ပိုမိုရှိလာကြပြီး ၎င်းတို့၏ သုတေသနတွင် ပါဝင်ခဲ့ကြသော အသက်ရွယ်ကြီးသူများသည် ရှေးရိုးဆန်သော အမြင်များ ပိုမိုရှိကြကြောင်း ၎င်းတို့၏ တွေ့ရှိချက်များအရ သိရသည်။ အစီရင်ခံစာတွင် လူငယ်များက မြန်မာရိုဟင်ဂျာတို့နှင့် ပတ်သက်၍ မည်ကဲ့သို့ ရှုမြင်သည်ကို ဖော်ပြရာတွင် “ရိုဟင်ဂျာများသည် မြန်မာ့လူ့အဖွဲ့အစည်း၏ အရေးကြီးသော အစိတ်အပိုင်း ဖြစ်ပြီး ၎င်းတို့၏ နိုင်ငံသားဖြစ်ခွင့်ကို ပံ့ပိုးပေးကြသည်”[14]ဟု ဖော်ပြရေးသားထားသော်လည်း ရိုဟင်ဂျာတို့အပေါ် လူမှုရေးအရ နှင့် မြန်မာနိုင်ငံ၏ တရားဝင် တိုင်းရင်းသား မျိုးနွယ်စုများထဲက တစ်ခုအဖြင့် လက်ခံပေးနိုင်ခြင်းနှင့် ပတ်သက်၍ လက်တွေ့ကျသော မေးခွန်းများထုတ်ရန် ရှိနေသေးသည်။ International Crisis Group (2023) မှ ပြုလုပ်သော လေ့လာမှုတွင်တခုတွင် မြန်မာနိုင်ငံ၏ နွေဦးတော်လှန်ရေးသည် ကျား၊မနှင့် အသက်အရွယ်အတားအဆီးများကို ချိုးဖျက်ပြီး လူငယ်နှင့် အမျိုးသမီးများ ပိုမိုပါဝင်နိုင်စေမည့် နိုင်ငံရေးအခင်းအကျင်းသစ်တစ်ရပ် ဖန်တီးနိုင်ပုံကို အကျယ်တဝင့် ဆွေးနွေးသုံးသပ်ထားသည်[15]။ သို့သော် “အသက်အရွယ်နှင့် ကျား၊မ စံနှုန်း စိန်ခေါ်မှုအရှိန်အဟုန်သည် အကန့်အသတ်တခုအတွင်း၌သာ ဖြစ်တည်နေနိုင်သေးသည်[16]” ဟုလည်း မှတ်ချက်ပြုထားသည်။ လူငယ်များ၊ အထူးသဖြင့် အမျိုးသမီးများ သည် နိုင်ငံရေးနှင့် ဒီမိုကရေစီ ခုခံရေး လှုပ်ရှားမှုများတွင် အင်တိုက်အားတိုက် ပါဝင်နေကြသော်လည်း နိုင်ငံရေး ဦးဆောင်မှုများတွင်တော့ ဖယ်ကျဉ်ထားခြင်းကို ဆက်လက် ခံထားရဆဲဖြစ်သည်။ အမျိုးသားညီညွတ်ရေး အစိုးရ (National Unity Government (NUG))၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံ ကောင်စီ (National Unity Consultative Council (NUCC)[17] နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) တို့တွင် ခေါင်းဆောင်မှုအခန်းကဏ္ဍနှင့် စပ်လျဉ်း၍ လူငယ်များကို ကိုယ်စားပြုပါဝင်သည့် လူငယ်ခေါင်းဆောင်းများ နည်းပါးနေသော်လည်း လူငယ်များသည် အာဏာသိမ်းစစ်တပ်အဆက်ဆက်ကို ဆန့်ကျင်သည့် တော်လှန်ရေးလှုပ်ရှားမှုများ ခေတ်အဆက်ဆက် တလျှောက်လုံးတွင် အမြဲပါဝင်ခဲ့ကြသည့်အတိုင်း ဆက်လက်၍ ကြိုးပမ်းပါဝင်ဆောင်ရွက်လျှက် ရှိနေကြသည်။

## ၁.၂။ ဤသုတေသနစစ်တမ်း၏ ရည်ရွယ်ချက်များ

အကြမ်းမဖက်သောလှုပ်ရှားမှု (သပိတ်များ၊ ဆန္ဒပြမှုများ၊ အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)နှင့် သပိတ်မှောက်မှုများ)မှအစ လူငယ်များ၏ပူးပေါင်းပါဝင်မှုသည် တော်လှန်ရေး၏ အဓိကမောင်းနှင်အားများထဲမှ တစ်ခု ဖြစ်သည်။မြန်မာ့နွေဦးတော်လှန်ရေးတွင် လူငယ်များ၏ပါဝင်မှုကို အထောက်အကူဖြစ်စေသည့် အရင်းခံ အကြောင်းတရားများကို နားလည်ရန်လိုအပ်ပြီး ၎င်းတို့၏ ပါဝင်မှုပုံစံများသည် စစ်တပ်က မအောင်မြင်ခဲ့သည့် အာဏာမှုအပြီး နှစ်နှစ်အတွင်း မည်သို့ပြောင်းလဲသွားသည်ကို နားလည်ရန် လိုအပ်ပါသည်။ ဤအစီရင်ခံစာသည် မြန်မာ လူငယ်ထု၏ နည်းဗျူဟာများနှင့် ဒီမိုကရေစီ ခုခံရေး လှုပ်ရှားမှုများတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ဆန်းစစ်နိုင်ရန် ကြိုးပမ်းထားခြင်းဖြစ်သည်။ ထို့အပြင် ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံတွင် နှစ်ပေါင်း များစွာဖြစ်ပွားနေသည့် နိုင်ငံရေးပြဿနာများ၏ အကြောင်းရင်းများကို လူငယ်များအနေဖြင့် မည်ကဲ့သို့ နားလည်သဘောပေါက်ထားကြသည်ကို သိရှိလေ့လာနိုင်ရန်အပြင် လူငယ်များမျှော်မှန်းသည့် အနာဂတ် နိုင်ငံပုံစံကို ဤအစီရင်ခံစာအတွင်းတွင် ပြုစုရေးသားနိုင်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် ဤအစီရင်ခံစာတွင် လူငယ်များ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများသည် နိုင်ငံရေးဖြစ်စဉ်အပေါ် အဘယ်အကြောင်းအရာများ ကြောင့် အရေးကြီးပြီး ၎င်းတို့၏ ပါဝင်မှုများကို မည်ကဲ့သို့ ပိုမိုခိုင်မာအောင် လုပ်ဆောင်သွားရမည်ကို လေ့လာ ဆွေးနွေးတင်ပြသွားရန် ရည်ရွယ်ပါသည်။

ဤသုတေသန၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် အာဏာသိမ်းစစ်တပ်ပြီးနောက်ပိုင်းတွင် လူငယ်များ၏ အခက်အခဲ ရုန်းကန်ရမှုများ၊ ပေးဆပ်အနစ်နာခံမှုများနှင့် မျှော်ရည်မှန်းချက်များကို ထင်ဟပ်ဖော်ထုတ်နိုင်ရန် ဖြစ်သည်။
အထူးသဖြင့် -

(၁)။ လူငယ်များ၏ အခန်းကဏ္ဍ၊ တော်လှန်ရေးတွင် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုနှင့် ပါဝင်ဆင်နွှဲရန် အတွက် လူငယ်များ၏ တွန်းအားများကို နားလည်ရန်။

(၂)။ လက်ရှိ လူငယ်များအသုံးပြုနေသည့် မဟာဗျူဟာများကို၊ လူငယ်များကြုံတွေ့ခဲ့ရသည့်/နေရသည့် စိန်ခေါ်မှုများကို နားလည်ရန်နှင့် တော်လှန်ရေးတွင် ၎င်းတို့၏ ကြိုးစားအားထုတ်မှုများနှင့် အနစ်နာခံမှု များကို မှတ်တမ်းတင်ရန်။

(၃)။ လူငယ်များ၏ နိုင်ငံရေးမျှော်မှန်းချက်ပန်းတိုင်များနှင့် အနာဂတ်တိုင်းပြည်တည်ဆောက်မှုအတွက် ၎င်းတို့၏အမြင်သဘောထားများကို နားလည်နိုင်ရန် နှင့်

(၄)။ လူငယ်များ၏ တန်ဖိုးထားမှုများ၊ မျှော်လင့်ချက်များနှင့် ဆန္ဒသဘောထားများကို အခြေခံ၍ တော်လှန်ရေးတွင် အဓိကဦးဆောင်သူ ခေါင်းဆောင်အသီးသီးများထံသို့ လူငယ်ဦးဆောင်မှုဆိုင်ရာ မူဝါဒများနှင့် သက်ဆိုင်သော အရေးပါသည့် အကြံပြုချက်များကို ရေးသားပေးပို့နိုင်ရန်။

# အခန်း (၂) သုတေသနနည်းစနစ် နှင့် နမူနာလူဦးရေအချိုးအစား

## ၂.၁။ သုတေသန နည်းစနစ်


ဤလေ့လာမှုသည် မြန်မာ့နွေဦးတော်လှန်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍကို ဆန်းစစ်ရန် အရည်အသွေးစံထားနှင့် အရေအတွက်စံထား သုတေသနနည်းစနစ် နှစ်ခုလုံးပါဝင်သော ပေါင်းစပ် သုတေသနနည်းစနစ်ကို အသုံးပြုထားသည်။ အရည်အသွေးစံထား သုတေသနကဏ္ဍတွင် မူလ အချက်အလက်များ ကောက်ယူမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အဓိကသတင်းပေးသူအင်တာဗျူးများ (KIIs) အတွဲလိုက်အပြင်၊ သက်ဆိုင်ရာ တစ်ဆင့်ခံအချက်အလက် ဇစ်မြစ်များကို စာရွက်စာတမ်းများမှတစ်ဆင့် ပြန်လည်သုံးသပ်ခြင်းလည်းပါဝင်ပါသည်။ အရေအတွက်စံထားသုတေသနကဏ္ဍတွင် လူငယ်များ၏ ပူးပေါင်းပါဝင်မှု အရင်းခံအချက်များ၊ ၎င်းတို့ကြုံတွေ့ရသည့် စွန့်စားရမှုများနှင့် စိန်ခေါ်မှုများ၊ ၎င်းတို့ အသုံးပြုသော တက်ကြွ လှုပ်ရှားမှုနှင့် မဟာဗျူဟာအပြောင်းအလဲများ၊ မြန်မာနိုင်ငံအနာဂတ်အတွက် ၎င်းတို့၏အမြင် သို့မဟုတ် မျှော်မှန်းချက်များကို နားလည်ရန်ရည်ရွယ်ချက်ကို အထောက်အပံ့ပေးမည့် စစ်တမ်းနည်းလမ်းတစ်ခုလည်း ပါဝင်ပါသည်။

အရည်အသွေးစံထားသုတေသနအတွက် အင်တာဗျူးတွင်ပါဝင်မည်သူများကို ရွေးချယ်ရန် ချိတ်ဆက် ဆင့်ပွားစနစ် (snowball) နှင့် ကွန်ရက်ချိတ်ဆက်ထားသော မော်ဒယ်များရောနှောအသုံးပြုကာ ဖြစ်တန်ခြေ နည်းသော (non-probability) နမူနာစစ်ဆေးသည့် နည်းဗျူဟာစနစ်ကို ကျင့်သုံးထားပါသည်။ အရေအတွက် စံထား သုတေသနစစ်တမ်းဖောင်ကို မြန်မာနိုင်ငံတစ်ဝှမ်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ လူငယ်များအား ဖြန့်ဝေပေးခဲ့ပြီး၊ အဆိုပါ လူငယ်များသည် ၎င်းတို့၏ လူငယ်ကွန်ရက်များသို့ စစ်တမ်း ဖောင်အား ဆက်လက်မျှဝေ ပေးသည့် ဆက်သွယ်ရေးလမ်းကြောင်းများ ဖြစ်လာခဲ့သည်။


### ၂.၁.၁။ အရည်အသွေးစံထားအချက်အလက် စုဆောင်းခြင်း

သုတေသနခေါင်းစဉ်၏ အကြောင်းအရာကို နက်ရှိုင်းစွာ သိမြင်နားလည်နိုင်စေရန်နှင့် အင်တာဗျူး ပါဝင်သူများအား ၎င်းတို့၏ကိုယ်ပိုင်အတွေ့အကြုံများကို ထင်ဟပ်စေမည့် အခွင့်အလမ်းများရရှိစေရန်၊ အကန့်အသတ်မဲ့ (open-ended) မေးခွန်းများပါရှိသော တစ်စိတ်တစ်ပိုင်းတည်ဆောက်ထားသည့် (semi-structured) အဓိကသတင်းပေးအင်တာဗျူးများ (KIIs) များကို အသုံးပြုခဲ့သည်။ အင်တာဗျူး မေးခွန်းများကို နွေဦးတော်လှန်ရေးတွင် ၎င်းတို့၏ပါဝင်မှု၊ ရန်းကန်မှု/အန္တရာယ်များ၊ စည်းလုံးညီညွတ်မှုနှင့် မတူကွဲပြားမှု၊ မျှော်မှန်းချက်/မျှော်လင့်ချက်များ စသဖြင့် ခေါင်းစဉ်ခွဲလေးခုဖြင့် ခွဲခြားမေးမြန်းထားသည်။ လူငယ်များ၊ တက်ကြွလှုပ်ရှားသူများနှင့် ကျွမ်းကျင်သူများ အပါအဝင် သက်ဆိုင်ရာပါဝင်ပက်သက်သူ စုစုပေါင်း (၃၅) ဦး အား Zoom အပလီကေးရှင်းမှတစ်ဆင့် ၂၀၂၂ ခုနှစ် ဇွန်လ (၂၈) ရက်နေ့မှ နိုဝင်ဘာလ (၁၁) ရက်နေ့ အထိ တွေ့ဆုံမေးမြန်းခဲ့ပါသည်။ KII အင်တာဗျူးတစ်ခုစီသည် အချိန် (၁) နာရီမှ (၁) နာရီ မိနစ် (၃၀) အကြား ကြာမြင့်ပါသည်။

မူလအစီအစဉ်သည် ဦးတည်အုပ်စုဆွေးနွေးပွဲ Focus Group Discussions (FGDs) တစ်ခုလျှင် အနည်းဆုံး ပါဝင်သူ သုံးဦးမှ လေးဦးကို စုစည်းမေးမြန်းရန်ဖြစ်သော်လည်း ဤစနစ်အား အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပါ။ အကြောင်းမှာ အင်တာဗျူးတွင် ပါဝင်သူများသည် ၎င်းတို့၏ လုံခြုံရေးဆိုင်ရာ စိုးရိမ် ပူပန်မှုများကြောင့် တစ်ဦးတည်း သို့မဟုတ် ၎င်းတို့၏ အခြားရင်းနှီးသူတစ်ဦးနှင့်သာ တွေ့ဆုံလိုသောကြောင့် ဖြစ်သည်။ ဒုတိယအချက်မှာ အင်တာနက်မတည်ငြိမ်မှု၊ ကွန်ယက်ချိတ်ဆက်မှုနှင့် အင်တာဗျူးတွင် ပါဝင်မည့် သူများ တစ်နေရာမှ တစ်နေရာသို့ ရွှေ့လျားခြင်းကြောင့် တွေ့ဆုံမည့် အချိန် ချိန်းဆိုရန် ခက်ခဲခြင်းများကြောင့် အခြားပါဝင်သူတစ်ဦးထက်ပိုသော ဆွေးနွေးမှုများကို အစဉ်တစိုက်ပြုလုပ်ရန် စိန်ခေါ်မှုဖြစ်စေခဲ့သည်။ နောက်ဆုံးတွင် အင်တာဗျူးတွင်ပါဝင်သူများနှင့် အဓိကသတင်းပေးအင်တာဗျူးများ (KIIs) ကိုသာ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ အရည်အသွေးစံထားသုတေသန အင်တာဗျူးဖြေဆိုသူများ၏ အချက်အလက်ပိုင်းခြား ချက်ကို ပုံ (၁) တွင် ပြထားသည်။




*ပုံ (၁)၊ အဓိကသတင်းပေးအင်တာဗျူးဖြေဆိုသူများ၏ ကျား/မ ကွဲပြားမှု (အရေအတွက် = ၁၃၇)*





*ပုံ (၂)၊ အဓိကသတင်းပေးအင်တာဗျူးဖြေဆိုသူများ၏ နေရာဒေသကွဲပြားမှု*

### ၂.၁.၂။ အရေအတွက်စံထားအချက်အလက် စုဆောင်းခြင်း


အရေအတွက်စံထားအချက်အလက်စုဆောင်းမှုတွင် Google Forms ဖြင့် ဖြန့်ဝေထားသော စစ်တမ်း မေးခွန်းလွှာတစ်ခု ပါဝင်ပြီး၊ အသက် (၁၆) နှစ်မှ (၃၅) နှစ်ကြား လူငယ်ဖြေဆိုသူ နမူနာ လူဦးရေ (၁၃၇) ဦးမှ ဖြေဆိုထားပါသည်။ အဆိုပါစစ်တမ်းတွင် အဓိကအားဖြင့် အကန့်အသတ်မဲ့ မေးခွန်းပေါင်း (၄၁) ခု နှင့် ရွေးချယ်စရာ တစ်ခုထက် ပိုမိုရွေးချယ်နိုင်သော မေးခွန်းများ ပါဝင်ပြီး၊ အကြောင်းအရာအလိုက် အပိုင်း (၄) ပိုင်းခွဲကာ မြန်မာဘာသာစကားဖြင့် စုစည်းမေးမြန်းထားသည်။ စစ်တမ်းကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ (၁၉) ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ (၂၈) ရက်အထိ ဖြန့်ဝေထားပြီး၊ လုံခြုံရေးအန္တရာယ်များနှင့် ထိတွေ့မှုနည်းပါးစေရန် အသုတ် (၃) သုတ်ဖြင့် (ပထမအသုတ်၊ ဒုတိယအသုတ်၊ တတိယအသုတ်) ဖြန့်ဝေကောက်ယူခဲ့သည်။ စစ်တမ်းအသုတ်တစ်ခုစီသည် နှစ်ပတ်ခန့်ကြာပြီးနောက်၊ သုတေသနအဖွဲ့သည် စစ်တမ်းလင့်ခ်ကိုပိတ်ကာ၊ လုံခြုံရေးအတွက် ရရှိလာသော အချက်အလက်များကို ဒေါင်းလုဒ်ပြုလုပ်ပါသည်။ ထို့နောက် နောက်ထပ် အသုတ်အတွက် စစ်တမ်းလင့်ခ်တစ်ခု ဖန်တီးပြီး စစ်တမ်းအချက်အလက်ကောက်ယူခြင်းကို ပြန်လည် စတင်ခဲ့သည်။ ထို့အပြင်၊ စစ်တမ်းဖြေဆိုသူများသည် စစ်တမ်းကိုဖြည့်စွက်စဉ် VPN ပလပ်ဖောင်းတစ်ခုခုကို အသုံးပြုရန် တောင်းဆိုခဲ့သည်။
စစ်တမ်းအဖြေစုစုပေါင်း (၁၄၇) ခုရရှိသည့်အနက် (၁၀) ခုသည် စစ်တမ်းကန့်သတ်ချက်များကို ကျော်လွန် သည့်အတွက် ဖယ်ရှားခဲ့သည်။ ဥပမာ သတ်မှတ် အသက်ကန့်သတ်ချက် ( ၁၈ နှစ် နှင် ၃၅ နှစ်ကြား အရွယ်) ကျော်လွန်ခြင်းနှင့် အဖြေမထည့်ထားသည့် အချက်အလက်များစသော အစွန်းထွက်အချက်အလက် များဖြစ်သည်။ နောက်ဆုံး နမူနာလူဦးရေ စုစုပေါင်း (၁၃၇) ဦး၏ အချက်အလက်များဖြစ်ပြီး၊ သုတေသနအဖွဲ့ အနေဖြင့် ဤအချက်အလက်များ၏ တိကျမှုနှင့် အရည်အသွေးကို ယုံကြည်စိတ်ချမှုရှိပါသည်။

ဤစစ်တမ်းတွင် အသက်အရွယ်အုပ်စုအားလုံးမှ လူငယ်များပါဝင်ခဲ့ကြပြီး၊ အသက်အုပ်စု (၂၁) - (၂၅) နှစ် ကြား လူငယ်ပါဝင်မှု ( ၃၂ ရာခိုင်နှုန်း)၊ အသက်အုပ်စု (၂၆) – (၃၀) နှစ်ကြား လူငယ်ပါဝင်မှု ( ၂၈ ရာခိုင်နှုန်း )၊ အသက်အုပ်စု (၃၁) – (၃၅) နှစ်ကြား လူငယ်ပါဝင်မှု ( ၂၃ ရာခိုင်နှုန်း ) နှင့် အသက်အုပ်စု (၁၆) – (၂၀) နှစ်ကြား လူငယ်ပါဝင်မှု ( ၁၈ ရာခိုင်နှုန်း ) စသဖြင့် အသီးသီးရှိသည်။ ပုံ (၃) ကိုကြည့်ရန်။





*ပုံ (၃)၊ စစ်တမ်းဖြေဆိုသူများ၏ အသက်အရွယ်အလိုက် ပိုင်းခြားမှု (အရေအတွက် = ၁၃၆)*

စစ်တမ်းဖြေဆိုသူ (၁၃၇) ဦးအနက် (၄၉) ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ပြီး ကျန် (၄၂) ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်သည်။ ဖြေဆိုင်သူများ၏ (၄) ရာခိုင်နှုန်းမှာ LGBTQ ဟု ဖော်ပြပြီး ကျန် (၅) ရာခိုင်နှုန်းကမူ ၎င်းတို့၏ လိင်သဘောထားအားဖော်ပြလိုခြင်းမရှိဟု တင်ပြထားသည်။





*ပုံ (၄) စစ်တမ်းဖြေဆိုသူများ၏ ကျား/မအလိုက် ကွဲပြားမှု*

ဤစစ်တမ်းတွင် စစ်တမ်းဖြေဆိုသူများ၏ အမြင့်ဆုံးရရှိခဲ့သည့် ပညာရေးအဆင့် အချက်အလက်များကို လည်း ကောက်ယူခဲ့သည်။ တက္ကသိုလ်အဆင့် ဘွဲ့ရလူငယ်များမှ (၃၁) ရာခိုင်နှုန်းဖြင့် အကြီးဆုံးအုပ်စု အဖြစ် ပါဝင်သည်။ ၎င်းတို့နောက်တွင် ဖြေဆိုသူ၏ (၂၇) ရာခိုင်နှုန်းမှာ တက္ကသိုလ်တက်နေဆဲ သို့မဟုတ် အာဏာသိမ်းမှုမဖြစ်ပါက တက္ကသိုလ်ဆက်လက်တက်နေမည့် ဘွဲ့ကြိုအဆင့်ဖြစ်ပြီး၊ အထက်တန်းကျောင်း ပြီးမြောက်ပြီး ကောလိပ်တက်ရန် ပြင်ဆင်နေသော အထက်တန်းကျောင်းသားအဆင့် (၂၁) ရာခိုင်နှုန်း တို့ ဖြစ်သည်။ ဖြေဆိုသူများ၏ (၁၀) ရာခိုင်နှုန်း ခန့်သည် ဘွဲ့လွန်ပညာရေးကို ပြီးမြောက်ကြောင်း ဖော်ပြထားပြီး၊ (၇) ရာခိုင်နှုန်းသည် ကျောင်းပြင်ပ ပညာရေးကို တက်ရောက်ကြောင်း တင်ပြကြသည်။ နောက်ဆုံး ဖြေဆိုသူများ၏ (၃) ရာခိုင်နှုန်းသည် အာဏာသိမ်းမှုမတိုင်မီ အလယ်တန်းကျောင်းသာ ပြီးမြောက်ခဲ့ကြောင်း ဖော်ပြထားသည်။ ပုံ (၄) ကိုကြည့်ရန်။




*ပုံ (၅)၊ စစ်တမ်းဖြေဆိုသူများ၏ ပညာရေးအဆင့်အတန်း ကွဲပြားမှု (အရေအတွက်=၁၃၇)*

ဤစစ်တမ်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၄) ခုမှ လူငယ်များ ပါဝင်ခဲ့ပြီး ရန်ကုန် (၂၂ ရာခိုင်နှုန်း) နှင့် ကရင်ပြည်နယ် (၂၁ ရာခိုင်နှုန်း) တို့က အချိုးအစားအများဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။ ယင်းနောက်တွင် ချင်းပြည်နယ် (၉ ရာခိုင်နှုန်း)၊ ရှမ်းပြည်နယ် (၈ ရာခိုင်နှုန်း)၊ ဧရာဝတီတိုင်းဒေသကြီး (၇ ရာခိုင်နှုန်း)၊နှင့် ပဲခူးတိုင်းဒေသကြီး (၆ ရာခိုင်နှုန်း) တို့ဖြစ်ကြသည်။ အခြားဖြေဆိုသူများမှာ ကျန်တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ အနှံ့အပြားမှ ပါဝင်ထားသည် (ပုံ-၆ ကိုကြည့်ရန်)။




*ပုံ (၆)၊ စစ်တမ်းဖြေဆိုသူများ၏ ဒေသအလိုက်ခွဲခြားမှု*

## ၂.၂။ လုံခြုံရေးဆိုင်ရာ သတိပြုချက်များ

COVID-19 ကပ်ရောဂါနှင့် နိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသော မတည်ငြိမ်မှုများကြောင့် KII အင်တာဗျူး အားလုံးကို လုံခြုံမှုရှိပြီး ထိုးဖောက်ရန်ခက်ခဲသည့် ဆက်သွယ်ရေးပလပ်ဖောင်းများမှတစ်ဆင့် လူချင်း ထိတွေ့မှုမရှိစေဘဲ ပြုလုပ်ခဲ့သည်။ ဤ KII အင်တာဗျူးများ လုပ်ဆောင်ရာတွင် ပါဝင်ဖြေဆိုသူ၏ ယုံကြည်မှု အတိုင်းအတာတစ်ခု လိုအပ်သောကြောင့်၊ သုတေသီများသည် မိမိတို့၏ သိကျွမ်းထားပြီးနှင့် ရင်းနှီးသော ကွန်ရက်များမှတစ်ဆင့်သာ အင်တာဗျူးများဖြေဆိုသူများနှင့် ချိန်းဆိုမှုများ ပြုလုပ်ထားသည်။ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့၏ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မှလည်း ပါဝင်ဖြေဆိုသူ အမြောက်အများကို ချိတ်ဆက်ထားပေးပါသည်။

အင်တာဗျူးမပြုလုပ်မီ သုတေသနရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များကို အင်တာဗျူးတွင် ပါဝင်သူများအား ရှင်းပြခြင်းနှင့် စစ်တမ်းဖြေဆိုသူများအား လုံခြုံရေးဆိုင်ရာသတိပြုချက်များကို ရှင်းပြခြင်းဖြင့် ဖြေကြားသူ အားလုံးထံမှ စစ်တမ်းတွင် ပါဝင်ရန်သဘောတူညီချက်ကို ရရှိထားသည်။ KII အင်တာဗျူးနှင့် စစ်တမ်း ဖြေဆိုသူ အားလုံးကို နာမည်အစစ်အစား

နာမည်ပြောင်များ အသုံးပြုရန်လည်း မိမိတို့မှ တိုက်တွန်း ထားသည်။ ဥပမာ၊ သီးခြားနေရာအမည်များ သို့မဟုတ် အဖွဲ့အစည်းအတွင်း တာဝန်ယူထားသော ရာထူး နေရာများစသဖြင့် လူပုဂ္ဂလ်အား ခွဲခြားသိမှတ်နိုင်သည့် လူဦးရေစာရင်းအချက်အလက်ကို မှတ်တမ်း တင်ထားခြင်း မရှိပါ။

အင်တာဗျူး ပြုလုပ်ပြီးနောက်တွင် အသံဖမ်းယူမှုများ၊ မှတ်စုများနှင့် ခွဲခြမ်းစိတ်ဖြာမှုအားလုံးကို လုံခြုံပြီး ကုဒ်ဝှက်ထားသော အချက်အလက်သိုလှောင်သည့်စနစ်များတွင် သိမ်းဆည်းထားသည်။ လုံခြုံရေး အကြောင်းပြချက်များနှင့် ဖြေဆိုပါဝင်သူများ အဆင်ပြေစေရန်အတွက်၊ အင်တာဗျူးများကို Zoom ပလပ်ဖောင်းပေါ်တွင် ပြုလုပ်ခဲ့ပြီး၊ ဖြေဆိုသူများအနေဖြင့် ၎င်းတို့၏ မည်သူမည်ဝါဖြစ်ကြောင်း ဖုံးကွယ်ထားခြင်း သို့မဟုတ် ၎င်းတို့၏မျက်နှာများမဖော်ပြထားခြင်းဖြင့် အမည်မဖော်ဘဲ ဖြေဆိုနိုင်သည်။ သို့မဟုတ် မေးခွန်းများဖြေချိန်တွင် အဆင်မပြေပါက အင်တာဗျူးမှ အချိန်မရွေး နှုတ်ထွက်သွားနိုင်ကြောင်း ဖြေဆိုသူများကိုလည်း အသိပေးထားသည်။ အရေအတွက်စံထား သုတေသနအတွက်၊ မိမိတို့သည် Signal နှင့် Viber ကဲ့သို့သော ကုဒ်ဝှက်ထားသော စာတိုပေးပို့ခြင်း အက်ပ်လီကေးရှင်းများမှတစ်ဆင့် စစ်တမ်းလင့်ခ်ကို ဖြန့်ဝေခဲ့သည်။ စစ်တမ်းတွင် ပါဝင်မှုနှင့် အဖြေများ၏ အတိမ်အနက်သည် ဖြေဆိုသူ၏ဆန္ဒသာ ဖြစ်သည်။ စစ်တမ်းမေးခွန်းများနှင့် ပတ်သက်၍ မလုံခြုံဟု ခံစားရသော အင်တာဗျူးဖြေဆိုသူနှင့် စစ်တမ်းဖြေဆိုသူအများအပြားသည် ဤသုတေသနတွင် ၎င်းတို့၏ ပါဝင်မှုကို ရုပ်သိမ်းခဲ့ကြသည်။

### ၂.၃။ လေ့လာမှု၏ကန့်သတ်ချက်များ

### ၂.၃.၁။ နယ်ပယ်

လက်ရှိမြန်မာနိုင်ငံ၏ လုံခြုံရေးအခြေအနေအရ လူငယ်စစ်တမ်းကို လူမှုကွန်ရက်အက်ပ် များမှတဆင့်လူသိရှင်ကြား ကြော်ငြာနိုင်ခြင်း မရှိသဖြင့် စစ်တမ်းဖြေဆိုမှုနှုန်းအား လျော့ကျသွားစေသည်။ သို့သော် စစ်တမ်း နှင့် KII အင်တာဗျူးများ အတွက် ဖြေကြားသူများ ထပ်မံရှာဖွေရာတွင် ချိတ်ဆက်ဆင့်ပွားစနစ် (snowball sampling method) ကဲ့သို့ မတူညီသော နည်းဗျူဟာများကို အသုံးပြုခြင်းဖြင့် ကန့်သတ်ချက်များကို ပြန်လည်ဖာထေး/ကုစားပေးနိုင်ခဲ့ပါသည်။


### ၂.၃.၂။ နမူနာနှင့် ကိုယ်စားပြုမှု

အွန်လိုင်းစစ်တမ်းများနှင့် ချိတ်ဆက်ဆင့်ပွားစနစ်၏ အားနည်းချက်တစ်ခုမှာ မိမိတို့၏ ကွန်ရက်ပြင်ပတွင် ရှိပြီး အင်တာနက်အသုံးပြုခွင့် အကန့်အသတ်ရှိသော သို့မဟုတ် ဖယ်ကျဉ်ခံအုပ်စုများ ( ဥပမာ ရိုဟင်ဂျာ အသိုင်းအဝန်းနှင့် ဝေးလံသော သို့မဟုတ် ပဋိပက္ခဒဏ်ခံရသောဒေသများမှ လူငယ်များ)၏ ကိုယ်စားပြုမှုကို လျော့နည်းခြင်းကို ဖြစ်စေနိုင်သည်။ ဥပမာအားဖြင့် ချင်းပြည်နယ်၊ ကရင်နီပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဖြစ်နိုင်ခြေရှိသော စစ်တမ်း ဖြေဆိုသူများထံ ဆက်သွယ်ရန် စိန်ခေါ်မှုများ ရှိခဲ့သည်။ ထို့ကြောင့် စစ်တမ်းသည် ဒေသဆိုင်ရာ ကိုယ်စားပြုမှုများနှင့် စပ်လျဉ်း၍ နမူနာအကန့်အသတ်များ ရှိနေနိုင်သည်။ ထို့အပြင် ပါဝင်ဖြေဆိုကြသည့် ပါဝင်သူ(နမူနာ)များသည် တက္ကသိုလ်ပညာရေးအဆင့်ရှိ လူငယ်များ၏ ကိုယ်စားပြုမှု ပိုမိုများပြား နေခဲ့သည်။

မြန်မာနိုင်ငံ၏ ဒေသအများအပြားတွင် အင်တာနက်မတည်ငြိမ်မှုများနှင့် အင်တာနက်ပြတ်တောက်မှု များကြောင့် မိမိတို့၏အင်တာဗျူးဖြေဆိုသူ အချို့သည် ၎င်းတို့၏ရေိယာတွင် အင်တာနက်ချိတ်ဆက်မှု အားနည်းခြင်းကြောင့် အင်တာဗျူး၏အစိတ်အပိုင်းအချို့တွင်သာ ပါဝင်နိုင်ခဲ့ကြသည်။ ထို့အပြင် သုတေသန ခေါင်းစဉ်၏ ထိခိုက်လွယ်သည့် အခြေအနေကြောင့်၊ အလားအလာရှိသော အရည်အသွေးစံထား တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူအချို့သည် (အထူးသဖြင့် ရခိုင်ပြည်နယ်မှ ဖြေဆိုသူများ) အင်တာဗျူးအတွက် ပြင်ဆင်ထားသော မေးခွန်းလွှာများကို ပြန်လည်သုံးသပ်ပြီး မိမိတို့၏ တွေ့ဆုံရန်တောင်းဆိုချက်ကို ပယ်ဖျက် လိုက်ပါသည်။ သို့သော်လည်း ကိန်းဂဏန်းများအရ တစ်ပြေးညီမဟုတ်သည့်တိုင် မိမိတို့၏ သုတေသနသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးနီးပါးထံမှ နမူနာများကို လက်ခံရရှိခဲ့ဖြစ်သည်။

## ၃.၁။ လှုပ်ရှားမှုအမျိုးအစား (အာဏာသိမ်းပြီး ကနဦးကာလများ)

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ မြန်မာစစ်တပ်က အာဏာသိမ်းရန် ကြိုးပမ်းမှုပြီး မကြာမီတွင် စစ်တပ် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ငြိမ်းချမ်းစွာဆန္ဒပြပွဲများ ပြုလုပ်ရန် နိုင်ငံတဝှမ်းရှိ အသက်အရွယ် အမျိုးအစားအားလုံးမှ လူထောင်ပေါင်းများစွာ ဆန္ဒအလျောက် လမ်းများပေါ်ထွက်ခဲ့ကြသည်။ လမ်းပေါ်ထွက် ဆန္ဒပြမှုများနှင့်အတူ လူငယ်များသည် စစ်တပ်အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြရန် လှုပ်ရှားမှုများစွာကို ပူးပေါင်းညှိနှိုင်းဆော်ရွက်ခဲ့ကြသည်။ စစ်တမ်းဖြေဆိုသူ (၁၃၄) ဦးအနက် အများစုသည် ၂၀၂၁ ခုနှစ် အစောပိုင်းကာလ အာဏာသိမ်းမှုဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် စတင်ပါဝင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့သည် လမ်းပေါ်ထွက်ဆန္ဒပြမှုများ၊ အာဏာဖီဆန်သည့် လှုပ်ရှားမှု (CDM)၊ စစ်တပ်အုပ်စုနှင့် အနွယ်ဝင်တို့၏ စီးပွားရေးလုပ်ငန်းများကို သပိတ်မှောက်ခြင်း၊ တော်လှန်ရေးအတွက် ရန်ပုံငွေရှာဖွေခြင်းနှင့် ပံ့ပိုးကူညီသည့်အဖွဲ့များ၊ အွန်လိုင်းသပိတ်မှောက်ခြင်း၊ အခွန်ပေးဆောင်ရန်ငြင်းဆန်ခြင်း စသည့် လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသည်။ အချို့က လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် ပူးပေါင်းကြပြီး လက်တစ်ဆုပ်စာ လူငယ်အချို့ကမူ ပုံ-၇ တွင်ပြထားသည့်အတိုင်း မပါဝင်ခဲ့ကြပေ။ အချက်အလက်များအရ လမ်းပေါ်ထွက်ဆန္ဒပြမှုများတွင် အမြင့်ဆုံးရာခိုင်နှုန်းမှာ (၆၇) ရာခိုင်နှုန်းရှိပြီး လူငယ်များသည် လမ်းပေါ်ထွက် ဆန္ဒပြပွဲများတွင် တက်ကြွစွာပါဝင်ကြောင်း တွေ့ရှိရသည်။ ဤအပိုင်းသည် နွေဦးတော်လှန်ရေးတွင် လူငယ်များ၏ ပါဝင်မှုပုံစံအမျိုးမျိုးနှင့် ၎င်းတို့ရင်ဆိုင်ခဲ့ရသည့် စွန့်စားမှုများနှင့် စွန့်လွှတ်အနစ်နာခံမှုများကို လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။




*ပုံ (၇)၊ စစ်တမ်းဖြေဆိုသူများ၏ အာဏာသိမ်းအစောပိုင်းကာလပါဝင်မှုများ*

## ၃.၂။ အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုတွင် လူငယ်များ၏ အခန်းကဏ္ဍ

နိုင်ငံရေး၊ လက်နက်ကိုင်နှင့် လက်နက်မဲ့တော်လှန်ရေး ကဏ္ဍအသီးသီးတွင် တက်ကြွစွာပါဝင်ခဲ့ကြသော နောက်ခံအမျိုးမျိုးမှ လူငယ်များသည် ယခုအခါ တော်လှန်ရေးလှုပ်ရှားမှု၏ ကဏ္ဍအများစုတွင် ပါဝင် လာကြသည်။ မိမိတို့၏ KII အင်တာဗျူးများအရ လူငယ်များသည် အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ပါဝင်သူ၊ စီစဉ်ဆောင်ရွက်သူ၊ စည်းရုံးရေးမှူးများ၊ ထောက်ပံ့ပို့ဆောင်ရေးသမားများနှင့် နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းများမှ ခေါင်းဆောင်များ စသဖြင့် နည်းလမ်းမျိုးစုံဖြင့် မတူညီသော အခန်းကဏ္ဍများမှ ပါဝင်ကြသည်။ ထို့ပြင် ပြည်တွင်းလက်နက်ကိုင်အဖွဲ့များမှစ၍ IDP စီမံခန့်ခွဲမှုကော်မတီများ၊ ပြည်တွင်း နှင့် နိုင်ငံတကာ သတင်းမီဒီယာများ၊ CSOs နှင့် NGO များ ၊ ပြည်တွင်းပြည်ပ နိုင်ငံရေးအဖွဲ့အစည်းများ ၊ သပိတ်အဖွဲ့များ၊ EAOs, NUG, CRPH အပါအဝင် ကဏ္ဍအသီးသီးမှ တော်လှန်ရေးအင်အားစု အများစုတွင် လူငယ်များကို ဗဟိုပြု ဆောင်ရွက်လျက်ရှိကြောင်း သိသာထင်ရှားသည်။ ယခင် အာဏာမသိမ်းခင်က လက်ရှိ လူငယ်မျိုးဆက်များအကြား ဖြစ်လေ့ဖြစ်ထမရှိသည့်၊ တော်လှန်ရေးသည် ဗမာလူမျိုးများနှင့် တိုင်းရင်းသား လူနည်းစုများကို စုစည်းကာ ၎င်းတို့၏ မတူကွဲပြားသောအယူဝါဒများကို မှုဝေဖလှယ်ရန် တွန်းအား ပေးခဲ့သည်။

စစ်တပ်အာဏာသိမ်းမှုမတိုင်မီက အစိုးရဝန်ထမ်းတစ်ဦးဖြစ်ခဲ့သည့် ချင်းပြည်နယ်မှ အသက် (၂၅) နှစ်အရွယ် လူငယ်အမျိုးသားတစ်ဦးက-

> *ကျွန်တော်က IDP စီမံခန့်ခွဲမှုကော်မတီ၊ ရန်ပုံငွေရှာဖွေရေးအဖွဲ့တွေ၊ လက်နက်ကိုင် အဖွဲ့တွေနဲ့ တခြားတိုင်းရင်းသားလူမျိုးစုတွေအပါအဝင် ကဏ္ဍအသီးသီးက အဖွဲ့တွေနဲ့ အတူလက်တွဲ အလုပ်လုပ်ပါတယ်။ Mindat Post မီဒီယာကို တည်ထောင်ပြီးနောက် ပြည်တွင်းပြည်ပ မီဒီယာများ အပြင် အခြားသော NGO အဖွဲ့အစည်းများအတွက်လည်း အလုပ်တွေ လုပ်ခဲ့ပါတယ်။ နောက်ခံ အမျိုးမျိုးမှ မတူညီတဲ့အဖွဲ့အစည်းတွေနဲ့ လက်တွဲ လုပ်ဆောင်ခြင်းအားဖြင့် ပေါင်းသင်းဆက်ဆံရေး၊ အဖွဲ့လိုက်လုပ်ဆောင်ခြင်း အစရှိတဲ့ ဘဝအတွေ့အကြုံတွေ အများကြီးရခဲ့ပါတယ်။* ”


စစ်ကိုင်းတိုင်းဒေသကြီးမှ အသက် (၂၅) နှစ်အရွယ် ဗမာအမျိုးသမီးတစ်ဦးကလည်း တော်လှန်ရေးအဖွဲ့ အမျိုးမျိုးနှင့် ဆက်ဆံရပုံကို ပြောပြသည်မှာ-

> *အထူးသဖြင့် ထောက်/ပို့အဖွဲ့တွေ အများကြီးနဲ့ တွဲလုပ်ရတယ်။ ကျွန်မ အခု လူငယ်ရေးရာမှာလည်း ဘုတ်အဖွဲ့ဝင်တစ်ယောက် ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ၊ ပညာရေး လုပ်သားတွေနဲ့ ကျွန်မတို့ ဒေသမှာရှိတဲ့ အရေးပါတဲ့ တော်လှန်ရေးဇာတ်ဆောင် အများစုနဲ့လည်း ပူးပေါင်း ဆောင်ရွက်နေပါတယ်။ NUG နဲ့ တခြားဌာနတွေနဲ့ ဆက်ဆံဖို့ ပြည်သူ့ဆက်ဆံရေးအရာရှိ အဖြစ်လည်း ဆောင်ရွက်ရပါတယ်။* ”

CDF အဖွဲ့ဝင်ဖြစ်သည့် ချင်းပြည်နယ်မှ အသက် (၂၃) နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောသည်မှာ-

> *အာဏာသိမ်းမှု မတိုင်ခင်က စည်ပင်သာယာရေးကော်မတီမှာ အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် မတ်လကစပြီး CDM မှာ ပါဝင်ခဲ့ပြီး မတူပီနဲ့ ဟားခါးမြို့နယ် တွေကို ထွက်ပြေးတိမ်းရှောင်ခဲ့ပါတယ်။ ဇွန်လမှာ စစ်တပ်က ဆန္ဒပြသူတွေကို အကြမ်းဖက် ဖြိုခွင်းတဲ့အခါ စစ်တပ်ကို တိုက်ခိုက်ဖို့ လက်နက်ကိုင်ဆောင်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ချင်းအမျိုးသား တပ်မတော် (CNA) စခန်းမှာ အခြေခံစစ်ရေးလေ့ကျင့်မှုကို သင်ယူခဲ့ပြီး CDF-ပလက်ဝ ဖွဲ့စည်းရေးမှာ ပါဝင်ခဲ့ပါတယ်။*

ဤသုတေသနစစ်တမ်းတွင် တော်လှန်ရေးကာလအတွင်း လူမှုရေးနှင့် နိုင်ငံရေးနယ်ပယ်များတွင် လူငယ်များ၏ အခန်းကဏ္ဍနှင့် သူတို့၏ ရပ်တည်ချက်ကို အကဲဖြတ် လေ့လာခဲ့သည်။ တော်လှန်ရေးတွင် လူငယ်များ၏ ပါဝင်မှုအဆင့်သည် သိသာထင်ရှားပါသည်။ ရန်ပုံငွေရှာဖွေခြင်းမှသည် ကာကွယ်ရေး တပ်ဖွဲ့များအထိ တော်လှန်ရေးလုပ်ရှားမှုအများစုတွင် လူငယ်ပါဝင်မှုကို တွေ့ရှိနိုင်သည်။ သံသယမရှိဘဲ၊ စစ်တမ်းရလဒ်အရ ဖြေဆိုသူ၏ (၃၁) ရာခိုင်နှုန်းက တော်လှန်ရေးကာလတွင် လူငယ်များ၏ ပါဝင် ပတ်သက်မှုမှာ “အလွန်မြင့်မားသည်” နှင့် ဖြေဆိုသူ၏ (၂၈) ရာခိုင်နှုန်းက “မြင့်မားသည်” စသဖြင့် အဆင့်များကို ရွေးချယ်ခဲ့ကြသည် (ပုံ ၈ ကိုကြည့်ရန်)။




*ပုံ (၈)၊ အာဏာသိမ်းဆန့်ကျင့်ရေးလှုပ်ရှားမှုတွင် လူငယ်ပါဝင်မှု၏အဆင့်များ*

### ၃.၃။ ဆိုရှယ်မီဒီယာနှင့် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုခြင်း

နွေဦးတော်လှန်ရေး၏ အထင်ကရအမှတ်အသားတစ်ခုမှာ စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေးလှုပ်ရှားမှု များတွင် ဆိုရှယ်မီဒီယာနှင့် ဒစ်ဂျစ်တယ်နည်းပညာများ တွင်ကျယ်စွာအသုံးပြုသည့် ဖန်တီးမှုနည်းလမ်း များပင် ဖြစ်သည်။ အတိုက်အခံလှုပ်ရှားမှုတွင် ဆိုရှယ်မီဒီယာကို တွင်တွင်ကျယ်ကျယ် အသုံးပြုခြင်းအားဖြင့် လူငယ်၏ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းမှုများတွင် အထောက်အကူဖြစ်စေသည်။ ဆိုရှယ်မီဒီယာသည်

မဟုတ်မမှန်သောသတင်းနှင့် သတင်းမှားများပျံ့နှံ့မှုကိုလည်း တိုက်ဖျက်ပေးသည်။ ဒစ်ဂျစ်တယ်နည်းပညာများသည် နွေဦးတော်လှန်ရေး၏ အမှတ်အသားတစ်ခုဖြစ်ပြီး၊ ၁၉၈၈ ခုနှစ် လူထုအုံ ကြွမှုနှင့် နှိုင်းယှဉ်ပါက အဓိကကွာခြားချက်ဖြစ်ကြောင်းနှင့် ၎င်းသည် အခွင့်အလမ်းသစ်များနှင့် စွန့်စားမှု အသစ်များ ဖြစ်ပေါ်လာစေကြောင်း ဖြေဆိုသူများမှ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက် ကြသည်။ ဒစ်ဂျစ်တယ်နည်းပညာကို အဓိကအသုံးပြုပြီး သတင်းအချက်အလက်ဖြန့်ဝေကြသည်။

စစ်ကိုင်းတိုင်း ဒေသကြီးမှ အသက် (၂၇) နှစ်အရွယ် လူငယ်တဦးက ပြောပြသည်မှာ-

> *သတင်းအချက်အလက်နည်းပညာနဲ့ အင်တာနက်လက်လှမ်းမီနိုင်မှုက မြန်မာပြည်တစ်ဝန်းက ပြည်သူတွေကို မြေပြင်မှာ ဘာတွေဖြစ်ပျက်နေလဲဆိုတဲ့ အမှန်တရားကို သိမြင်စေပါတယ်။ အသင်းအဖွဲ့ဖွဲ့စည်းရာမှာ သို့မဟုတ် တော်လှန်ရေးအဖွဲ့များကြားရည်မှန်းချက်တွေရရှိအောင် အတူတကွပူးပေါင်းကြတဲ့အချိန်တွေမှာ ဆက်သွယ်ရေးနှင့်မှန်ကန်သော သတင်း အချက်အလက်များကို လက်လှမ်းမီနိုင်စေရန် အထောက်အကူပေးပါတယ်။ ဒါက ၁၉၈၈ အရေးအခင်းနဲ့ယှဉ်ရင် မတူတဲ့အချက်ဖြစ်ပြီး တော်လှန်ရေးလှုပ်ရှားမှုကိုပိုမိုအားကောင်းစေပါတယ်။* ”

လူငယ်များသည် ပညာရေးလုပ်ငန်းများကို ပံ့ပိုးပေးရန်အတွက်လည်း ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုခဲ့ကြသည်။ အာဏာသိမ်းမှုနှင့် CDM လှုပ်ရှားမှုကြောင့် ပညာရေးဝန်ထမ်းများ လုပ်ငန်းခွင်တွင် မရှိခြင်းကြောင့် ကျောင်းပညာရေးဆိုင်ရာ လုပ်ရိုးလုပ်စဉ်များ ဆိုးရွားစွာထိခိုက်ခဲ့သည်။ ဤကဲ့သို့ယိုယွင်း လစ်ဟာနေသော ပညာရေးကဏ္ဍကို ဒစ်ဂျစ်တယ်နည်းပညာအသစ်ဖြင့် ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ အာဏာသိမ်းပြီးနောက် အထက်တန်းကျောင်းသား/သူ အများအပြားသည် CDMလှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး ကျောင်းဆက်မတက်ကြပါ။ သို့သော် ၎င်းတို့သည် လက်နက်ကိုင်တော်လှန်ရေးကဲ့သို့သော ကာလရှည်ကြာ အိမ်မှထွက်ခွာပြီး ဆောင်ရွက်ရသည့် လှုပ်ရှားမှုများတွင်ပါဝင်ရန် အလွန်ငယ်ရွယ်သေးရာ၊ သူတို့သည် ပညာရေးကို ဆက်လက် လက်လှမ်းမီရန် အခြားသူများနှင့် ချိတ်ဆက်ကြိုးစားခဲ့ကြသည်။ ဤ အကျပ်အတည်းကာလအတွင်း ကလေးငယ်များ၏ ပညာသင်ကြားခွင့်ကို ဆက်လက်တည်တံ့စေရန်အတွက် လူငယ်များသည် နည်းပညာနှင့် ဆန်းသစ်သောနည်းဗျူဟာများကို အသုံးပြု၍ အွန်လိုင်းသင်ကြားရေး ပလပ်ဖောင်းများ ဖန်တီးလာခဲ့ကြသည်။

IDP အသိုက်အဝန်းအတွက် ကြားကာလပညာရေးကို ပံ့ပိုးပေးနေသည့် ချင်းပြည်နယ်မှအမျိုးသမီးငယ်တစ်ဦးက မှတ်ချက်ချသည်မှာ -

> *ကျွန်မကတော့ မြေပြင်မှာ ပညာရေးအတွက် အလုပ်လုပ်နေတဲ့ သူငယ်ချင်းတွေကို ဆက်ပြီး လုပ်နိုင်ဖို့ ပံ့ပိုးပေးပါတယ်။ သူတို့ဟာ ထမင်းနပ်မှန်အောင် မစားရရင်တောင်မှဘဲ ကလေးတွေကို စာသင်ပေးနေကြတယ်။ ကျွန်မကတော့ ကလေးတွေ အထူးသဖြင့် ဆယ်ကျော်သက်တွေ သင်ယူမှုနဲ့ ပညာရေးနှင့် အဆက်မပြတ်မိဖို့ဘဲ မျှော်လင့်ပါတယ်။ ဒီအချိန်ဟာလည်း သူတို့အတွက် ခက်ခဲတဲ့ အချိန်ပါပဲ။* ”

စစ်ကိုင်းတိုင်းဒေသကြီးမှ လူငယ် အမျိုးသမီးတစ်ဦးက ဆိုရှယ်မီဒီယာသည် လူငယ်များအား နိုင်ငံတစ်ဝှမ်းနှင့် ချိတ်ဆက်နိုင်စေခြင်း၊ လူငယ်နှင့်သက်ဆိုင်ရာသည့် အရင်းအမြစ်များကို ရယူရန် ကူညီသည့် နည်းလမ်းသစ်များ ဖြစ်လာကြောင်း မှတ်ချက်ချခဲ့သည်။

> *လူငယ်တွေမှာ အသိပညာ ဗဟုသုတတွေအပြင် အချိန်တွေလည်း ပေးနိုင်ကြတယ်။ ဆိုရှယ်မီဒီယာက သူတို့ကြား ချိတ်ဆက်နိုင်စေတယ်။*

ဆိုရှယ်မီဒီယာသည် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ (IDPs)၊ ထောက်ပံ့ပို့ဆောင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေးနှင့် ကာကွယ်ရေး အပါအဝင် တော်လှန်ရေးအဖွဲ့များ၏ ရန်ပုံငွေရှာဖွေရေး ကဏ္ဍများတွင် အရေးပါသောအခန်း ကဏ္ဍမှ ပါဝင်ခဲ့သည်။ Facebook ကဲ့သို့သော ဆိုရှယ်မီဒီယာ ပလက်ဖောင်းများမှတစ်ဆင့် လူငယ်များသည် ပိုမိုကျယ်ပြန့်သော လူထုထံသို့ ရောက်ရှိနိုင်ပြီး ပြည်တွင်း ပြည်ပမှ ပံ့ပိုးကူညီမှုများ ရရှိနိုင်ခဲ့ကြသည်။ လူထုမှစုပေါင်းထည့်ဝင်သည့် ရန်ပုံငွေလှုပ်ရှားမှုများနှင့် အွန်လိုင်း လှူဒါန်းမှု ပလပ်ဖောင်းများကဲ့သို့သော ရန်ပုံငွေ ရှာဖွေသည့် နည်းလမ်းအမျိုးမျိုးဖြင့် အလှူငွေများကို စုဆောင်းနိုင်ခဲ့သည်။ ထို့အပြင်၊ ဆိုရှယ်မီဒီယာသည် ပြည်သူများလှူဒါန်းထားသော ရန်ပုံငွေများအား မည်သို့အသုံးပြုပုံနှင့် ပတ်သက်သော အချက်အလက်များကို တင်ပြခြင်းဖြင့် အလှူရှင်များကို ပွင့်လင်း မြင်သာမှုနှင့် တာဝန်ခံမှုရှိစေရေး ရှိနေစေရန် ကူညီပေးထားသည်။ ချင်းပြည်နယ်မှ အသက် (၂၅) နှစ် အရွယ် လူငယ်တစ်ဦးကလည်း ရန်ပုံငွေရှာဖွေခြင်းလုပ်ငန်းများတွင် ဆိုရှယ်မီဒီယာကို အသုံးပြုကြောင်း ဖော်ပြခဲ့သည်။

> *ထောင်ကလွတ်ပြီးတဲ့ နောက်မှာတော့ အထူးသဖြင့် ရန်ပုံငွေရှာဖွေရေးအဖွဲ့နဲ့ IDP ကော်မတီတွေမှာ ထပ်ပါဝင်ခဲ့တယ်။ ကျနော်က IDP ကော်မတီရဲ့ အတွင်းရေးမှူးတစ်ယောက်ဖြစ်ပြီး IDP တွေရဲ့ နေရထိုင်ရေး၊ စားနပ်ရိက္ခာ၊ ပညာရေးနဲ့ ကျန်းမာရေးစတဲ့ အခက်အခဲတွေကို ကူညီထောက်ပံ့ဖို့ အတွက် ဆိုရှယ်မီဒီယာကနေတဆင့် အလှူရှင်တွေနဲ့ ရန်ပုံငွေတွေ ရှာဖွေခဲ့ပါတယ်။*

ထို့အပြင် ဆိုရှယ်မီဒီယာသည် အာဏာသိမ်းဆန့်ကျင်ရေး လှုပ်ရှားမှုများအကြောင်း သတင်း အချက်အလက်များကို မျှဝေရန်နှင့် တော်လှန်ရေး၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုများကို မျှဝေရန် လူငယ်များအတွက် လမ်းကြောင်းတစ်ခု ဖြစ်လာခဲ့သည်။ ဆိုရှယ်မီဒီယာ ပလက်ဖောင်းများမှတစ်ဆင့် လူငယ်များသည် အသံတိတ်သပိတ်မှောက်ခြင်း၊ ရုပ်အနက်ရောင် လှုပ်ရှားမှုများ၊ ပရိဖိုင်းအမဲလှုပ်ရှားမှုများ နှင့် အခြားများစွာသော အာဏာသိမ်းမှုဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်နိုင်ရန် လှုံ့ဆော်နိုင်ခဲ့သည်[18]။ လူငယ်များ၏ ဆိုရှယ်မီဒီယာနှင့် နည်းပညာများ အသုံးပြုနိုင်ခြင်းက တော်လှန်ရေး လှုပ်ရှားမှုတစ်လျှောက် လူငယ်များအပေါ် လေးစားမှုနှင့် လူထုအပေါ် ဩဇာလွှမ်းမိုးနိုင်မှုကို အတိုင်းအတာတစ်ခုအထိ ရရှိစေသည်[19]။ အတွေ့အကြုံရှိပြီးဖြစ်သော တက်ကြွလှုပ်ရှားသူများသည် လူငယ် လုပ်ဖော်ကိုင်ဖက်များ၏ တော်လှန်ရေးအပေါ် ပါဝင်ပုံနှင့် တော်လှန်ရေးကို ၎င်းတို့ယူဆောင်လာသည့် နည်းလမ်းများ၊ ကိရိယာများဖြင့် ပုံသွင်းပုံကို ချီးကျူးကြသည်[20]။ အထူးသဖြင့်၊ လူငယ်တက်ကြွလှုပ်ရှားသူများ၏ နည်းပညာအသုံးပြု၍ ပညာရေး စတင်အစပျိုးမှုများသည်

တော်လှန်ရေးဇာတ်ဆောင်များမှ သိသာထင်ရှားသော ယုံကြည် စိတ်ချမှုများကို ရရှိစေပြီး လူငယ်များ၏ စွမ်းရည်ကို မီးမောင်းထိုးပြနိုင်ခဲ့သည်[21] ။

သို့သော်လည်း ဆိုရှယ်မီဒီယာသည် လူငယ်များအတွက် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များကို ယူဆောင် လာပေးသည်။ ဆိုရှယ်မီဒီယာကို အသုံးပြု၍ အွန်လိုင်းမှ လှုပ်ရှားမှုများဆောင်ရွက်ခြင်းနှင့် ထိုလှုပ်ရှားမှုများကို မှတ်တမ်းတင်ခြင်းများသည် စစ်အာဏာရှင်အစိုးရမှ အလွယ်တကူခြေရာခံရန် အသုံးပြုသည့် အရာများ ဖြစ်လာနိုင်သည်။ ဥပမာအားဖြင့် အွန်လိုင်းမှတဆင့် တည်နေရာများဖော်ပြခြင်း geotaging၊ ဓာတ်ပုံများ၊ မြေပုံများ၊ အဖြစ်အပျက်များ၊ မက်ဆေ့ချ်များနှင့် အခြားအရာများမှတဆင့် လူငယ်များ၏ နိုင်ငံရေး အယူအများ၊ တည်နေရာများ၊ လှုပ်ရှားမှုများနှင့် ထိုလှုပ်ရှားမှားအားကြည့်ရှုသည့် ကြည့်ရှုသူစာရင်း အရေအတွက် စသည့်အချက်အလက်များကို စစ်ကောင်စီဘက်မှ ခြေရာခံနိုင်သည့်အရာများ ဖြစ်လာပါ သည်။ စစ်ကိုင်းတိုင်းဒေသကြီးမှ သပိတ်ကော်မတီဝင် အသက် (၂၅) နှစ် အရွယ် အမျိုးသားတစ်ဦးက ပြောဆိုချက်အရ-

> *သူတို့က ကျွန်တော့်ဖေ့စ်ဘွတ်ခ်စာမျက်နှာကို စောင့်ကြည့်တယ်။ ဒါက ကျွန်တော့်မိသားစုအပေါ် အများကြီးသက်ရောက်မှုရှိပြီး သူတို့ကို မလုံခြုံစေပါဘူး။ ဒါ့ကြောင့် ကျွန်တော့် ဆိုရှယ်မီဒီယာပို့စ်တွေကို ကျွန်တော် ပိုသတိထားလာခဲ့တယ်။* ”

KII အင်တာဗျူးများတွင် ဆိုရှယ်မီဒီယာအသုံးပြုမှု ပက်သက်ပြီး အခြားအသုံးပြုပုံများကိုလည်း တင်ပြ ကြသည်။

- သတင်းအချက်အလက်နှင့် နောက်ဆုံးအခြေများတင်ပြခြင်း။ ဆိုရှယ်မီဒီယာသည် လူငယ်များ၊ ပြည်သူလူထုနှင့် နိုင်ငံရေးခေါင်းဆောင်များကို ပေါင်းကူးပေးသည့် တံတားတစ်ခုဖြစ်လာသည်။ စစ်အာဏာရှင်များသည်လည်း ၎င်းတို့၏ သဘောထားများကို မီဒီယာများမှတဆင့်ဖြန့်ဝေပြီး၊ လူထုမှထောက်ခံအားပေးရန် ဝါဒဖြန့်ခြင်းနှင့် သတင်းအတုများကို ဖြန့်ဝေရန် ဆိုရှယ်မီဒီယာကို အသုံးပြုလာသည်။
- ကမ္ဘာလုံးဆိုင်ရာထိတွေ့ဆက်ဆံမှု။ မြန်မာလူငယ်များသည် ကမ္ဘာလုံးဆိုင်ရာ တက်ကြွလှုပ်ရှားမှု ကွန်ရက်ကြီးမှ နိုင်ငံတကာတက်ကြွလှုပ်ရှားသူအုပ်စုများနှင့် နိုင်ငံတကာပါဝင်ပတ်သက်သူများ နှင့် ချိတ်ဆက်ရန်၊ မဟာဗျူဟာများနှင့် အတွေ့အကြုံများကို လေ့လာရန်၊ အထောက်အပံ့များ ရှာဖွေရန်နှင့် နိုင်ငံ၏လက်ရှိအခြေအနေကို သတိပြုမိစေရန်အတွက် ဆိုရှယ်မီဒီယာကို အသုံးပြုခဲ့သည်။
- လက်နက်ကိုင်စစ်ဆင်ရေး။ လူငယ်များသည် အဆိုပါ ဆက်သွယ်ရေးပလက်ဖောင်းများကို အသုံးပြုပြီး လက်နက်ကိုင်တော်လှန်စစ်ဆင်ရေးနှင့် လေ့ကျင့်ရေးများတွင် နည်းဗျူဟာပိုင်းနှင့်အဆင့်မြင့်နည်းပညာများ ဥပမာ- ဒရုန်းအကြောင်းများ မိတ်ဆက်ခြင်း၊ ပိုမိုကြီးမားသော ဖောက်ခွဲရေးပစ္စည်းများ တီထွင်ခြင်း သို့မဟုတ် စစ်အာဏာရှင်အစိုးရနှင့် တိုက်ပွဲများအတွက် ပိုမိုရှုပ်ထွေးသော အမြောက်စနစ်များ ဖော်ဆောင်ခြင်း စသဖြင့် ဆွေးနွေးခဲ့ကြသည်။

### ၃.၄။ တော်လှန်ရေးလှုပ်ရှားမှုတွင် ပါဝင်လာရသည့် တွန်းအားများ (စေ့ဆော်မှုအကြောင်းရင်းများ)

လူငယ်များသည် စိတ်ခံစားချက်လှုံ့ဆော်မှုများစွာဖြင့် တော်လှန်ရေးလှုပ်ရှားမှုများတွင် ပြင်းပြင်းထန်ထန် ပါဝင် ခဲ့ကြသည်။ KII အင်တာဗျူး တွေ့ဆုံမေးမြန်းမှုများတွင် စစ်တပ်၏ မတရားအာဏာသိမ်းမှုကို ရိုးရိုးရှင်းရှင်း ဆန့်ကျင်လိုသည့် စိတ်ခံစားချက်လှုံ့ဆော်မှုမှစ၍ တိုက်ရိုက်အကျဆုံးအနေဖြင့် စိတ်ပိုင်းဆိုင်ရာ ဒေါသထွက်ခြင်း စသဖြင့် တော်လှန်ရေးတွင် ပါဝင်ခြင်းအကြောင်းရင်းများစွာကို ထုတ်ဖော် ပြသခဲ့ကြသည်။ အာဏာသိမ်းမှု မတိုင်မီက ဆရာဝန်တစ်ဦးဖြစ်ခဲ့ပြီး CDM တွင်ပါဝင်ခဲ့သည့် ဗမာအမျိုးသမီးလူငယ်တစ်ဦးက ဤသို့ဖော်ပြခဲ့သည်-

> *ဒီအာဏာသိမ်းမှုဟာ တရားမျှတမှုမရှိဘူးဆိုတဲ့ ယုံကြည်ချက်ကြောင့် ကျွန်မ CDM မှာ ပါဝင်ခဲ့တယ်။ အဆုံးအထိ တိုက်ပွဲဝင်ဖို့ ကျွန်မသန္နိဋ္ဌာန်ချထားတယ်။* ”

အခြားသူများက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဆုံးရှုံးသွားခြင်းနှင့် ပြန်လည်ရယူရန် ကတိကဝတ်များ ရှိနေကြသည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်လည်းဖြစ်သည့် ကရင်ပြည်နယ်မှ အသက် (၃၅) နှစ်အရွယ် အမျိုးသားတစ်ဦး က ဤသို့ဆိုသည်-

> *ကျွန်တော်က တိုင်းရင်းသားလူမျိုးစုထဲက တစ်ယောက်ဆိုတော့ ဒီတော်လှန်ရေးကနေ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရချင်တယ်။ ရနိုင်မယ်လို့လဲ ယုံကြည်တယ်။ အခုမျိုးဆက်သစ်လူငယ်တွေ နိုင်ငံရေး ဗဟုသုတတွေ အများကြီးရှိပေမယ့် စည်းလုံးမှုအားနည်းနေသေးတယ်။* ”

KII အင်တာဗျူးတွင် ဖြေဆိုသူများက စည်းလုံးညီညွတ်မှု နှင့် မိမိ၏ပါဝင်မှုသည် အနည်းငယ်မျှသာ ဖြစ်လင့်ကစား ပိုမိုကျယ်ပြန့်သော လူမှုရေးနှင့် နိုင်ငံရေးကြိုးပမ်းမှုတွင် လူငယ်များ ပူးပေါင်းပါဝင် ကူညီရန် လိုအပ်ကြောင်း ထုတ်ဖော်ပြသခဲ့သည်။ ချင်းပြည်နယ် မြို့နယ်တစ်ခု၏ သပိတ်အဖွဲ့ ခေါင်းဆောင်အဖြစ် တော်လှန်ရေးတွင် တက်ကြွစွာပါဝင်ခဲ့သည့် အသက် (၂၀) အရွယ် ဝန်းကျင်ခန့် ချင်းလူငယ်တစ်ဦးသည် ခြောက်လကြာ ထိန်းသိမ်းခံခဲ့ရပြီး၊ ယခုအခါ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ ကော်မတီနှင့် ကာကွယ်ရေး ရန်ပုံငွေရှာဖွေရေး ကော်မတီ၏ အမှုဆောင်အဖွဲ့ဝင် ဖြစ်လာခဲ့သူက ဆွေးနွေးသည်မှာ-

> *ကျွန်တော့်ရဲ့ လုပ်ရပ်တွေက တော်လှန်ရေးတစ်ခုလုံးအပေါ် အများကြီးသက်ရောက်မှု မရှိနိုင်ပေမယ့် ဒီတော်လှန်ရေးအောင်ပွဲအတွက် အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုတဲ့ အခန်းကဏ္ဍကနေ ပါဝင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။* ”

အလားတူခံယူချက်ကိုလည်း အမျိုးသမီးများအကြားမှာ သိသာထင်ရှားစွာ တွေ့ရှိရသည်။ လွတ်မြောက် နယ်မြေတွင် စားဖိုမှူးအဖြစ် တာဝန်ထမ်းဆောင်နေသော အသက် (၃၀) အရွယ် အမျိုးသမီး လူငယ်တစ်ဦးက ဤသို့ဆိုပါသည်။

*အမျိုးသမီးတစ်ယောက်အနေနဲ့ အမျိုးသားတွေလို ရှေ့တန်းမှာ စစ်ထွက် မတိုက်နိုင်ပါဘူး။ သို့သော် ဤတော်လှန်ရေးဟာ အချိန်ကြာအုံးမယ်။ ကျွန်မရဲဘော်တွေအတွက် အစားအသောက် ချက်ပြုတ်ပေးတာမျိုး အသေးအမွှားလေး လောက်တော့ ကျွန်မ ပါဝင်ကူညီ နိုင်ပါတယ်။ ဒါက တော်လှန်ရေးကို တစ်နည်းနည်းနဲ့ အထောက်အကူဖြစ်စေတယ်။*

နောက်ထပ် ကရင်နီအမျိုးသမီးလူငယ်တစ်ဦးမှ ထောက်ပြခဲ့သည်မှာ-

*အမျိုးသမီးတိုက်ခိုက်ရေးသမား တစ်ယောက်အနေနဲ့ ရှေ့တန်းကိုသွားဖို့ စိန်ခေါ်မှုတွေ ရှိခဲ့တယ်။ ဒါ့ကြောင့် ကျွန်မအနေနှင့် ကယ်ဆယ်ရေးနှင့် ဆေးဘက်ဆိုင်ရာ အခန်းကဏ္ဍကနေ ပါဝင်ခဲ့သည်။ IDP တွေရဲ့ စိတ်ပိုင်းဆိုင်ရာ အားကောင်းစေဖို့အားပေးခြင်းနှင့် နိုင်ငံရေး အသိပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ကျန်းမာရေးအကူအညီတွေ ပေးနေပါတယ်"* ဟု ပြောကြားခဲ့သည်။

PDF စခန်းတွင် ဆေးဘက်ဆိုင်ရာ လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်နေသော အသက် (၂၃) နှစ် အရွယ် LGBTQ လူငယ်တစ်ဦးက ၎င်း၏ ခံစားချက်ကို ဤသို့ဖော်ပြခဲ့သည်-

*ရေစက်ကလေးတစ်စက် ဖြစ်နေရင်တောင် ကျွန်တော့်ရဲ့ပါဝင်မှုက ဒီတော်လှန်ရေးမှာ အရေးပါတယ်။*

## ၃.၅။ ရပ်ရွာအသိုက်အဝန်း အပေါ် အာဏာသိမ်းမှု၏ သက်ရောက်မှု

တွေ့ဆုံမေးမြန်းခဲ့သော လူငယ်များသည် အာဏာသိမ်းမှု၏ အကျိုးသက်ရောက်မှုနှင့် စစ်တပ်၏ အကြမ်းဖက်ဖြိုခွင်းမှုကြောင့် ဖြစ်လာသည့် ၎င်းတို့၏ဘဝနှင့် လူမှုအသိုင်းအဝိုင်းအပေါ် အတွေ့အကြုံ များကို မျှဝေခဲ့ကြသည်။ ၎င်းတို့မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း၊ ပစ္စည်းဆုံးရှုံးခြင်း၊ မိသားစု အတွင်း သေဆုံးခြင်း၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ စိန်ခေါ်မှုများ၊ ခန္ဓာကိုယ်ထိခိုက်မှုနှင့် ရပ်ပိုင်းဆိုင်ရာ အန္တရာယ်တို့ ပါဝင်သည်။ မြန်မာနိုင်ငံတစ်ဝှမ်းတွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ (၂) ရက်နေ့ အထိ တိုက်ပွဲများကြောင့် ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးရသူ (၂) သန်းခန့်ရှိပြီး[22]၊ လူပေါင်း (၁၇.၂) သန်း ကျော်မှာ ပဋိပက္ခများ၊ အသက်မွေးဝမ်းကျောင်းများဆုံးရှုံးခြင်း၊ ဈေးကွက်များလက်လှမ်းမမီမှု တို့ကြောင့် စားနပ်ရိက္ခာ မဖူလုံမှုတို့နှင့် ရင်ဆိုင်နေကြရသည်[23]။ အသက် (၂၀) အရွယ် ကလေးဒေသမှ အမျိုးသမီးငယ်တဦးက ပြောပြသည်မှာ-

*ကျွန်မတို့ ဒေသအတွက် အဓိကစိန်ခေါ်မှုကတော့ ကျွန်မတို့မှာ မီးဘေးသင့်ပြည်သူ တစ်ထောင် ကျော်ရှိနေပြီ ဖြစ်တယ်။ (စစ်ကောင်စီတပ်ဖွဲ့ က စစ်ကိုင်းတိုင်းဒေသကြီးရှိ ပြည်သူနေအိမ်တွေ မီးရှို့ခဲ့သည်။)*

IDP ကော်မတီအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေသည့် ချင်းပြည်နယ်မှ အသက် (၂၅) နှစ်အရွယ် လူငယ် တစ်ဦးကလည်း အိုးမဲ့အိမ်မဲ့ဖြစ်ရခြင်း၏ လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုနှင့် လူမှုဝန်ဆောင်မှုများ လက်လှမ်းမီမှုများ ဆုံးရှုံးခြင်းတို့ကို မှတ်ချက်ပြုခဲ့သည်။

> *ကျွန်တော်တို့ဒေသမှာ စစ်ဘေးဒုက္ခသည် ခြောက်ထောင်လောက်ရှိတယ်။ ကျန်းမာရေး၊ ပညာရေး၊ အမိုးအကာ၊ စားနပ်ရိက္ခာ စတာတွေအတွက် ရွှေ့ပြောင်းဒုက္ခသည်တွေကို ထောက်ပံ့ဖို့ ငွေကြေး ကန့်သတ်ချက်တွေနဲ့ ရင်ဆိုင်နေရပါတယ်။ နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့ ပံ့ပိုးကူညီမှု မရှိသေးဘူး၊ IDP စခန်းမှာ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းကောင်းမရတဲ့အတွက် သေဆုံးခဲ့ရသူ (၆) ဦး ရှိနေပါပြီ။* ”

IDP စခန်းများတွင် နေထိုင်သည့် လူငယ်များနှင့် အခြားသူများမှာ အကြောက်တရားဖြင့် စဉ်ဆက်မပြတ် နေထိုင်နေရကြောင်း တင်ပြကြသည်။ စစ်အစိုးရတပ်များသည် IDP အသိုင်းအဝိုင်းများကို အမြောက်များ၊ ဗုံးများ၊ လေကြောင်းတိုက်ခိုက်မှုများဖြင့် ရာနှင့်ချီသောအိမ်များနှင့် ရပ်ရွာအဆောက်အဦများကို မီးရှို့ ဖျက်စီးခဲ့သည်။ စစ်ကောင်စီတပ်များက အပြစ်မဲ့ပြည်သူများကို လူသားဒိုင်းအဖြစ်အသုံးပြုခြင်း၊ သတ်ဖြတ်ခြင်း၊ အမျိုးသမီးများကို မုဒိမ်းကျင့်ခြင်း စသည့် အဖြစ်အပျက်များစွာလည်း တွေ့ရှိရသည်။ စစ်ပြေးဒုက္ခသည်စခန်းအတွင်း အမျိုးသမီးများနှင့် ကလေးများအတွက် ဆိုးရွားသည့် အခြေအနေများအပြင်၊ စစ်ပြေးဒုက္ခသည်များသည် ကျေးရွာများသို့ စစ်ကောင်စီတပ်များ ရောက်ရှိလာနိုင်သည့် အန္တရယ်အတွက် အမြဲသတိဖြင့် နေထိုင်ကြရသည်။ ထောက်/ပို့ကဏ္ဍတွင် လုပ်ကိုင်သည့် စစ်ကိုင်းတိုင်းဒေသကြီးမှ အသက် (၃၀) နှစ် အရွယ် အမျိုးသမီးဖြေဆိုသူတစ်ဦးက IDP ၏ အခြေအနေများကို ဤသို့ဖော်ပြသည်။

> *တောထဲမှာ ထွက်ပြေးသိမ်းရှောင်ချိန်မှာ ကလေးမွေးဖွားတဲ့ ကိုယ်ဝန်ဆောင်မိခင် အများကြီး ရှိတယ်။ ကျန်းမာရေးစောင့်ရှောက်မှု မရရှိတဲ့အတွက် တချို့မိခင်တွေ တစ်လသားအရွယ် ကလေးငယ်များ ဆုံးရှုံးခဲ့ရတယ်။ အလွန်ဝမ်းနည်းကြေကွဲစရာ ကောင်းပါတယ်။* ”


မြို့ပြအသိုင်းအဝိုင်းတွင် လူငယ်များသည် ရာဇဝတ်မှု တိုးလာခြင်းနှင့် မလုံခြုံမှုများ၊ လွတ်လပ်စွာ သွားလာခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့် ဆုံးရှုံးခြင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခက်အခဲများကို လူငယ်များက တင်ပြကြသည်။ စစ်ကောင်စီသည် ညမထွက်ရအမိန့်များချမှတ်ခြင်း၊ ဆန့်ကျင်သူများ သို့မဟုတ် ဝေဖန်သူများကို စွဲချက်တင်ရန် ကြေညာချက်များစွာ ထုတ်ပြန်ခဲ့သည်။ ဤအကြောင်းများကြောင့် လူများ၏စုဝေးပိုင်ခွင့်ကို ငြင်းပယ်ခံခဲ့ရသည်။ အာဏာသိမ်းမှုအောက်တွင် ရပ်ရွာအများအပြားရှိ ပြည်သူလူထုသည် လုံခြုံမှုမရှိသော နေထိုင်မှုများနှင့် ရင်ဆိုင်နေကြရသည်။ တစ်ချိန်တည်းတွင်၊ စစ်ကောင်စီ၏ တရားဥပဒေစိုးမိုးရေးကို ချိုးဖောက်မှုများနှင့်အတူ ဒေသအများအပြားတွင် ရာဇဝတ်မှုများ (ဥပမာ လုယက်မှု၊ လူသတ်မှု) မြင့်တက်လာခဲ့သည်[24]။ ကချင် ပြည်နယ်မှ အမျိုးသမီး ဖြေဆိုသူတဦးကလည်း အောက်ပါအတိုင်း ဆိုသည်။

> *ရပ်ရွာက ပြည်သူလူထုဟာ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး နှင့် လုယက်မှုတွေကြောင့် ဖြစ်ရတဲ့ ရာဇဝတ်မှုတွေကို ဆွေးနွေးဖို့ မစုဝေး နိုင်တော့ဘူး။* ”

မွန်ပြည်နယ်မှ အသက် (၃၀) နှစ်အရွယ် အမျိုးသမီးဖြေဆိုသူ တဦးကလည်း-

> *ညနေ (၆) နာရီနောက်ပိုင်းမှာ လုံခြုံရေးကြောင့် လူတွေဟာ အိမ်တွေကို သော့ခတ်ပိတ်ကြတယ်။ အထူးသဖြင့် အမျိုးသမီးတွေ တစ်ယောက်တည်း ညဘက်အပြင်ထွက်ရတာ မလုံခြုံတော့ပါဘူး။* ”

ဤတွေ့ရှိချက်များအပေါ်အခြေခံ၍ စစ်တမ်းသည် လူငယ်များ၏ သက်ဆိုင်ရာအသိုင်းအဝိုင်း သို့မဟုတ် မူလနေထိုင်ရာ ရပ်ရွာအပေါ် အာဏာသိမ်းမှု၏ အကျိုးသက်ရောက်မှုများအပေါ် လူငယ်များ၏ သဘောထား အမြင်များကို ပြန်လှန်စစ်ဆေးရန် ပြင်ဆင်ခဲ့သည်။ စစ်တမ်းမှလူငယ်အများစု (၆၅ ရာခိုင်နှုန်း) က စီးပွားရေး အကျပ်အတည်းအား ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်းများ ရင်ဆိုင်နေရသော အလွန်စိုးရိမ်ပူပန်မှု အဖြစ် ထောက်ပြ ကြသည် (ပုံ ၉ ကိုကြည့်ရန်)။ အခြား (၃၃) ရာခိုင်နှုန်း နှင့် (၂၉) ရာခိုင်နှုန်း တို့က "ပဋိပက္ခနှင့် အကြမ်းဖက်မှု" နှင့် "ရာဇဝတ်မှုနှင့်မလုံခြုံမှု" တို့ကို အသီးသီး ထောက်ပြကြသည်။ ဖြေဆိုသူများသည် ၎င်းတို့၏ရပ်ရွာရှိ ပြည်သူ့ဝန်ဆောင်မှုများ ချို့တဲ့ခြင်းနှင့် စိတ်ကျန်းမာရေး ပြဿနာများ (၂၃ ရာခိုင်နှုန်းစီ) ကို လည်း ဖော်ပြခဲ့သည်။




*ပုံ (၉)၊ ရပ်ရွာအသိုက်အဝန်း အပေါ် အာဏာသိမ်းမှု၏ သက်ရောက်မှုအပေါ် လူငယ်များ၏ ရှုမြင်မှုများ*

## ၃.၆။ အာဏာသိမ်းပြီးနောက်ပိုင်း လူငယ်များကြုံတွေ့ရသည့် ခြိမ်းခြောက်မှုများ


လူငယ်များ ၎င်းတို့ ရင်ဆိုင်ခဲ့သည့် အန္တရာယ်အပေါ် သဘောထားအမြင်များကို မေးမြန်းသောအခါ၊ ၎င်းတို့၏ အကြီးမားဆုံးအန္တရာယ်များမှာ စစ်ကောင်စီမှဖမ်းဆီးခြင်းခံရမည့် အန္တရာယ် (၇၅ ရာခိုင်နှုန်း) နှင့် ခရီးသွားလာမှုကန့်သတ်ချက်မြင့်မားခြင်းနှင့် စစ်ကောင်စီ၏လုံခြုံရေးဂိတ်များတွင် စစ်ဆေးခံရခြင်း တို့ကြောင့် ခရီးသွားလာမှုအတွင်း လုံခြုံမှုမရှိခြင်း (၆၈ ရာခိုင်နှုန်း) စသဖြင့် အသီးသီး ထောက်ပြကြသည် (ပုံ ၁၀ ကိုကြည့်ရန်)။ KII အင်တာဗျူး ဖြေဆိုသူများသည် စစ်ကောင်စီ၏ ဖမ်းဝရမ်းစာရင်းတွင်ပါဝင်နေပြီး၊ ၎င်းတို့သည် စစ်ကောင်စီမှ ပုဒ်မ (၅ဝ၅) ဖြင့် တရားစွဲဆိုထားကြောင်းကိုလည်း ထုတ်ဖော်ခဲ့ကြသည်။ ဤအန္တရာယ်များကို တုံ့ပြန်ရန်အတွက် လူငယ်အများအပြား သည် “လွတ်မြောက်နယ်မြေများ” သို့ ထွက်ပြေး တိမ်းရှောင်ကြရပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) ထံ အခြေခံကာကွယ်ရေး သင်တန်းကို တက်ရောက်ခဲ့ကြသည်။ အခြားသော လူငယ်များသည် ပုန်းအောင်းခြင်း

သို့မဟုတ် နယ်စပ် နယ်နိမိတ်ကိုဖြတ်ကျော်ကာ တိုင်းပြည်မှထွက်ခွာသွားကြသည်။ EAOs ၏ စစ်ရေးလေ့ကျင့်မှုတွင် တက်ရောက်ခဲ့သည့် အသက် (၂၇) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ၎င်း၏ အတွေ့အကြုံကို မျှဝေခဲ့သည်-

> *ဆန္ဒပြဖို့ အိမ်ကထွက်လာခဲ့တယ်။ ဒါပေမယ့် ၂၀၂၁ မတ်လကုန်မှာ ဒေသခံကာကွယ်ရေးအတွက် ကာကွယ်ရေးသင်တန်းတွေသင်ကြားပေးတဲ့ တနသ်ာရီ က ကာကွယ်ရေးစခန်းကို သွားဖို့ ဆုံးဖြတ် လိုက်တယ်။ အခြေခံစစ်သင်တန်းတက်ပြီးရင် မြို့ကိုပြန်ဖို့ မျှော်လင့်တယ်။ ဒါပေမယ့် ပုဒ်မ ၅၀၅ (က/င) နှင့် စွဲချက်တင်ထားလို့ မြို့ကို မပြန်နိုင်ဘူး* ” ဟု ပြောသည်။

စစ်ကောင်စီ မှ လူငယ်များအား မတရားဖမ်းဆီးခြင်းသည် လူ့အခွင့်အရေးချိုးဖောက်ပြီး ပိုအရေးကြီးသည်မှာ ၎င်းတို့၏ လူ့ဂုဏ်သိက္ခာကိုလည်း မထီမဲ့မြင်ပြုခဲ့ကြောင်း အင်တာဗျူးဖြေဆိုသူများမှ ထောက်ပြကြသည်။ အာဏာသိမ်းမှုအောက်တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် သွားလာလှုပ်ရှားမှုတို့သည် အဓိပ္ပါယ်မဲ့လာခဲ့သည်။ အသက် (၂၀) နှစ်အရွယ်စစ်ကိုင်းတိုင်းဒေသကြီးမှ တက္ကသိုလ် ကျောင်းသားတစ်ဦးက ၎င်း၏စိုးရိမ်မှုများကို ဤသို့ ပြောပြသည်။

> ကျောင်းသားသမဂ္ဂနဲ့အတူ သပိတ်လမ်းကြောင်းကို စတင်ရွေးချယ်ကတည်းက စစ်ကောင်စီ ဘက်က ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုတွေကို သတိထားမိပြီး ကျွန်တော်တို့ကို စောင့်ကြည့် ခဲ့တယ်။ ၂၀၂၁ ခုနှစ် ဩဂုတ်လ *(၂၀)* ရက်နေ့မှာတော့ အိမ်ကို လာဖမ်းဖို့ ရောက်လာပြီး ကျွန်တော့်အိမ်ထဲက တီဗွီ၊ ကုလားထိုင်နဲ့ အဖိုးတန်ပစ္စည်းတွေ ဖျက်ဆီး ပစ်လိုက်ကြတယ်။ အရပ်ဝတ်ဝတ်ပြီး ၂၄ နာရီ ကျွန်တော့်အိမ်ကို စောင့်ကြည့်နေကြတယ်။ ကျွန်တော့် ဖေ့စ်ဘွတ်ခ် စာမျက်နှာကိုလည်း အမြဲစောင့်ကြည့်တယ်။ ဒါက ကျွန်တော့် မိသားစုအပေါ် သက်ရောက်မှု အများကြီးရှိပြီး၊ သူတို့ မလုံခြုံဘူးလို့ အမြဲ ခံစားကြရတယ်။ ”




*ပုံ (၁၀)၊ အာဏာသိမ်းမှုအတွင်း လူငယ်များ ကြုံတွေ့ရသည့်အန္တရာယ်များ*


လူငယ်အများစုသည် မိမိကိုယ်တိုင်သာမက သူငယ်ချင်းများနှင့် မိသားစုများပါ သိသိသာသာ အန္တရာယ်များ ကြုံတွေ့ခဲ့ကြရကြောင်း တင်ပြသည်။ ပုံ (၁၀) တွင် စစ်တမ်းဖြေဆိုသူများ၏ (၄၇) ရာခိုင်နှုန်း သည် ၎င်းတို့၏ မိသားစုဝင်များ အန္တရာယ်များနှင့် ရင်ဆိုင်ရကြောင်း ထောက်ပြကြသည်။ အခြား (၃၂) ရာခိုင်နှုန်းမှ ၎င်းတို့သည် စစ်တပ်၏ သတ်ဖြတ်ခံရမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း နှင့် အခြား (၃၀) ရာခိုင်နှုန်းမှ ဓားပြတိုက်ခံရမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း တင်ပြကြသည်။ ဖြေဆိုသူ အနည်းငယ်က တိုက်ပွဲများ ၏ အကျိုးဆက်အနေဖြင့် ဗုံးပေါက်ကွဲမှုနှင့် မြေမြှုပ်မိုင်းများကြောင့် ကိုယ်ခန္ဓာထိခိုက်မှုအန္တရာယ်နှင့် ကြုံတွေ့ရကြောင်း တင်ပြကြသည်။
ပြည်သူ့ကာကွယ်ရေး၏ ထောက်/ပို့တွင် ပါဝင်သည့် ဖြေဆိုသူတစ်ဦးက ၎င်း၏သူငယ်ချင်းများနှင့် မိသားစု အတွက် အန္တရာယ်ကျရောက်ခဲ့ပုံနှင့်ပတ်သက်သည့် ၎င်း၏အတွေ့အကြုံများကို မျှဝေခဲ့ရာတွင် -

> ဒီတော်လှန်ရေးမှာ ကျွန်မပါဝင်လာလေလေ၊ ကိုယ့်အတွက်ရော၊ မိသားစုနဲ့ သူငယ်ချင်းတွေ အတွက်ပါ အန္တရာယ်ပိုများလေပါပဲ။ ကျွန်တော် တစ်နေရာ ပြီးတစ်နေရာ ပုန်းရှောင်နေရတယ်။ ကျွန်မမိသားစုလည်း တခြားတစ်နေရာကို ပြောင်းရွှေ့ခဲ့ရတယ်။ မိဘတွေက အသက်ကြီးလာတော့ အိမ်ကထွက်သွားတဲ့အခါ အဆင်မပြေမှုတွေ အများကြီး ကြုံရတယ်။ ဒါကြောင့် ဒီတော်လှန်ရေးမှာ ပါဝင်ပတ်သက်နေတာကြောင့်၊ သူတို့ကို ဒုက္ခမပေးချင်တာကြောင့် မိသားစုနဲ့ သီးခြားနေဖို့ ရွေးချယ်ခဲ့တာပါ။ ”

ယခင်က NLD ပါတီဝင်တစ်ဦးဖြစ်ပြီး လွတ်မြောက်နယ်မြေများတွင် ခိုလှုံနေသည့် အသက် (၃၅) နှစ်အရွယ် ဗမာအမျိုးသမီးတစ်ဦးက အောက်ပါအတိုင်း ပြောသည်။


> စိတ်ခံစားမှုအရတော့ မိသားစုနဲ့ ဝေးရာမှာ နေခဲ့ရတော့ အရမ်းခံစားရတယ်။ ဒါပေမယ့် စစ်တပ်က ပုဒ်မ *(၅၀၅) (က/ဂ)* နဲ့ တရားစွဲကြောင်း ကျွန်မအိမ်ကို စာပို့တယ်။ ကျွန်မကလေးတွေနဲ့ မိသားစုတွေ အိမ်မှာ ဆက်မနေနိုင်တော့ဘဲ လွတ်မြောက်နယ်မြေကို ထွက်ပြေးကြရတာ။ အန္တရာယ်တွေ ဘယ်လိုပဲရှိရှိ စစ်အာဏာရှင်ကို ဆက်လက်တိုက်ပွဲဝင်သွားမှာပါ။ ”

## ၃.၇။ ၂၀၂၂ ခုနှစ် ဩဂုတ်လ နောက်ပိုင်း လူငယ်များ၏ပါဝင်မှုအပြောင်းအလဲများ




ပုံ *(၁၁)၊* စစ်တမ်းဖြေဆိုသည့် လူငယ်များ၏ပါဝင်မှု အပြောင်းအလဲများ


စစ်တမ်းအချက်အလက်များအရ ၂၀၂၂ ခုနှစ် ဩဂုတ်လမတိုင်မီနှင့် ၂၀၂၂ ခုနှစ် ဩဂုတ်လ နောက်ပိုင်း (တစ်နှစ်ကြာကာလ) လူငယ်ပါဝင်မှုပြောင်းလဲသွားပုံကို စူးစမ်းလေ့လာခဲ့သည်။ ပုံ-၁၁ အရ ၂၀၂၂ ခုနှစ် ဩဂုတ်လ နောက်ပိုင်းတွင် တော်လှန်ရေးလှုပ်ရှားမှုများတွင် လူငယ်များပါဝင်မှုသည် အနည်းငယ်စီ လျော့ကျ သွားသည်ကို တွေ့ရှိရသည်။ စစ်တမ်း အချက်အလက်များအရ ၂၀၂၂ ခုနှစ် ဩဂုတ်လမတိုင်မီတွင် လူငယ်များ၊ လမ်းပေါ်ထွက် ဆန္ဒပြမှု (၆၇ ရာခိုင်နှုန်း) အများဆုံးဖြစ်ပြီး၊ စစ်တပ်နှင့် သက်ဆိုင်သည့် လုပ်ငန်းများကို သပိတ်မှောက်ခြင်း (၆၃ ရာခိုင်နှုန်း) နှင့် အွန်လိုင်း သပိတ်လှုပ်ရှားမှု (၆၃ ရာခိုင်နှုန်း) တို့၌ အသီးသီး ပါဝင်ခဲ့ကြသည်။ သိသိသာသာ လမ်းပေါ်ထွက်ဆန္ဒပြမှုများတွင် ပါဝင်သူများသည် ၂၀၂၂ ခုနှစ် ဩဂုတ်လနောက်ပိုင်း (၀) ရာခိုင်နှုန်း သို့ လုံးဝကျဆင်း သွားခဲ့သည်။ စစ်တပ်နှင့် သက်ဆိုင်သည့် စီးပွားရေး လုပ်ငန်းများ သပိတ်မှောက်ခြင်း နှင့် အွန်လိုင်းသပိတ်လှုပ်ရှားမှု တို့သည် ၂၀၂၂ ခုနှစ် ဩဂုတ်လ နောက်ပိုင်း တွင် (၅၀) ရာခိုင်နှုန်း နှင့် (၅၆)




*ပုံ (၁၂)၊ အာဏာသိမ်းဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် လူငယ်များ၏ပါဝင်မှု*

ရာခိုင်နှုန်းအထိ အသီးသီး ကျဆင်းသွားခဲ့ပါသည်။ သို့သော် “Click to Donate”[25] လှုပ်ရှားမှုတွင် လူငယ်များ၏ပါဝင်မှုသည် (၃၉) ရာခိုင်နှုန်းအထိ တိုးလာခဲ့သည်။

၂၀၂၂ ခုနှစ် ဩဂုတ်လနောက်ပိုင်းတွင်၊ လူငယ်များ၏ပါဝင်မှု ပြောင်းလဲလာကြောင်း စစ်တမ်းအချက်အလက် များက ပြသနေသည်။ လူငယ်များ၏ပါဝင်မှုသည် "အန္တရာယ်နည်းပါးသော လှုပ်ရှားမှုများ” တွင် (ဥပမာ၊ “Click to Donate” ကမ်ပိန်းတွင် ပါဝင်မှုသည် (၀) ရာခိုင်နှုန်း မှ (၃၁) ရာခိုင်နှုန်းထိ) တိုးလာသည်။ ရုပ်ပိုင်းဆိုင်ရာပါဝင်ရသည့် လှုပ်ရှားမှုများတွင် လူငယ်များ၏ပါဝင်မှုသည် ယေဘုယျအားဖြင့် လျော့နည်း သွားသည် (ဥပမာ၊ လမ်းပေါ်ထွက် ဆန္ဒပြမှုမှာ (၆၆) ရာခိုင်နှုန်း မှ (၀) ရာခိုင်နှုန်းထိ လျော့နည်းသွားသည်။ CDM ပါဝင်မှုသည် (၄၂) ရာခိုင်နှုန်း မှ (၂၆) ရာခိုင်နှုန်း) သို့ ကျဆင်းသွားသည်။ ၂၀၂၂ ခုနှစ်ဩဂုတ်လနောက်ပိုင်း အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် မပါ ဝင်တော့ကြောင်း တုံ့ပြန်ဖြေဆိုသည့် လူငယ်အုပ်စုငယ် (ဆိုလိုသည်မှာ ဖြေဆိုသူ (၁၃၃) ထဲမှ (၁၉) ဦး) အား၊ မပါဝင်ရသည့် အကြောင်းပြချက်များကို စစ်ဆေးမေးမြန်းခဲ့သည်။ အများစု (၄၂ ရာခိုင်နှုန်း) က ၎င်းတို့၏ ကိုယ်ပိုင် လုံခြုံရေးနှင့် အခြားလုံခြုံရေးအတွက် စိုးရိမ်သည်ဟု တုံ့ပြန်ကြသည်။ အခြား (၃၇) ရာခိုင်နှုန်းမှ ၎င်းတို့၏ မိသားစုများနှင့် သူငယ်ချင်းများ၏လုံခြုံရေးကို စိုးရိမ်သောကြောင့် အာဏာသိမ်းမှုဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ပါဝင်မှုရပ်ဆိုင်း ခဲ့ကြောင်း တင်ပြကြသည်။ အခြား (၃၂) ရာခိုင်နှုန်းမှ စားဝတ်နေရေး ခက်ခဲလာမှုကြောင့် ရပ်ဆိုင်းခဲ့ခြင်းဖြစ်ပြီး (၅) ရာခိုင်နှုန်းမှ တော်လှန်ရေးကို မယုံကြည်ဟူ၍လည်းကောင်း နှင့် အခြား (၅) ရာခိုင်နှုန်းမှ "ကြားနေခြင်းကို နှစ်သက်သည်” ဟူ၍လည်းကောင်း အသီးသီး တင်ပြကြသည် (ပုံ - (၁၃) ကို ကြည့်ရန်)။




*ပုံ (၁၃)၊ ၂၀၂၂ ခုနှစ်* ဩဂုတ် နောက်ပိုင်း အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် မပါဝင်တော့သည့် အကြောင်းရင်းများ


KII အင်တာဗျူးတွင် ဖော်ပြချက်များအရ လူငယ်များ၏ တော်လှန်ရေးလှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်မှု ပြောင်းလဲခြင်းအတွက် အခြားအကြောင်းရင်းအချို့ကိုလည်း ထိုးထွင်းသိမြင်စေပါသည်။ အသက် (၃၅) နှစ်ရှိ ကာကွယ်ရေးအဖွဲ့ဝင်တစ်ဦးမှ လက်လုပ်ဗုံးစမ်းသပ်စဉ် မတော်တဆမှုတစ်ခု ဖြစ်ပွားပြီးနောက် ခြေချောင်းများဆုံးရှုံးခဲ့ရပြီး ၎င်း၏ခြေထောက်များကို ပုံမှန်အတိုင်းအသုံးမပြုနိုင်ခြင်းကြောင့် ပါဝင် ပတ်သက်မှုပုံစံကို ပြောင်းလဲခဲ့ရသည်ဟု ပြောကြားခဲ့သည်။ သို့သော်လည်း သူသည် တော်လှန်ရေး လှုပ်ရှားမှုတွင် တတ်နိုင်သမျှပါဝင်နေဆဲဖြစ်သည်။ လွတ်မြောက်နယ်မြေမှ အမျိုးသမီး ကာကွယ်ရေး တပ်ဖွဲ့ဝင် တစ်ဦးမှ ဤသို့ မှတ်ချက်ပြုသည်-

> *ကျွန်မရဲ့ အမျိုးသမီးရဲဘော်ထဲက တစ်ယောက်က တိုက်ပွဲမှာ ကျသွားတယ်၊ အဲဒီနောက်မှာတော့ PDF အဖွဲ့ဟာ အမျိုးသမီးရဲဘော်တွေကို စစ်မြေပြင်ကို သွားခွင့်မပြုပါဘူး။ အဲဒီအချိန်ကစပြီး ကျွန်မ PDF စခန်းမှာ ထောက်ပံ့ပို့ဆောင်ရေး (အစားအစာ) ကို ပံ့ပိုးပေးတဲ့ အပိုင်းမှာဘဲ ပါဝင်တော့တယ်။* ”

## ၃.၈။ ရည်မှန်းချက်များနှင့် အနာဂတ်များဆုံးရှုံးခြင်း

လူငယ်များသည် တော်လှန်ရေးလှုပ်ရှားမှုတွင် ပါဝင်နိုင်ရန် ရည်မှန်းချက်များစွန့်လွှတ်ကာ ၎င်းတို့၏ အနာဂတ်ကို စတေးခဲ့ကြကြောင်းကိုလည်း ထောက်ပြခဲ့ကြသည်။ အင်တာဗျူးတွင် "စစ်တပ်မှ အာဏာသိမ်းခြင်း မဖြစ်ခဲ့ပါက မည်သည့်အရာများကို လုပ်ဆောင်နေခဲ့မည်နည်း" ဟု ရွေးချယ်စရာများကို တင်ပြကာ မေးမြန်းခဲ့သည်။ ယခုအချိန်အထိ လူငယ်များအကြား အကြီးမားဆုံးဆုံးရှုံးမှုမှာ ပညာရေး ဖြစ်ကြောင်း ဖော်ပြကြသည်။ စစ်တမ်းဖြေဆိုသူ၏ (၆၂) ရာခိုင်နှုန်းက အာဏာသိမ်းမှုမရှိပါက ၎င်းတို့ အနေဖြင့် ပညာဆက်လက်သင်ကြားမည်ဟု တုံ့ပြန်ခဲ့သည် (ပုံ ၁၄ ကိုကြည့်ရန်)။ ကျန်လူငယ်များက အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ စွန့်လွှတ်လိုက်ကြောင်း ဖော်ပြကြသည်။ အာဏာမသိမ်းမီ ပြည်သူ့ဝန်ထမ်းဖြစ်ခဲ့သည့် CDM ဆရာဝန်အမျိုးသမီးတစ်ဦးက သူမ၏ဌာနမှ သူမ၏ နိုင်ငံသားကဒ် နှင့် စာရွက်စာတမ်းများအားလုံးကို ထိန်းသိမ်းထားသည့်အတွက် နယ်သာလန်သို့သွားရောက် ပညာသင်ရမည့် အခွင့်အရေးကို စွန့်လွှတ်လိုက်ရကြောင်း ပြောကြားခဲ့သည်။ အဆိုပါ အမျိုးသမီးငယ်သည် သူမ၏ အသက်မွေးဝမ်းကြောင်း သာမက ပညာသင်ကြားခွင့်ကိုပါ ဆုံးရှုံးခဲ့သည်။ သူမက -


> *အထူးသဖြင့် ညဘက်မှာ မလုံခြုံဘူးလို့ ခံစားရတယ်။ ဒါက အမြဲ ကြောက်လန့်နေပြီး အခု ချင်းပြည်နယ်ဘက်ကို တိမ်းရှောင်ခဲ့တယ်။* ” ဟု ပြောသည်။




ပုံ *(၁၄)*၊ စစ်တပ်အာဏာသိမ်းမှု မဖြစ်ပွားပါက လူငယ်များ ဘာလုပ်ကြမည်နည်း။

## ၃.၉။ လက်ရှိအာဏာသိမ်းမှုအား လူငယ်များ၏တုံ့ပြန် ဖြေရှင်းသည့် ဗျူဟာများ

အာဏာသိမ်းမှုကိုတုံ့ပြန်သည့်အနေဖြင့် ၎င်းတို့၏ အဓိကတုံ့ပြန်ဖြေရှင်းပုံ နည်းဗျူဟာများမှာ အဘယ်နည်းဟု စစ်တမ်းဖြေကြားသူများကို မေးမြန်းခဲ့သည်။ စစ်တမ်းရလဒ်များအရ ရွှေ့ပြောင်းအခြေချမှု သည် လူငယ်များ၏ အသုံးအများဆုံး တုံ့ပြန်ဖြေရှင်းသည့်နည်းလမ်း ( ၅၉ ရာခိုင်နှုန်း) ဖြစ်သည်။ ထို့နောက်တွင် နိုင်ငံခြားသို့ ပညာတော်သင်ထွက်ခွာခြင်း (၄၈ ရာခိုင်နှုန်း) နှင့် အာဏာသိမ်းမှု ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ဆက်လက်ပါဝင်ရန် လွတ်မြောက်နယ်မြေများသို့ ထွက်သွားခြင်း (၄၆ ရာခိုင်နှုန်း) တို့ဟူ၍ အသီးသီး တင်ပြကြသည် ( ပုံ - ၁၅ တွင် ကြည့်ရန်)။




ပုံ *(၁၅)*၊ အာဏာသိမ်းမှုအား လူငယ်များတုံ့ပြန်ဖြေရှင်းသည့် မဟာဗျူဟာများ

## အခန်း(၄) နွေဦးတော်လှန်ရေးတွင် စည်းလုံးညီညွတ်မှုနှင့်မတူကွဲပြားမှု

နွေဦးတော်လှန်ရေးသည် ဖက်ဒရယ်ဒီမိုကရေစီ ထူထောင်ရေးနှင့် လူ့အခွင့်အရေး ပြန်လည်ရရှိရေး စသည့် ဘုံရည်မှန်းချက်ဖြင့် မတူကွဲပြားသော နောက်ခံအမျိုးမျိုးမှ လူများကိုစုစည်းညီညွတ်စေသည့် လှုပ်ရှားမှု အမျိုးမျိုးပါဝင်သော လှုပ်ရှားမှုကြီးတစ်ခုဖြစ်သည်။ ဤလှုပ်ရှားမှုတွင် မတူညီသော တိုင်းရင်းသားလူမျိုးစုနှင့် လူအတန်းအစားအမျိုးမျိုးမှ လူငယ်များ၊ အမျိုးသမီးများနှင့် LGBTQ အသိုက်အဝန်း၊ အလုပ်သမား သမဂ္ဂများ၊ ကျောင်းသားအဖွဲ့များ၊ သပိတ်ကော်မတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အခြားသူများ ပါဝင်ကြသည်။ ဤမတူကွဲပြားမှုက အာဏာသိမ်းဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် လူငယ်များအား ဆန်းသစ်သော လှုပ်ရှားမှုများကို ဖန်တီးနိုင်စေသည့် ထူးခြားသောအမြင်များ၊ အတွေ့အကြုံများနှင့် စွမ်းရည်များကို စုစည်းပေးထားသည်။

အာဏာသိမ်းဆန့်ကျင်ရေး ငြိမ်းချမ်းစွာဆန္ဒပြသူများကို မြန်မာစစ်တပ်က ပြင်းထန်စွာ နှိမ်နင်းလာသောအခါ မြို့ပြမှ လူငယ်အများအပြားသည် (EAOs) များချုပ်ကိုင်ထားသော နယ်မြေများတွင် ခိုလှုံကြပြီး ဗမာလူမျိုးများနှင့် တိုင်းရင်းသားလူနည်းစုများအကြား မိတ်ဖွဲ့ခြင်းနှင့် ဆက်ဆံရေးအသစ်များ တည်ဆောက်ခြင်းများ ဖြစ်ပေါ်လာစေသည်။ ဥပမာအားဖြင့်၊ ကရင်အမျိုးသားအစည်းအရုံး (KNU) သည် အစောဆုံး EAO များထဲမှ တစ်ဖွဲ့ဖြစ်ပြီး၊ မြို့ပြမှ ထွက်ပြေးလာသော ထောင်နှင့်ချီသော လူငယ်များအား အမိုးအကာနှင့် အခြေခံ စစ်ရေးသင်တန်းများ ပံ့ပိုးပေးခဲ့သည်။ ထို့ကြောင့် ဗမာနှင့် တိုင်းရင်းသား လူနည်းစုများမှ လူငယ်များနှင့် အခြားလူများကြား ထိတွေ့ဆက်ဆံမှုများ သိသိသာသာ တိုးမြင့်လာပြီး ဆွေးနွေးမှုပုံစံသစ် ဖြစ်ပေါ်စေခြင်းနှင့် မျိုးဆက်သစ် လူငယ်များအကြား ထိတွေ့ဆက်ဆံမှုအသစ်များကို ဖန်တီးပေးသည်။ ဤအပိုင်းတွင် လူငယ်များသည် မတူကွဲပြားမှု၏ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းပုံနှင့် မည်သို့ လိုက်လျောညီထွေဖြစ်အောင်နေထိုင်ပုံ၊ နှင့် အာဏာသိမ်းဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် အတူတကွ ပူးပေါင်းလုပ်ဆောင်ရင်း အချင်းချင်းစည်းလုံးညီညွတ်မှုကို မည်သို့ထိန်းသိမ်းထားသည်ကို လေ့လာမည် ဖြစ်သည်။ နိုင်ငံရေးခေါင်းဆောင်မှုကြားတွင် မတူကွဲပြားမှုနှင့် စည်းလုံးညီညွတ်မှုဆိုင်ရာ စိန်ခေါ်မှုများအပေါ် လူငယ်များ၏ အမြင်ကိုလည်း လေ့လာဆန်းစစ်ထားသည်။

### ၄.၁။ တော်လှန်ရေးတွင် လူငယ်များ၏ မတူကွဲပြားမှုနှင့် စည်းလုံးမှုဆိုင်ရာ အတွေ့အကြုံများ

အရည်အသွေးစံထား တွေ့ဆုံမေးမြန်းမှုများတွင် လူငယ်အများစုသည် မတူညီမှုများကို ဘေးဖယ်ထားပြီး အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုများ အောင်မြင်ရန်အတွက် အတူတကွ ပူးပေါင်းလုပ်ဆောင် ကြကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ ရံဖန်ရံခါတွင် ၎င်းတို့သည် အသေးအဖွဲကိစ္စရပ်အချို့ကို ကြုံတွေ့လေ့ ရှိသော်လည်း စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး ဘုံရည်မှန်းချက်အောက်တွင် ပူးပေါင်းဆောင်ရွက်လိုစိတ် ပိုမိုပြင်းပြကြ ကြောင်းကိုလည်း တင်ပြကြသည်။ အတူတကွပူးပေါင်းဆောင်ရွက်ရန် ဘုံစိန်ခေါ်မှုများတွင် ဘာသာစကား အခက်အခဲများ၊ ခြားနားသည့် ယဉ်ကျေးမှုဆိုင်ရာအသားမကျမှုများ၊ ဆက်သွယ်ရေး ပြတ်တောက်မှုများ၊ နိုင်ငံရေးအယူဝါဒကွဲပြားမှုများနှင့် အတူတကွလုပ်ငန်းဆောင်ရွက်ရာတွင် နားလည်မှု လွဲမှားမှုများဖြစ်စေသည့် ယုံကြည်မှုကင်းမဲ့မှုတို့ ပါဝင်သည်။ ၎င်းတို့အနက် အတူတကွလုပ်ဆောင် နေကြသော လူငယ်များအတွက် အထင်ရှားဆုံး

စိန်ခေါ်မှုတစ်ရပ်မှာ နိုင်ငံရေးအယူအဆ၊ လူမှုစံနှုန်းများနှင့် မျိုးဆက် ကွာဟမှုအပေါ် အခြေခံသည့် အယူဝါဒ/အမြင်များ ကွဲပြားခြားနားမှု ဖြစ်သည်။

### ၄.၁.၁။ နိုင်ငံရေးယုံကြည်ချက်/အယူအဆ သို့မဟုတ် အမြင်ကွဲပြားခြားနားမှုများ

နိုင်ငံရေးယုံကြည်ချက်များကွဲပြားမှုများနှင့် မတူညီသည့် သမိုင်းကြောင်းဆိုင်ရာ အတွေ့အကြုံများသည် မိမိတို့တွေ့ဆုံမေးမြန်းမှုများတွင်ပါဝင်သော အထူးသဖြင့် မြို့ပြလူငယ်များနှင့် တိုင်းရင်းသားလူနည်းစု လူငယ်များအကြားတွင် အဓိကစိန်ခေါ်မှုအဖြစ် မကြာခဏ ညွှန်းဆိုခြင်းခံရသည်။ ၂၀၂၁ ခုနှစ် စစ်တပ် အာဏာသိမ်းပြီးနောက်ပိုင်း ငြိမ်းချမ်းစွာ ဆန္ဒပြသူများအပေါ် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများကို မြင်တွေ့ခဲ့ရပြီးနောက်မှသာ မြန်မာနိုင်ငံရှိ မြို့ပြနေလူငယ်များအများစုသည် တော်လှန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြကြောင်း မိမိတို့၏တွေ့ဆုံမေးမြန်းချက်များအရ တွေ့ရှိရပါသည်။ မြို့ပြနေဗမာလူငယ်များသည် မြန်မာ့နိုင်ငံရေးစနစ်အပေါ် နားလည်သဘောပေါက်မှု နည်းပါးလျက်ရှိပြီး တပ်မတော်မှ တိုင်းရင်းသား လူနည်းစုများအပေါ် ကျူးလွန်ခဲ့သည့် သမိုင်းဝင်ရက်စက်မှုကြမ်းကြုတ်များကို သတိမပြုမိကြပေ။ တစ်ချိန်တည်းတွင် တပ်မတော်၏ ဖိနှိပ်မှုအောက်တွင် ဆယ်စုနှစ်များစွာ နေထိုင်လာခဲ့သည့် တိုင်းရင်းသား လူနည်းစု လူငယ်များအနေဖြင့် တပ်မတော်၏နိုင်ငံရေးမှ နုတ်ထွက်ခြင်းထက်ပိုမိုသော ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ပြည်နယ်များ ထူထောင်ခြင်း စသည့် ကိုယ်ပိုင် နိုင်ငံရေးအစီအစဉ်များ ရှိထားကြသည်။

ဤကဲ့သို့ သမိုင်းကြောင်းဆိုင်ရာ အမြင်မတူကွဲပြားမှုများသည် အောက်ခြေအဆင့်ရှိ မတူညီသော လူမျိုးစု လူငယ်များကြားတွင် ယုံကြည်မှုတည်ဆောက်ရန်နှင့် စည်းလုံးညီညွတ်မှု ပိုမိုအားကောင်းစေရန်အတွက် အခြေခံစိန်ခေါ်မှု များထဲမှ တစ်ခုဖြစ်လာသည်မှာ အံ့သြစရာမဟုတ်ပါ။ တိုင်းရင်းသားလူနည်းစုဒေသများတွင် ခိုလှုံလာကြသော ဗမာလူငယ်များအား တစ်ခါတစ်ရံ “တိုင်းရင်းသားလူနည်းစုနယ်မြေများကို ကျူးကျော်ခြင်း” နှင့် “ဗမာအမျိုးသားရေးဝါဒ သို့မဟုတ် လူမျိုးကြီးဝါဒကျင့်သုံးခြင်း” စသည်ဖြင့် စွပ်စွဲမှုများ လည်းရှိရာ၊ အဆိုပါအဖြစ်အပျက်များသည် ယုံကြည်မှုတည်ဆောက်ရန် နှင့် ပူးပေါင်းဆောင်ရွက်မှု ကြိုးပမ်းချက်များကို အဟန့်အတားဖြစ်စေသည်။


အသက် (၂၇) နှစ်အရွယ် ကရင်အမျိုးသားတစ်ဦး၏ ပြောကြားချက်အရ -

> *အဓိက ပြဿနာကတော့ ဗမာနဲ့ တိုင်းရင်းသား (ကရင်) အကြား ယုံကြည်မှုကွာခြားမှုပါပဲ။ ကရင်လူမျိုးတွေက မြန်မာစစ်တပ်ရဲ့ ဖိနှိပ်ချုပ်ချယ်အောက်တွင် နှစ်ပေါင်း (၇၀) ကျော်ကြာအောင် နေထိုင်ခဲ့ရတော့ ဗမာတွေနဲ့ ဆက်ဆံရင် လူမျိုးကြီးဝါဒ ကျင့်သုံးတယ်လို့ မကြာခဏ ပြစ်တင် ဝေဖန်လေ့ရှိတယ်။ ယနေ့ခေတ် လူငယ်တွေကြားမှာ ဒီအယူအဆနှင့် ယုံကြည်ချက်တွေကို မေ့ပစ်ရန် ကြိုးစားကြပေမယ့် ဗမာနှင့် တိုင်းရင်းသားလူနည်းစုများကြား ပြဿနာများတော်တော်များများမှာ ဒီအယူအဆတွေဟာ အဓိကပြဿနာအဖြစ် ရှိနေဆဲဖြစ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက်ကြား ယုံကြည်မှုရဖို့ အချိန်အများကြီး ယူရသလို၊ ခုချိန်ထိလည်း တစ်ယောက်ကိုတစ်ယောက် သံသယတွေ အများကြီးရှိနေတုန်းပါပဲ* ”

ရခိုင်ပြည်နယ် အခြေစိုက် ဗမာလူငယ်တက်ကြွလှုပ်ရှားသူ နှင့် ကျောင်းသားလက်ရုံးတပ်မတော် တပ်ဖွဲ့ဝင် တဦးဖြစ်သူမှလည်း အောက်ပါအတိုင်း ဖော်ထုတ်လျက်ရှိသည်။

> *AA ခေါင်းဆောင်တွေနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးရှိပေမဲ့ ကျောင်းသားလက်ရုံးတပ်မတော်နဲ့ AA ရဲဘော်တွေကြား လူမျိုးရေးအခြေခံ အငြင်းပွားမှုတွေ ရှိခဲ့ပါတယ်။ ဥပမာ ရခိုင်ပြည်နယ်ကို ကျူးကျော်သည့် ဗမာလူမျိုးစသဖြင့် ပြောဆိုခံရတာတွေရှိခဲ့တယ်။ ခုချိန်မှာတော့ တိုင်းရင်းသား ညီအကိုတွေနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးရရှိဖို့ အရေးကြီးတဲ့အတွက် ဒါတွေကို လျစ်လျူရှု ထားပါတယ်။* ”

နိုင်ငံရေးအမြင်နှင့် အတွေ့အကြုံ ကွဲပြားခြားနားမှုများသည် လူငယ်များကြားတွင် ရံဖန်ရံခါ ငြင်းခုံမှုအချို့ ဖြစ်လာပေါ်စေကြောင်း ယေဘုယျအားဖြင့် တွေ့ရှိရသည်။ အရေအတွက်စံထားစစ်တမ်း၌ တော်လှန်ရေးတွင် အတူတကွလုပ်ငန်းဆောင်ရွက်ချိန်တွင် အထက်ဖော်ပြပါမတူညီသော အတားအဆီးများ အနက် အထင်ရှားဆုံး အတားအဆီကို ဖြေဆိုသူများအား ရွေးချယ်စေပါသည်။ ဤတော်လှန်ရေးအတွင် အရေးအကြီးဆုံး အတားအဆီးအဖြစ် အတွေးအခေါ်နှင့် နိုင်ငံရေးအယူဝါဒ ကွဲပြားမှုများကို စစ်တမ်း ဖြေဆိုသူ အရေအတွက် အများဆုံး (၄၇%) မှ ကိုးကားပြီး၊ ပထဝီဝင်နယ်မြေကွဲပြားမှု (၂၁%)၊ ဘာသာရေးအရ ကွဲပြားမှုများ (၁၂%) မှ ဖော်ညွှန်းကြသည်။ ကျား၊ မ၊ အသက်ကွာဟမှုနှင့် လူမျိုး၊ တော်လှန်ရေးတွင် အတူတကွ လုပ်ဆောင်ရန် အတားအဆီးများအဖြစ် ရည်ညွှန်းခြင်းနည်းပါးခဲ့သည်။ (ပုံ - ၁၆ ကိုကြည့်ရန်)။




ပုံ *(၁၆)၊* လူငယ်*များ* လက်တွဲလုပ်ဆောင်ရန်အတွက် စိန်ခေါ်မှုများ

### ၄.၁.၂။ မျိုးဆက်များ ကွာဟမှု

အာဏာသိမ်းဆန့်ကျင်ရေးလှုပ်ရှားမှု အစောပိုင်းကာလများတွင် လူငယ်များ ပူးပေါင်းလုပ်ဆောင်ရာတွင် လူကြီးနှင့် လူငယ်များကြား မျိုးဆက်ကွာဟမှုကို အဟန့်အတားတစ်ခုအဖြစ် မိမိတို့၏ KII အင်တာဗျူးများတွင် မကြာခဏ ဖော်ပြခဲ့သည်။ လူငယ်များသည် ရန်ပုံငွေရှာဖွေခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းများကို စီမံခန့်ခွဲခြင်းနှင့် လက်နက်ကိုင်တော်လှန်ရေးများ အပါအဝင် အခြားတော်လှန်ရေးလုပ်ငန်းများကို စတင် ဦးဆောင်လာစဉ် သက်ကြီးမျိုးဆက်များ၏ ယုံကြည်မှုရရှိရန် အချိန်အတော်အတန်ယူခဲ့ကြောင်း တင်ပြ ကြသည်။ တော်လှန်ရေးလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်သည့်အခါ ခံယူချက်၊ အတွေ့အကြုံနှင့် အခြား လူမှုရေးစံနှုန်းများ (ဥပမာ၊ ကျား/မ) ကွဲပြားမှုများကြောင့် မတူသောမျိုးဆက်များကြားတွင် ငြင်းခုံမှုများ ဖြစ်ပွားလေ့ရှိသည်။ ယင်းကြောင့် လူငယ်များ ခေါင်းဆောင်မှုအခန်းကဏ္ဍများတွင် ပါဝင်မှုအပေါ် သက်ရောက်မှုရှိစေပြီး၊ လူငယ်များအနေဖြင့် လူကြီးများနှင့် ပူးပေါင်းဆောင်ရွက်များရန် လုပ်ဆောင် နိုင်စွမ်းကိုလည်း အကန့်အသတ် ဖြစ်စေသည်။ မွန်ပြည်နယ်မှ အသက် (၃၂) နှစ်အရွယ် လူငယ် ၏အမျိုးသမီး တစ်ဦးမှ ပြောပြသည်မှာ-

> *ကျွန်မရဲ့အတွေ့အကြုံအရ လူငယ်နဲ့ လူကြီးမျိုးဆက်တွေဟာ အယူဝါဒကွဲပြားမှုတွေကြောင့် ပူးပေါင်းဖို့ အစောပိုင်းကာလတွေမှာ ခက်ခဲခဲ့ပေမယ့် အွန်လိုင်းကတစ်ဆင့် နိုင်ငံရေးအသိအမြင် ရရှိလာတာကြောင့် အခုနောက်ပိုင်း ပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်လာပါတယ်။ မျိုးဆက်သစ် လူငယ်များအနေနှင့် တော်လှန်ရေးကို ဦးဆောင်နိုင်စွမ်းရှိကြောင်း သက်သေပြခဲ့ရတယ်။ လူကြီးတွေက လူငယ်တွေရဲ့ အရည်အချင်းကို အသိအမှတ်ပြုဖို့ လူငယ်တွေဟာ အများကြီး ပေးဆပ်မှုတွေ၊ အနစ်နာခံမှုတွေ ပြုလုပ်ခဲ့ရပါတယ်။ အလားတူ ကျေးလက်နှင့် မြို့ပြနောက်ခံမှ လူငယ်များတွင်လည်း မတူညီသော အတွေ့အကြုံ ရှိကြပြီး၊ ဒီလိုဖြစ်လာအောင် ခေတ်အဆက်အဆက် စနစ်တကျကို ခွဲခြားခြင်းခံခဲ့ကြရတယ်။* ”

ကရင်နီပြည်နယ်မှ အသက် (၂၉) နှစ်အရွယ် လူငယ်အမျိုးသမီးတဦးမှလည်း လူကြီးများ၏ ယုံကြည်မှုရရှိရန် ကြိုးပမ်းရာတွင် လူငယ်အမျိုးသမီးများအနေဖြင့် စိန်ခေါ်မှု နှစ်ဆ ရင်ဆိုင်ရကြောင်း ရှင်းပြထားသည်။

> *လူကြီးတွေနဲ့ လူငယ်ကြားမှာ ကွဲပြားတဲ့ခံယူချက်ရှိကြတယ်။ လူငယ်တစ်ယောက်အနေနှင့်ရော အမျိုးသမီးတစ်ယောက်အနေနှင့်ပါ လွတ်လပ်စွာ ပြောဆိုခွင့်ကို လေ့လာသိရှိခဲ့ရပြီး၊ ဖိုဝါဒကြီးစိုးတဲ့ စနစ်ကို မနှစ်မြို့တော့ဘူး။ အဲလိုဘဲ အမျိုးသားများကလည်း အမျိုးသမီးတစ်ဦး ခေါင်းဆောင်နေရာ ရောက်ရင် မကြိုက်ကြတော့ဘူး။ ဒါကြောင့် လူကြီးတွေနဲ့ လူငယ်တွေကြားမှာရော၊ အမျိုးသမီးရော အမျိုးသားတွေကြားမှာရော အများကြီးအလျှော့အတင်းလုပ်ဖို့ အရေးကြီးပါတယ်။* ”

### ၄.၁.၃။ ဆက်သွယ်ရေးနှင့် ဘာသာစကား အခက်အခဲအတားအဆီးများ

လူငယ်များတင်ပြလာသည့် အခြားသော အသေးအဖွဲ့အခက်အခဲများမှာ ထိရောက်မှုမရှိသော ဆက်သွယ်ရေး လမ်းကြောင်း၊ ဘာသာစကားအတားအဆီးများနှင့် မတူညီသောယဉ်ကျေးမှုများ ဖြစ်ကြသည်။ ထိရောက်သော ဆက်သွယ်ရေးလမ်းကြောင်း မရှိခြင်းသည် မတူညီသော တော်လှန်ရေးအဖွဲ့များကြားနှင့် လူငယ်များကြားတွင်

နားလည်မှုလွဲမှားခြင်းကို ဖြစ်ပေါ်စေပြီး၊ အထက်အောက် ဆက်ဆံရေး လမ်းကြောင်းများသည် သတင်းအချက်အလက်စီးဆင်းမှု၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် တော်လှန်ရေးလှုပ်ရှားမှုများကို အကောင်အထည်ဖော်ရာတွင် နှောင့်နှေးမှုများ ဖြစ်စေသည်။

ထို့အပြင် လူငယ်နှင့် လူကြီး (ခေါင်းဆောင်များ) များအကြား ပွင့်လင်းမြင်သာမှု မရှိခြင်းကြောင့် တော်လှန်ရေး လှုပ်ရှားမှုများအတွင်း မလိုလားအပ်သော နားလည်မှုလွဲမှားမှုများ ဖြစ်ပေါ်စေသည့်အကြောင်း လူငယ်များက ငြီးငြူကြသည်။ ဥပမာ ခေါင်းဆောင်များ (ဆိုလိုသည်မှာ NUG) အနေနှင့် လူငယ်များ အခြေခံ စစ်ရေးသင်တန်း ပြီးဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့် အနာဂတ်အစီအစဥ်များကို ရှင်းပြခြင်း သို့မဟုတ် လမ်းညွှန်ချက်များပေးနိုင်ခြင်း မရှိသည်ကိုလည်း လေ့လာသိရှိရပါသည်။ ထို့အပြင် အချို့ နေရာများတွင် သတင်းအချက်အလက် စီးဆင်းမှုပြတ်တောက်ခြင်းသည် တစ်ခါတစ်ရံတွင် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့များကြားတွင် ယုံကြည်မှုကင်းမဲ့ခြင်းနှင့် နားလည်မှုလွဲမှားခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ အသက် (၂၃) နှစ်အရွယ် ဗမာလူငယ် အမျိုးသားတစ်ဦးက ဤသို့မှတ်ချက်ပြုသည်။

> *သတင်းအချက်အလက်ပြတ်တောက်မှု (ကွာဟမှု) က ဒီတော်လှန်ရေးရဲ့ အဓိကအတားအဆီးပါပဲ။ သတင်းအချက်အလက်ကွာဟမှု၊ ယုံကြည်မှုကင်းမဲ့မှုနှင့် နားလည်မှုလွဲမှားမှုတွေ မြန်မာနိုင်ငံ အထက်ပိုင်းက PDFအချင်းချင်း အပြန်အလှန်ပစ်ခတ်မှု သတင်းတွေကို ကျွန်တော်တို့ တွေ့မြင် နိုင်ပါတယ်။ အချင်းချင်းကြား ယုံကြည်မှုကို တိုးမြှင့်ရန်နှင့် PDF များအကြား နားလည်မှုလွဲမှားမှုကို လျော့နည်းစေဖို့ ဆက်သွယ်ရေးကွာဟချက်ကို လျှော့ချနိုင်ရန် အရေးကြီးပါတယ်။* ”

ဆက်သွယ်ရေးဆိုင်ရာအတားအဆီးများနှင့်အတူ၊ ဘာသာစကားအတားအဆီးများကိုလည်း လူငယ်များ အကြား နားလည်မှုလွဲမှားစေသည့် အခြားသောအသေးအဖွဲပြဿနာတစ်ခုအဖြစ် တင်ပြထားကြသည်။ အာဏာသိမ်းမှုက မြို့ပြဒေသမှ လူငယ်အများအပြားကို တိုင်းရင်းသားဒေသများသို့ တိမ်းရှောင်ရန် ဖိအားပေးလာသောအခါ၊ အဆိုပါ လူငယ်များသည် အခြားတိုင်းရင်းသားဘာသာစကားပြောသော မတူညီသော ယဥ်ကျေးမှု နောက်ခံရှိသူများနှင့် ထိတွေ့ဆက်ဆံလာကြသည်။ ယင်းသည် မတူညီသော ယဥ်ကျေးမှုဆိုင်ရာ အသားမကျမှုများကို ဖြစ်စေကာ ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲအတားအဆီးများကို ဖြစ်စေသည်။ အဆိုပါ ကိစ္စရပ်များသည် ရံဖန်ရံခါ လူငယ်များအကြား နားလည်မှုလွဲမှားခြင်းကို ဖြစ်စေသည်။ မြို့ပြလူငယ်များစွာကို လွတ်မြောက်နယ်မြေများသို့ ခရီးထွက်ရန်ကူညီဆောင်ရွက်ပေးခဲ့သည့် အသက် (၃၅) နှစ်အရွယ် ကရင်လူငယ်တဦးမှ ၎င်း၏ အတွေ့အကြုံကို အောက်ပါအတိုင်း မျှဝေထားသည်။

> *ကျွန်တော်ကတော့ မြို့ပေါ် (ဥပမာ ဗမာ) နဲ့ ဒေသခံ (ကရင်) လူမျိုးတွေနဲ့ ဆက်ဆံရေးကောင်းတယ်။ ဗမာလူငယ်တွေ လွတ်မြောက်နယ်မြေကို စရောက်ရှိချိန်မှာတော့ ယဥ်ကျေးမှုမတူတဲ့အတွက် အခက်အခဲတွေ အများကြီး ရှိကြတယ်။ မလိုလားအပ်တဲ့ နားလည်မှုလွဲမှားမှုတွေ လျော့ပါးစေရန် သူတို့ကို ဒေသခံတွေနှင့် သဟဇာတဖြစ်အောင် ဘယ်လိုပြုမူရမယ်၊ ပြီးတော့ ဒေသခံပြည်သူနှင့် ဒေသခံစစ်သားတွေကို ဘယ်လိုစကားပြောရမယ်စသဖြင့်ရှင်းပြပြီး လမ်းညွှန်ပေးခဲ့ပါတယ်။* ”

### ၄.၂။ မတူကွဲပြားခြင်းသည် နေ့ဦးတော်လှန်ရေးအတွက် အတားအဆီးဖြစ်နေပါသလား။

အထက်ပါ စိန်ခေါ်မှုများသည် တော်လှန်ရေးလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်နေကြသော လူငယ်များ အတွက် အတားအဆီးဖြစ်/မဖြစ်ကို ဤလေ့လာမှုတွင် ဆက်လက် လေ့လာဆန်းစစ်ထားပါသည်။ အထက်ဖော်ပြပါ အတားအဆီးများ ရှိနေလင့်ကစား၊ လူငယ်များသည် ထိုပြဿနာများကို အလွယ်တကူ ဖြေရှင်းနိုင်ကြပြီး၊ ၎င်းတို့၏ ဘုံရည်မှန်းချက်အတွက် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်ရန် စိတ်အားထက်သန်ကြကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ထိုပြဿနာများကို တော်လှန်ရေးလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်ရာတွင် လူငယ်များ**အ**ကြား သိသာထင်ရှားသော အတားအဆီးတစ်ခုအဖြစ် မရှုမြင် ခဲ့ကြပေ။ စင်စစ်၊ လူငယ်များသည် စိတ်သဘောထားပြည့်ဝခြင်းနှင့် ပူးပေါင်းဆောင်ရွက်စိတ်ရှိခြင်းကို ဤလေ့လာမှုမှ သတိပြုမိသည်။ ထို့အပြင် အာဏာသိမ်းမှုနောက်ပိုင်းတွင် ၎င်းတို့၏ နိုင်ငံရေးအသိပညာနှင့် မတူကွဲပြားမှုအပေါ် လက်ခံနိုင်မှု သိသိသာသာ တိုးလာခဲ့သည်ကိုလည်း တွေ့ရှိရသည်။ ထို့အပြင် လူငယ်များသည် အသိအမှတ်ပြုခံရလိုမှုနှင့် ရာထူးအဆင့်အတန်း တစ်ခုခု ရယူလိုမှု အပေါ် စိတ်ဝင်စားမှုနည်းပါးကြပြီး တော်လှန်ရေးလုပ်ငန်း အောင်မြင်ရေးအပေါ်သာ အထူးအာရုံစိုက်ကြသည်။ အဆိုပါ အလေ့အထသည် လူငယ်များအကြား ပူးပေါင်းလှုပ်ရှားမှုများ ဆောင်ရွက်ရာတွင် လုပ်ငန်း အသွားအလာ ပိုမိုချောမွေ့စေပြီး လုပ်ငန်းများ ပိုမိုအောင်မြင်စေသည်။


ထို့အပြင် သေးငယ်သော်လည်း လူငယ်**များ**ဦးဆောင်သည့် လှုပ်ရှားမှုအများစုသည် ၎င်းတို့၏ တစ်စိုက်မတ်မတ် ဆောင်ရွက်မှု၊ မိမိကိုယ်ကိုအားကိုးမှုနှင့် ၎င်းတို့၏တာဝန်ဝတ္တရားများအပေါ် အပြည့်အဝဆောင်ရွက်ချက် များကြောင့် အောင်မြင်ခဲ့ကြောင်းကိုလည်း သတိပြုမိပါသည်။ ထို့အပြင်၊ မတူကွဲပြားသော ပတ်ဝန်းကျင်တွင် လူငယ်များသည် ဘုံသဘောတူညီချက်ကိုရှာရာတွင် ပို၍စိတ်ရှည်ပြီး ပိုမိုနှိမ့်ချတတ်ကြသည်။ ပြီးနောက် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုနှင့် ယုံကြည်မှုတည်ဆောက်ရန် စိတ်ဆန္ဒရှိတယ်။ ထို့ကြောင့် မတူကွဲပြားမှုနှင့် နားလည်မှုလွဲမှားမှုများ ရှိနေလင့်ကစား၊ လူငယ်များသည် ပြင်းထန်သော အငြင်းပွါးမှုများမဖြစ်ဘဲ အဆိုပါအခက်အခဲများကို ကောင်းမွန်စွာဖြေရှင်းနိုင်ခဲ့သည်။ အခြေခံပညာကျောင်းသားများသမဂ္ဂ အဖွဲ့ဝင် တစ်ဦးဖြစ်သည့် အသက် (၂၅) နှစ်အရွယ်ခန့်ရှိ ဗမာ အမျိုးသား တစ်ဦးက ပြောပြသည်မှာ-

> *ကျွန်တော်တို့ပညာရေးဗဟိုဘုတ်အဖွဲ့တွင် ဗုဒ္ဓဘာသာဝင်တွေ၊ ခရစ်ယာန်တွေ၊ ဟိန္ဒူတွေ၊ မွတ်ဆလင်တွေလိုမျိုး နောက်ခံအမျိုးမျိုးမှ လူများစွာ ပါဝင်ပါသည်။ ကျွန်တော်တို့ လူငယ်တွေ ကတော့ ဘာသာမတူကြတဲ့ အပေါ် သိပ်ဂရုမစိုက်ဘူး။ ကျွန်တော်တို့ ခံယူချက်ကတော့ ကျွန်တော်တို့ အားလုံးဟာ မြန်မာနိုင်ငံသားတွေဖြစ်ကြတယ်၊ ပြီးတော့ ကျွန်တော်တို့ နိုင်ငံသားတွေကိုကာကွယ်ဖို့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်။ ဒါကြောင့် အဓိကကတော့ ကျွန်တော်တို့ရဲ့ ဘုံရည်မှန်းချက် ပန်းတိုင်ကို ရောက်အောင်သွားဖို့ပါပဲ။* ”

လွတ်မြောက်နယ်မြေတစ်နေရာတွင် ရောက်ရှိနေပြီး မီဒီယာအဖွဲ့တွင် ပါဝင်လုပ်ဆောင်နေသော အသက် (၂၃) နှစ် အရွယ်ခန့်ရှိ ကရင်အမျိုးသမီးငယ်တဦးကလည်း ဖြည့်စွက်ထားသည်မှာ -

*လုံလဝီရိယရှိရှိ တစ်စိုက်မတ်မတ် လုပ်ဆောင်နိုင်မှုက အောင်မြင်မှုရလဒ်ကို ရရှိစေတဲ့ အရေးကြီးဆုံး အချက်ဖြစ်တယ်။ ကျွန်မတို့အနေနှင့် ပြည်သူတွေရဲ့ယုံကြည်မှုကို ချက်ချင်း မရနိုင်ဘူး၊ ကျွန်မတို့ တစိုက်မတ်မတ်မရပ်ဘဲ လုပ်ဆောင်ရပါမယ်။ အမျိုးသမီးတွေက ပြည်သူတွေရဲ့ ယုံကြည်မှု ရဖို့ ပိုခက်တယ်။ ကျွန်မတို့ ပြောတဲ့အတိုင်း အလုပ်နဲ့သက်သေပြနိုင်ရမယ်။ လိုချင်တဲ့ ရလဒ်တွေ မရမချင်း တစ်စိုက်မတ်မတ်လုပ် လုပ်ဆောင်မယ်ဆိုရင် ပြည်သူတွေရဲ့ ယုံကြည်မှုကို ရရှိမှာပါ။* ”

စစ်တမ်းတွင်လည်း လူငယ်များ၏ မတူကွဲပြားမှုအပေါ် ယေဘုယျခံယူချက်နှင့် တော်လှန်ရေးလှုပ်ရှားမှုများ အတွင်း ၎င်းတို့၏လုပ်ဆောင်နိုင်မှုစွမ်းရည်အပေါ် သက်ရောက်မှုရှိ/မရှိ (သို့မဟုတ်) တော်လှန်ရေး၏ အဓိက ဇာတ်ဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် သက်ရောက်မှုရှိ/မရှိကို ဆန်းစစ်ခဲ့သည်။ ခြုံငုံကြည့်လျှင် လူငယ်များသည် လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူမျိုးစုဆိုင်ရာကွဲပြားခြားနားမှုများကို တော်လှန်ရေး လှုပ်ရှားမှုများ ပူးပေါင်းဆောင်ရွက်ရာတွင် သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းလာခြင်းရန် ဆောင်ရွက်ရာတွင် အဟန့်အတားအဖြစ် မရှုမြင်ထားကြပေ။ စစ်တမ်းရလဒ်များအရ မတူကွဲပြားမှုသည် ဤတော်လှန်ရေးအတွက် အတားအဆီးတစ်ခုဖြစ်သည် ဟူသော တင်ပြချက်ကို ဖြေဆိုသူ၏ (၃၅) ရာခိုင်နှုန်း မှ "ပြင်းပြင်းထန်ထန် သဘောမတူကြောင်း"၊ (၂၅) ရာခိုင်နှုန်းမှ "သဘောမတူကြောင်း" နှင့် (၂၂) ရာခိုင်နှုန်းမှ "ကြားနေ" ဖြစ်ကြောင်း အသီးသီးဖော်ပြသည် (ပုံ - ၁၇ ကိုကြည့်ရန်)။




*ပုံ (၁၇)၊ မတူကွဲပြားမှုသည် တော်လှန်ရေးအတွက် အဟန့်အတားဖြစ်နေပါသလား။*

ဤတော်လှန်ရေးတွင် မတူကွဲပြားသော နောက်ခံများမှ လူငယ်များ၏ ပေါင်းစည်းမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုသည် သိသာထင်ရှားလျက်ရှိသည်။ ရံဖန်ရံခါ စိန်ခေါ်မှုများ ကြုံတွေ့လေ့ ရှိသော်လည်း လူငယ်များသည် ၎င်းတို့၏ ဘုံရည်မှန်းချက်များဆီသို့ ရောက်အောင် အတူတကွ ပူးပေါင်း ဆောင်ရွက်ရာတွင် အံမခန်းသော ခံနိုင်ရည်ရှိမှု နှင့် လိုက်လျောညီထွေရှိမှုကို သက်သေပြခဲ့ကြသည်။ ပို၍အရေးကြီးသည်မှာ လူငယ်များသည် လူကြီးများထက် ရှေးရိုးစွဲ

တွေးခေါ်စဉ်းစားမှု ပိုမိုနည်းပါးပြီး အပြောင်းအလဲနှင့် အတွေးအခေါ်ပုံသစ်များကို လက်ခံရန် ဆန္ဒရှိကြသည်။ ထို့ကြောင့် လူငယ်များ သည် ဘာသာရေး သို့မဟုတ် လူမျိုးရေး မခွဲခြားဘဲ မတူကွဲပြားသော နောက်ခံအမျိုးမျိုးမှ လူများ (ကာကွယ်ရေး၊ နိုင်ငံရေး၊ နှင့် CDM များ) နှင့် ပိုမိုခိုင်မာသော လူမှုကွန်ရက်များကို တည်ဆောက်နိုင်ပြီး အလွယ်တကူ ပေါင်းစည်းနိုင်ကြသည်။ ဤသည်မှာလည်း စစ်အာဏာရှင်စနစ်ကို ဖြုတ်ချရန်ဟူသော ဘုံရည်မှန်းချက်ကြောင့် ဖြစ်နိုင်သည်။

## ၄.၃။ တော်လှန်ရေးကာလအတွင်း လူထု၏ ပြောင်းလဲလာသော သဘောထားများ

မြန်မာနိုင်ငံ၏ လက်ရှိတော်လှန်ရေးသည် ၁၉၈၈ ခုနှစ် လူထုအုံကြွမှုကဲ့သို့သော ရှေးယခင်နိုင်ငံရေးလှုပ်ရှားမှု များနှင့် နှိုင်းယှဉ်ပါက သိသာထင်ရှားသော ပြောင်းလဲမှုများကို မြင်တွေ့ခဲ့ရသည်။ ယင်းမှာ သတင်း အချက်အလက်နှင့် အင်တာနက်နည်းပညာများ တိုးမြှင့်ဝင်ရောက်လာခြင်းက ပြည်သူလူထုကြား ပိုမို ဆက်သွယ်ပြောဆိုနိုင်စေပြီး စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများ၊ ဖြစ်ရပ်မှန်များကို အချိန်နှင့် တပြေးညီ မြင်တွေ့နိုင်စေခြင်းကြောင့် ဖြစ်သည်။ ထို့အပြင် ယခုတော်လှန်ရေးသည် စည်းလုံးညီညွတ်မှု၊ လူထုကြား အသိပညာမြှင့်တင်မှုအပြင် လူနည်းစု၏ အစီအစဉ်များကို စာနာနားလည်မှု၊ နိုင်ငံရေးအမြင်များ၊ ကျားမရေးရာ အတွေ့အကြုံများနှင့် လူ့အခွင့်အရေး စသည့် အသိပညာများကို မြှင့်တင်ပေးသည်။

### ၄.၃.၁။ တိုင်းရင်းသားလူနည်းစုများအပေါ် ကိုယ်ချင်းစာမှု ပွားများလာခြင်း

ဗမာလူအများစုနေထိုင်ရာ ဒေသများတွင် ငြိမ်းချမ်းစွာ ဆန္ဒပြသ**ည့်**ပြည်သူများကို စစ်တပ်က ရက်စက်စွာ ဖြိုခွင်း**မှု**အား မျက်မြင်ကြုံတွေ့ရပြီးနောက် ရိုဟင်ဂျာ အသိုက်အဝန်းအပါအဝင် တပ်မတော်၏ ရက်စက် ကြမ်းကြုတ်မှုနှင့် တိုက်ခိုက်မှုများကို နှစ်ပေါင်းခြောက်ဆယ်ကျော်ခံလာကြသည့် တိုင်းရင်းသား လူနည်းစုများအပေါ် ပြည်သူလူထု၏ နားလည်မှု၊ စာနာမှုများမှာ ပိုမိုတိုးပွားလာကြောင်း သိရသည်။

ယခင်က တိုင်းရင်းသားလူနည်းစုများ တောင်းဆိုသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မကြာခဏဆိုသလို ခွဲထွက်ရေး ပုံစံအဖြစ် အပျက်သဘောဆောင်ကာ ရှုမြင်ခဲ့ကြသည်။ မြန်မာစစ်တပ်မှလည်း အဆိုပါ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကို ၎င်းတို့၏ "ပြည်ထောင်စု မပြိုကွဲရေး" ဝါဒဖြန့်မှုအတွက် အသုံးချခဲ့သည်။ ယခုအခါ ပြည်သူလူထု အထူးသဖြင့် လူငယ်များသည် "တပ်မတော်သည် တိုင်းပြည်ကို ပြည်ပကျူးကျော်သူရန်နှင့် ပြည်ထောင်စု ပြိုကွဲသည့် အန္တရာယ် မှ ကာကွယ်ပေးသည်" ဟူသော ဝါဒဖြန့်ပြောဆိုချက်များကို ပယ်ချလာခဲ့ကြသည်။ ယင်းအစားယခုအခါပြည်သူလူထုသည် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးနှင့် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးဟူသော ဘုံရည်မှန်းချက်အောက်တွင် ပိုမိုစည်းလုံး လာကြသည်။ အသက် (၂၇) နှစ်အရွယ်ခန့်ရှိ ချင်းလူငယ်တစ်ဦးက အောက်ပါအတိုင်း မှတ်ချက်ချသည်။

*ဒီလိုစည်းလုံးမှုမျိုး တစ်ခါမှမတွေ့ဖူးဘူး။ လူတော်တော်များများက တိုင်းရင်းသားလူနည်းစုတွေရဲ့ ခံစားချက်ကို နားလည်လာကြတယ်။ ဥပမာဆိုရင် ခုဖြစ်နေတဲ့ ရခိုင်စစ်ပွဲ အပေါ်ပေါ့။ ဒီတော်လှန်ရေး မှာ မြန်မာစစ်သားတွေ တစ်ယောက်မကျန်တဲ့အထိ လုံးဝနိုင်အောင်တိုက်ခိုက်တဲ့ရလဒ် ရလိမ့်မယ်လို့ ကျွန်တော်အနေနှင့်မယုံဘူး။ နောက်ဆုံးမှာတော့ စေ့စပ်ညှိနှိုင်းရေး စားပွဲဝိုင်းကို သွားရမယ်။ ကျွန်တော့် ထင်မြင်ချက်က တခြားသူတွေနဲ့ ကွဲလွဲနိုင်ပါတယ်။* ”

အင်တာဗျူးဖြေဆိုသူ ဗမာအမျိုးသားတစ်ဦးကလည်း အောက်ပါအတိုင်း ရှင်းပြသည်။

*အရင်က တပ်မတော်ရဲ့ သူရဲကောင်းဆန်မှုအကြောင်းဘဲ သင်ကြားခံခဲ့ရတဲ့အတွက် တိုင်းရင်းသား တွေ ဘယ်လိုဒုက္ခရောက်နေတယ်ဆိုတာ ကျနော်တို့ သိပ်နားမလည်ခဲ့ဘူး။ နောက်တချက်ကတော့ လူတစ်ယောက်က အခုလို သတ်နိုင်၊ ဖျက်ဆီးနိုင်တယ်၊ ဒါမှမဟုတ် တခြားလူတွေရဲ့ အိမ်တွေကို ရက်ရက်စက်စက် မီးရှို့နိုင်တယ် ဆိုတာ မယုံကြည်ခဲ့လို့။ အခုချိန်မှ စစ်တပ်က ဘယ်လောက် ရက်စက်ကြမ်းကြုတ်ပြီး ကိုယ့်ဗမာပြည်သူတွေကိုတောင် ဒီလို ရက်ရက်စက်စက်သတ်ဖြတ် နေနိုင်တာမြင်ရတော့မှ၊ တိုင်းရင်းသားတွေက ဘာကြောင့် ဗမာစစ်တပ်ကို မုန်းတီးနေလဲ ဆိုတာ ကျနော်တို့ နားလည်ပါတယ်။* ”

တပ်မတော်၏ အကြမ်းဖက်လုပ်ရပ်များကို မျက်မြင်ကြုံတွေ့လိုက်ရခြင်းဖြင့် ပြည်သူလူထု၏ စစ်တပ်ကို ဖြုတ်ချလိုသည့်စိတ်ဓါတ်သည် ပိုမိုပြင်းထန်လာခဲ့သည်။ ယင်းက တပ်မတော်အပေါ် လေးစားမှုချစ်ခင်မှုအား လျော့နည်းလာစေသည်။ မိမိတို့၏ KII အင်တာဗျူးများတွင် လူငယ်များသည် ဤတော်လှန်ရေးကို အနိုင်ယူပြီး စစ်အာဏာရှင်စနစ်ကို အဆုံးသတ်ရန် စိတ်ပိုင်းဖြတ်ထားသည်ကို တွေ့ရှိရသည်။ မည်သည့် လူမျိုးနှင့်မဆို ပူးပေါင်းကာ ယုံကြည်မှုတည်ဆောက်ရန် ကတိကဝတ်ပြုထားသည်ကို တွေ့ရှိရသည်။ စစ်ကိုင်းတိုင်း ဒေသကြီးမှ လူငယ်အမျိုးသမီး တစ်ဦးက ပြောပြချက်မှာ-

*အခု အကြမ်းဖက်စစ်တပ်က လူထုအပေါ် ရက်ရက်စက်စက် သတ်ဖြတ်မှုတွေ ကျူးလွန်တဲ့ နောက်မှာ လူထုရဲ့ ဆုံးဖြတ်ချက်က ပိုလို့တောင် ပြင်းထန်လာပါတယ်။ အခုဆို ပြည်သူလူထုက အရင်လို တပ်မတော်ကို မလေးစားတော့ဘဲ သူတို့ရဲ့ရက်စက်ကြမ်းကြုတ်မှုတွေကြောင့် ဖက်ဆစ် တပ်မတော် လို့တောင် ခေါ်ကြတယ်။ ယခုလည်း သူတို့ရဲ့ အိုးအိမ်တွေ ဆုံးရှုံးပြီးကတည်းက ဘုရင့်နောင် ဖောင်ဖျက်ဆိုတဲ့ စကားပုံလိုဘဲ လူထုဟာ တော်လှန်ရေးကို အနိုင်ယူပြီး စစ်အာဏာရှင် စနစ်ကို အဆုံးသတ်ချင်ကြတယ်။* ”

### ၄.၃.၂။ လူနည်းစုများအပေါ် ကိုယ်ချင်းစာမှု ပွားများလာခြင်း (အထူးသဖြင့် ရိုဟင်ဂျာအသိုက်အဝန်း)

ပို၍အရေးကြီးသည်မှာ မိမိတို့၏ KII အင်တာဗျူးဖြေဆိုသူများ၏ ပြောပြချက်များအရ အထူးသဖြင့် ရိုဟင်ဂျာအသိုက်အဝန်းကဲ့သို့ မတူညီသော လူမှုအသိုင်းအဝန်းအပေါ် ပြည်သူလူထု၏ လက်ခံနိုင်မှုသည် အပြုသဘောဆောင်ကာ တိုးတက်ပြောင်းလဲလာကြောင်း သိရှိရသည်။ ဥပမာအားဖြင့် လူငယ်များကြား လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာ မတူကွဲပြားမှုကို ပိုမိုသိရှိနားလည်လာကြပြီး၊ ရိုဟင်ဂျာအသိုင်းအဝန်း၏ ရုန်းကန်ရမှုများနှင့် ဆင်းရဲဒုက္ခများကို ပိုမိုနားလည်လာစေသည်။ အွန်လိုင်းပလက်ဖောင်းများနှင့် အင်တာနက် သတင်းအချက်အလက်များသည် လူငယ်များအား လေ့လာသင်ယူမှုနှင့် လူမှုသဘောထားများကို ဖွံ့ဖြိုး တိုးတက်စေရန် အထောက်အကူဖြစ်စေပြီး တော်လှန်ရေးလှုပ်ရှားမှုများဆောင်ရွက်ရာတွင် စည်းလုံး ညီညွတ်မှု ရရှိရန် အထောက်အကူပြုစေပါသည်။ ကျောင်းသားသပိတ်အဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဗမာအမျိုးသားတစ်ဦးက လူငယ်များကြား စည်းလုံးညီညွတ်မှု တိုးပွားလာစေရန် အချင်းချင်းခွဲခြားဆက်ဆံခြင်းမပြုရန် အချင်းချင်းအသိပညာ ပေးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း ပြောကြားရာတွင်၊ -

> *သိသာထင်ရှားတဲ့ ပြောင်းလဲမှုတစ်ခုကတော့ လူငယ်တွေကြားမှာ သူတို့ရဲ့ လူမျိုး၊ အသားရောင်နဲ့ ဘာသာတရားတွေအပေါ် အခြေခံပြီးခွဲခြားဆက်ဆံတာ မရှိဘူး။ တစ်ယောက်ယောက်က "ကုလား" လို့ မတော်တဆသုံးမိရင်တောင်မှ တခြားလူငယ်ကအဲလိုမသုံးနှုန်းဖို့ ပြန်သတိပေးကြလေ့ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ နောင်မျိုးဆက်တွေကိုလည်း ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် မတူကွဲပြားမှု ကို ဘယ်လိုလေးစားရမလဲဆိုတာတွေ သင်ကြားပေးသင့်ပါတယ်။ အခုလူငယ်တွေဟာ လူမျိုး၊ ဘာသာတရားနဲ့ ပတ်သက်တဲ့ ပြဿနာမရှိဘဲ အကြောင်းအရာများစွာကို အတူတကွဆွေးနွေးနိုင် ကြပါတယ်။* ”

ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာအမျိုးသမီးငယ်တစ်ဦးကလည်း သူမအပေါ် လူထုသဘောထား ပြောင်းလဲလာမှုနှင့် ပတ်သက်၍ ၎င်း၏ အတွေ့အကြုံများကို မျှဝေခဲ့ရာတွင်၊ -

> *အာဏာသိမ်းပြီးနောက်ပိုင်း လူထုသဘောထားက အပြုသဘောဆောင်တဲ့ပုံစံနဲ့ ပြောင်းလဲ သွားတယ်။ ဥပမာအားဖြင့်၊ ကျမတို့အပေါ် "ကုလား" လို့ခေါ်တာ အသုံးနည်းလာပြီး ရခိုင်လူမျိုးတွေ ကလည်း ကျွန်မတို့ကို ကောင်းကောင်းမွန်မွန်ဆက်ဆံလာတယ်။ အဲဒီလို အပြောင်းအလဲအတွက် အရမ်းဝမ်းသာပါတယ်။ ၂၀၁၂ မတိုင်ခင်က ကျွန်မတို့ကြားမှာ အလွန်ကောင်းမွန်တဲ့ ဆက်ဆံရေး ရှိခဲ့ပေမယ့် ၂၀၁၂ ခုနှစ်နောက်ပိုင်းမှာတော့ ဆက်ဆံရေးတွေ ပျက်ဆီးခဲ့ပါတယ်။ အခု တော်လှန်ရေး နောက်ပိုင်းမှာလည်း ကျမတို့ကြား ဆက်ဆံရေးဟာ ကောင်းမွန်တဲ့ဘက်ကို ဦးတည်လာခဲ့ပါတယ်။* ”

ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာအမျိုးသား လူငယ်တစ်ဦးကလည်း ရိုဟင်ဂျာအသိုင်းအဝိုင်းအပါအဝင် လူနည်းစုများအပေါ် လက်ခံနိုင်မှုနှင့် ပက်သက်၍ ပြည်သူလူထု၏ လူမှုရေးနှင့် နိုင်ငံရေးတန်ဖိုးများ တိုးတက် ပြောင်းလဲလာကြောင်း ဖော်ပြထားသည်။

*ဒီလို အသွင်ကူးပြောင်းမှုနဲ့အတူ လူတွေရဲ့ အပြုအမူတွေ အများကြီးပြောင်းလဲလာတာကို ကျွန်တော် သတိပြုမိပါတယ်။ အာဏာသိမ်းမှုမတိုင်မီက ပြည်သူလူထုကြားထဲမှာ တိုင်းရင်းသားများနှင့် ပက်သက်ပြီး နားလည်နိုင်မှုနည်းပါးခဲ့ပါတယ်။ ရိုဟင်ဂျာတွေကိုလည်း မထီမဲ့မြင်ပြုတယ်။ အာဏာသိမ်းပြီးနောက်တွင် ပြည်သူအများစုဟာ နိုင်ငံရေးအသိနှင့် လူနည်းစု တိုင်းရင်းသားများရဲ့ ရုန်းကန်မှုနှင့် ဆင်းရဲဒုက္ခများကို ပိုမိုနားလည်လာကြသည်။ ဒါ့အပြင် ဒီတော်လှန်ရေးက တိုင်းရင်းသား လူနည်းစုအုပ်စုများကို မထိခိုက်စေဘဲ လူ့အဖွဲ့အစည်းများစွာကို စည်းလုံးညီညွတ်စေပြီး ယခင်ကထက် ပိုမိုစည်းလုံးလာစေပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်လေးစားတန်ဖိုး ထားကြတယ်။ ဒါက တော်လှန်ရေးအတွက် အပြုသဘောဆောင်သော သဘောထားတစ်ရပ် ဖြစ်ပြီး မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက်ဖြစ်လည်းဖြစ်တယ်။ ဒီစည်းလုံးညီညွတ်မှုဟာ မြန်မာစစ်တပ် ကို ဖျက်ဆီးမယ့် ခြိမ်းခြောက်မှုတစ်ခုလည်း ဖြစ်ပါတယ်။* ”

### ၄.၃.၃။ နိုင်ငံရေးအသိပညာ ဗဟုသုတများ တိုးလာခြင်း

ထို့အပြင် တော်လှန်ရေးသည် လူ့အခွင့်အရေး၊ ဖက်ဒရယ်စနစ်၊ အာဏာရှင်စနစ်၊ ကျား၊ မတန်းတူရေး၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် စသဖြင့် ပြည်သူလူထု၏ နိုင်ငံရေးအသိအမြင်များကို မြှင့်တင် ပေးခဲ့သည်။ ဗမာအများစု အပါအဝင် ပြည်သူများသည် ယခုအခါ ဖက်ဒရယ် ဒီမိုကရေစီ တောင်းဆိုမှုများကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာကြပြီး၊ စစ်တပ်က ဝါဒဖြန့်ထားသကဲ့သို့ ခွဲထွက်ခြင်း ပုံစံအဖြစ် မရှုမြင်တော့ဘဲ လက်ရှိနိုင်ငံရေးအကျပ်အတည်းနှင့် သမိုင်းဆိုင်ရာ မကျေနပ်ချက်များကို ဖြေရှင်းရန် အလားအလာရှိသော ဖြေရှင်းနည်းအဖြစ် သဘောပေါက်လာကြသည်။ အမှန်စင်စစ်၊ တော်လှန်ရေး ကာလတွင် လူငယ်များသည် အထူးသဖြင့် ဖက်ဒရယ်စနစ်နှင့် ပတ်သက်သော နိုင်ငံရေးအသိပညာများ မြင့်တက်လာလျှင် အရေးကြီးကြောင်း အသိအမှတ်ပြုကြပြီး၊ ဖက်ဒရယ်စနစ်နှင့် ပတ်သက်၍ နိုင်ငံ၏ လက်ရှိ နိုင်ငံရေးအခင်းအကျင်းတွင် အရေးပါသောအကြောင်းအရာတစ်ရပ်အဖြစ် ရှုမြင်ကြသည်။ ဗမာလူငယ်များသည် နိုင်ငံရေးစနစ်နှင့် ၎င်း၏ရှုပ်ထွေးမှုများအကြောင်း ဗဟုသုတနည်းပါးလေ့ရှိသော်လည်း တိုင်းရင်းသားလူငယ်များသည် ဖက်ဒရယ်စနစ် လိုအပ်ကြောင်းနှင့် ဖက်ဒရယ်စနစ်၏ အလားအလာ ကောင်းသော အကျိုးကျေးဇူးတွေကို ပိုမိုကောင်းမွန်စွာ နားလည်ကြကြောင်း လူငယ်အများအပြားက သိမှတ်ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည်သူ့ ကာကွယ်ရေးအဖွဲ့ဝင် လူငယ်တစ်ဦးက ရှင်းလင်းတင်ပြသည်မှာ-

*လူထုရဲ့ နိုင်ငံရေးအသိပညာက အများကြီးတိုးတက်လာတယ်။ ဒါပေမယ့် ဒီအသိပညာကို ပြည်သူတွေကို ပိုပြီးတော့ ဖြန့်ဝေသင့်တယ်။ နိုင်ငံရေးအသိပညာပိုင်းမှာ လူထုက အားနည်းနေတယ် ဆိုရင် ဒါဟာ ကျွန်တော်တို့ရဲ့ တော်လှန်ရေးလမ်းကြောင်းမှာ အတားအဆီးတစ်ခု ဖြစ်နေလိမ့်မယ်။* ”

### ၄.၃.၄။ ကျားမ ဆိုင်ရာ အသိပညာ တိုးတက်လာခြင်း

ထို့အပြင်၊ ဤလေ့လာမှုသည် လူငယ်များကြားတွင် ကျားမတန်းတူညီမျှမှုဆိုင်ရာ အယူအဆများ တိုးတက်မှု နှင့် LGBTQ တို့၏ အခွင့်အရေးများကို လက်ခံမှု တိုးလာကြောင်း သိမှတ်ထားသည်။ တော်လှန်ရေး လှုပ်ရှားမှုအများစုတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်နေပြီး ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်နေကြောင်း လူငယ်အများစုက အသိအမှတ်ပြုကြသည်။ ဥပမာအားဖြင့်၊ မိမိတို့၏ KII တွေ့ဆုံမေးမြန်းမှု တွေ့ရှိချက်များအရ ကျားမအပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှုမှာ နည်းပါသည်ဟု ဖော်ထုတ်ကြပြီး၊ ဖြေဆိုသူအများစုသည် အမျိုးသမီးများ ဦးဆောင်သော "ထမိန်သပိတ်" ကဲ့သို့သော ကျားမရေးရာ ထိရှလွယ်သော လှုပ်ရှားမှုများကို သဘောကျကြသည်[26]။ အသက် (၃၀) နှစ်အရွယ် ချင်းအမျိုးသားတစ်ဦးက ရှင်းပြသည်မှာ -

> *ကျားမရေးရာအသိအမြင် တိုးတက်လာပြီ။ အခုကျွန်တော်တို့မှာ အမျိုးသမီးစစ်သည်တွေ အများကြီး ရှိတယ်။ မိဘတွေက အိမ်ပြန်ဖို့ခေါ်ထားပေမဲ့လည်း မပြန်ဘဲ အမျိုးသားစစ်သားတွေလောက်ကို အလုပ်လုပ်ကြတယ်။ မိမိတို့ရဲ့ ဌာနချုပ် သို့မဟုတ် စစ်အခြေစိုက်စခန်းတွင် ကျား/မခွဲခြားဆက်ဆံမှု တွေမရှိဘူး။ လူတိုင်းကို တစ်ပြေးညီဘဲ ဆက်ဆံကြတယ်။* ”

စစ်ကိုင်းတိုင်းဒေသကြီးမှ အသက် (၂၀) နှစ်အရွယ် လူငယ်အမျိုးသားတစ်ဦးမှ ယခုကဲ့သို့ မှတ်ချက်ချသည်။

> *ကျွန်တော်မြင်ရတဲ့ အပြုသဘောဆောင်တဲ့ နည်းလမ်း အဓိကပြောင်းလဲလာတဲ့ လူမှုရေးစံနှုန်းတွေ ကတော့ ကျားမရေးရာ အသိအမြင်၊ မျိုးချစ်စိတ်နဲ့* LGBTQ *တွေဖြစ်ပါတယ်။ ခုချိန်မှာ လူတော်တော် များများက အဲဒီတန်ဖိုးတွေကို နားလည်သဘောပေါက်ပြီး လက်ခံလာကြတယ်။* ”

ချင်းပြည်နယ်မှ အသက် (၂၅) နှစ်အရွယ် လူငယ်အမျိုးသမီး တစ်ဦးကလည်း-

> *လူငယ်တွေကြားမှာ အပြောင်းအလဲတွေ အများကြီးရှိတယ်။ အရင်က* LGBTQ *အခွင့်အရေးတွေ ဟာ သူတို့နှင့်မဆိုင်ဘူးလို့ အများစုက ထင်ခဲ့ကြပြီး သူတို့နှင့် မတူကွဲပြားတဲ့အပေါ် အပြစ်တင် ခဲ့ကြပေမယ့် အခုတော့* LGBTQ *အပေါ် လူတွေက အရင်ကထက် ပိုလက်ခံလာကြပါတယ်* ”

ခြုံငုံကြည့်လျှင် ဤတော်လှန်ရေးအတွင်း မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် လူမှုရေးတန်ဖိုးများ အပြောင်းအလဲ များစွာကို မြင်တွေ့ခဲ့ရသည်။ အရေးအကြီးဆုံးမှာ တိုင်းရင်းသားများနှင့် ရိုဟင်ဂျာအသိုက်အဝန်းအပေါ် မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများကို ပြည်သူလူထုက သတိပြုမိလာနေပြီဖြစ်သည်။ ထို့ကြောင့် လူထုသည် ၎င်းတို့ရင်ဆိုင်ခဲ့ရသည့် အခက်အခဲများကို ပို၍စာနာနားလည်လာကြသည်။ ထို့အပြင် သာမန်ပြည်သူလူထုကြားတွင် အထူးသဖြင့် ဖက်ဒရယ်စနစ်နှင့် လူနည်းစုအခွင့်အရေးများကဲ့သို့သော နိုင်ငံရေးအယူအဆများနှင့် ပတ်သက်သည့် နိုင်ငံရေးအသိအမြင် ပိုမိုရရှိလာကြသည်။ လူငယ်များသည် LGBTQ အသိုက်အဝန်းအပါအဝင် မတူကွဲပြားသော အသိုင်းအဝိုင်းများကို ပိုမိုလက်ခံလာခဲ့ကြပြီး ကျားမရေးရာ အခြေခံပြဿနာများကို ပိုမိုသိရှိနားလည်လာကြသည်။

## ၄.၄။ အဓိကဇာတ်ဆောင်များအကြား စည်းလုံးညီညွတ်မှုနှင့်ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများအပေါ် လူငယ်များ၏ အမြင်များ

နွေဦးတော်လှန်ရေး အောင်မြင်မှုအတွက် စည်းလုံးညီညွတ်ရေးသည် အရေးပါကြောင်း ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားကြသည်။ စစ်တပ်အာဏာသိမ်းပြီးနောက် နိုင်ငံတစ်ဝှမ်းတွင် တော်လှန်ရေးအဖွဲ့များ ပြန့်ပွားလာကာ NUG၊ အတိုင်ပင်ခံကော်မတီများ၊ သက်ဆိုင်ရာ ပြည်နယ်/ဒေသအခြေစိုက် နိုင်ငံရေး ညွန့်ပေါင်းအဖွဲ့များနှင့် လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များကဲ့သို့သော အဖွဲ့အစည်းအသစ်များစွာ ပေါ်လာခဲ့သည်။ ယခင်ရှိပြီးသား EAOs များနှင့် နိုင်ငံတွင်းရှိ နိုင်ငံရေးပါတီများကို ဖော်ထုတ်ပြီး အဆိုပါ အဖွဲ့အစည်းများအကြား ပူးပေါင်းခြင်းသည် စစ်အာဏာရှင်အစိုးရကို တွန်းလှန်ရန် အထိရောက်ဆုံး မဟာဗျူဟာ အဖြစ် ကျယ်ပြန့်စွာ ယူဆပါသည်။ အထူးသဖြင့် လူငယ်တော်လှန်ရေးအင်အားစုများအကြား လွှမ်းမိုးနေသော ဆန္ဒဖြစ်လာသည်။

ဤလေ့လာမှုသည် KIIs နှင့် စစ်တမ်းတွေ့ရှိချက်များမှတစ်ဆင့် တော်လှန်ရေး၏ အဓိကခေါင်းဆောင်များ နေရာရှိ ဇာတ်ဆောင်များအကြား စည်းလုံးညီညွတ်မှုနှင့် ပေါင်းစပ်ညှိနှိုင်းနိုင်မှုအဆင့်အပေါ် လူငယ်များ၏ သဘောထားကို လေ့လာဆန်းစစ်ခဲ့သည်။ KIIs အင်တာဗျူးတွင် ဖြေဆိုသူများအား တော်လှန်ရေး၏ အဓိကခေါင်းဆောင်များဖြစ်သည်ဟု ၎င်းတို့ယူဆသည့် အုပ်စုများကို ဖော်ထုတ်ရန်နှင့် ဤတော်လှန်ရေးတွင် ပါဝင်ပတ်သက်ခြင်းမရှိသော အခြားထင်ရှားသော အုပ်စုများကို ဖော်ထုတ်ပေးရန် တောင်းဆိုခဲ့သည်။ ထို့အပြင် KII အင်တာဗျူးတွင် အဆိုပါ အဓိကဇာတ်ဆောင်များကြား ပူးပေါင်းဆောင်ရွက်မှုအဆင့်နှင့် ပူးပေါင်း ဆောင်ရွက်မှု အားအနည်းဆုံးဖြစ်သည်ဟု ယူဆသည့် နယ်ပယ်များအကြောင်းကိုလည်း မေးမြန်းခဲ့သည်။

### ၄.၄.၁။ တော်လှန်ရေး၏ အဓိကဇာတ်ဆောင်များ အပေါ် လူငယ်များ၏ သဘောထား

KII တွေ့ဆုံမေးမြန်းသူများနှင့် စစ်တမ်းတွင် ပါဝင်သူများအား တော်လှန်ရေးအတွက် အရေးကြီးဆုံးဟု ထင်မြင်ကြသော နိုင်ငံရေး ဇာတ်ဆောင်များက မည်သူဖြစ်သနည်း မေးမြန်းခဲ့ပါသည်။ **KII** ဖြေဆိုသည့် လူငယ်ခေါင်းဆောင်များမှ ပြည်သူလူထု၊ **EAOs**၊ **PDFs/Local Defense Forces (LDFs)**၊ **NUG/NUCC/CRPH**၊ နိုင်ငံရေး ပါတီများ၊ **CDMers** နှင့် လူငယ်အဖွဲ့များ အပါအဝင် တော်လှန်ရေးတွင် မတူညီသော ဇာတ်ဆောင် အမျိုးမျိုးကို အရေးကြီးသော ဇာတ်ဆောင်များအဖြစ် ဖော်ထုတ်ခဲ့ကြသည်။ ပြည်သူလူထုသည် တော်လှန်ရေး ရေရှည်ရှေ့ဆက်နိုင်ရေးအတွက် အဓိကဇာတ်ဆောင်အဖြစ် ရှုမြင်ကြပြီး၊ ပြည်သူလူထု၏ တော်လှန်ရေး အတွက် ရန်ပုံငွေရှာဖွေခြင်း၊ အာဏာဖီဆန်မှုတွင် ပါဝင်ခြင်း၊ အသံတိတ် သပိတ်မှောက်ခြင်းနှင့် အခြားတော်လှန်ရေးလှုပ်ရှားမှုများကို ပါဝင်ခြင်းဖြင့်သာ တော်လှန်ရေး ရေရှည် ခရီးဆက်နိုင်မည်ဟု တင်ပြကြသည်။ လူထုပါဝင်မှုမရှိဘဲ တော်လှန်ရေးသည် ရေရှည်ရှေ့မဆက်နိုင်ဟု လူငယ်များက အသိအမှတ်ပြုကြသည်။

လွတ်မြောက်နယ်မြေရှိ PDF အဖွဲ့ဝင်လည်းဖြစ်သည့် အသက် (၃၅) နှစ်အရွယ် ကရင်အမျိုးသားတစ်ဦးက ပြောသည်မှာ -

> *လူထုက အဓိကပါဘဲ။ ကျွန်တော်ကတော့ CDM ဝင်တဲ့သူတွေကြောင့် အရမ်းအားတက်မိတယ်။ သူတို့တွေက အများကြီးရုန်းကန်ခဲ့ရပြီး သူတို့ရဲ့အလုပ်နှင့် မိသားစုကို စတေးခဲ့ကြရတယ်။ သူတို့က ဒီတော်လှန်ရေးမှာ ပထမခြေလှမ်းနဲ့ ဒီတော်လှန်ရေးကိုဦးဆောင်မယ့် အဓိကကျတဲ့ ဇာတ်ဆောင် တွေပါ။* ”

လူငယ်ခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းချက်များအရ EAOs များသည် တိုင်းပြည်၏ လက်နက်ကိုင် တော်လှန်ရေးတွင် ကာလကြာရှည်တည်ရှိနေမှုနှင့် ၎င်းတို့၏ တော်လှန်ရေးအတွေ့အကြုံများကြောင့် အရေးပါသော ဇာတ်ဆောင်များအဖြစ် ရှုမြင်ကြသည်။ ဤ EAOs အုပ်စုများသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် ဆယ်စုနှစ်များစွာ တိုက်ပွဲဝင်ခဲ့ကြပြီး၊ နိုင်ငံရေးစနစ်များ (ဥပမာ- ဖက်ဒရယ် စနစ်နှင့် အာဏာခွဲဝေရေးအစီအစဉ်များ) နှင့်ပတ်သက်၍ အသိပညာများကြွယ်ဝထားပြီးသားဖြစ်သည်။ ထို့ပြင် ပြည်သူ့အုပ်ချုပ်ရေးယန္တရားများ တည်ဆောက်ရာတွင်လည်း အတွေ့အကြုံကောင်းများရှိသည်ဟု ထင်မြင် ကြသည်။ ထို့ကြောင့်၊ PDFs/LDF အများအပြားသည် ၎င်းတို့၏ ထိန်းချုပ်နယ်မြေများတွင် အကောင်အထည် ဖော်မည့် စစ်ရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ ဖွဲ့စည်းခြင်းအတွက် EAOs များ၏ လမ်းညွှန်မှု များကို မျှော်လင့်ကြသည်။ ချင်းလဲန်ပြည်သူ့ ကာကွယ်ရေးအဖွဲ့တစ်ခု၏ ခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည့် ချင်းပြည်နယ်မှ အသက် (၂၃) နှစ်အရွယ် လူငယ်အမျိုးသားတစ်ဦးက ပြောသည်မှာ-

> *နောက်တစ်ခုကတော့ EAOs တွေက ဒီတော်လှန်ရေးမှာ အဓိကကျတဲ့ ဇာတ်ဆောင်တွေပါ။ သူတို့မှာ အတွေ့အကြုံရှိပြီးသားမို့ သူတို့ရဲ့ ခေါင်းဆောင်မှုဟာ အလွန်အရေးကြီးပါတယ်။ သူတို့ဟာ ကျွန်တော်တို့ကို နည်းဗျူဟာအကောင်အထည်ဖော်ပုံ၊ ပြည်သူ့အုပ်ချုပ်ရေးများ စတင်ပုံစတဲ့ အရေးကြီးသောကိစ္စရပ်များကို လမ်းညွှန်ပေးနိုင်ပါတယ်။ အရင်ရှိပြီးသား EAOs တွေနှင့် အခု ပေါ်ပေါက်လာတဲ့ လက်နက်ကိုင်အဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုရှိလာပါတယ်။ ဒါက ကောင်းတဲ့လက္ခဏာပါ။* ”

အကြောင်းပြချက်အမျိုးမျိုးကြောင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို တော်လှန်ရေးတွင် အရေးပါသော ဇာတ်ဆောင်အဖြစ် ရှုမြင်ခံရသည်မှာ အံ့ဩစရာမဟုတ်ပေ။ ပထမအချက်မှာ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) သည် ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်ထားတဲ့ ခေါင်းဆောင်များနှင့် ဖွဲ့စည်းထားပြီး ပြည်သူ့အစိုးရအဖြစ် တရားဝင်မှုကို ရရှိသောကြောင့်ဖြစ်သည်။ ဒုတိယအချက်မှာ NUG သည် နိုင်ငံတကာအဆင့်တွင် အခြားနိုင်ငံများ၏ ပံ့ပိုးကူညီမှုရရှိရန်အတွက် စွမ်းဆောင်ပေးနိုင်သော အဓိက ကျသော ဇာတ်ဆောင်အဖြစ် ရှုမြင်ကြသည်။ တတိယအချက်မှာ တော်လှန်ရေးအား လမ်းကြောင်းမှန် ပေါ်တွင် ရှိနေစေရေးအတွက် တော်လှန်ရေး၏ ပန်းတိုင်များ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊ ထိန်းကျောင်းခြင်း တို့အတွက် တာဝန်ရှိသည့် ဇာတ်ဆောင်အဖြစ် ရှုမြင်ကြသည်။ NUG သည် ပြည်သူလူထုအား အပြုသဘော ဆောင်သောလားရာသို့ လမ်းညွှန်ရန်နှင့် ဦးဆောင်ရန် တာဝန်ရှိကြောင်း လူငယ်များက ဖော်ပြကြသည်။

လွတ်မြောက်နယ်မြေတွင် ရောက်ရှိနေပြီး ပြည်သူ့ကာကွယ်ရေး အဖွဲ့တွင် ဆေးသူနာပြုလည်းဖြစ်သည့် အသက် (၂၃) နှစ်အရွယ် LGBTQ လူငယ်တစ်ဦးက ဤသို့ဆိုသည်-

> *ဒီတော်လှန်ရေးမှာ လူထုရဲ့ပါဝင်မှုကို ဆက်လက်ထိန်းသိမ်းဖို့ NUGမှာ ပိုတာဝန်ရှိတယ်။ လူတွေကို မှားယွင်းတဲ့ မျှော်လင့်ချက်တွေမပေးဘဲ အလုပ်နှင့်သက်သေပြပြီး တော်လှန်ရေးလှုပ်ရှားမှုတွေမှာ ပြည်သူတွေကို ဆက်လက်ပါဝင်ဖို့ လှုံ့ဆော်ပေးရပါမယ်။* ”

### ၄.၄.၂။ အခြားအဖွဲ့များအပေါ် လူငယ်သဘောထား

*KII* အင်တာဗျူးနှင့် စစ်တမ်းများအရ တော်လှန်ရေးအောင်မြင်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင် သင့်သော်လည်း မပါဝင်ရသေးသော အဖွဲ့များလည်း ရှိပါသည်။ တော်လှန်ရေးအောင်မြင်ရန် ဤ အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း လူငယ်များက ထောက်ပြကြသည်။

ဥပမာအားဖြင့်၊ တိုင်းရင်းသားနိုင်ငံရေးပါတီများအပါအဝင် နိုင်ငံရေးပါတီအများအပြား၏ အခန်းကဏ္ဍသည် ဤတော်လှန်ရေးတွင် မြင်သာမှုမရှိကြောင်းနှင့်၊ တော်လှန်ရေးအင်အားစုများနှင့် အတူတကွပူးပေါင်း အဖြေ ရှာမည့်အစား မိမိတို့အကျိုးစီးပွားကိုသာ အာရုံစိုက်ခြင်းဖြစ်သည်ဟု လူငယ်များက ဝေဖန်ကြသည်။ ထို့အပြင် အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားလည်ပတ်မှု မရှိသည့် နေရာများတွင် ပြည်သူ့ဝန်ဆောင်မှုများကို ပံ့ပိုးကူညီရန် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးကြီးသော်လည်း အချို့သော အရပ်ဘက် အဖွဲ့အစည်းများသည် တော်လှန်ရေးတွင် ထဲထဲဝင်ဝင် မပါဝင်ကြဟု ရှုမြင်ကြသည်။ ချင်းပြည်နယ် ပလက်ဝမြို့နယ် မှ အသက် (၂၃) နှစ်အရွယ် အမျိုးသားတစ်ဦးက ၎င်း၏ ထင်မြင်ယူဆချက် များကို ဤသို့ မျှဝေခဲ့သည်။


> *ဒီတော်လှန်ရေးမှာ နိုင်ငံရေးပါတီတွေရဲ့အခန်းကဏ္ဍကို သိပ်မမြင်ရဘူး။ ကိုယ့်အကျိုးစီးပွားကို အာရုံမစိုက်သင့်ဘူးလို့ ထင်ပါတယ်။ ပြည်သူတွေ ဘာလိုချင်လဲဆိုတာ စဉ်းစားရမယ်။ တော်လှန်ရေး အင်အားစုတွေနဲ့ ပူးပေါင်းပြီး အဖြေရှာသင့်တယ်။* ”

နောက်ဆုံးအနေဖြင့် UWSA၊ SSPP နှင့် AA ကဲ့သို့သော အချို့သော EAO အဖွဲ့များသည် တော်လှန်ရေးတွင် မပါဝင်ဘဲ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ သို့မဟုတ် စီးပွားရေး အကျိုးစီးပွားကိုသာ အာရုံစိုက်နေခြင်းကို စိတ်ပျက်မိကြောင်း တွေ့ဆုံခဲ့သည့် လူငယ်များက ဖော်ပြကြသည်။
အခြေခံပညာကျောင်းသားသမဂ္ဂအဖွဲ့ဝင် အသက် (၂၅) နှစ်အရွယ် ဗမာအမျိုးသားတစ်ဦးက ပြောသည်မှာ-

> *တချို့ EAO တွေက ပြတ်ပြတ်သားသားမလုပ်ကြဘူး။ ဥပမာ AA (ရက္ခိုင့်တပ်မတော်) ဆိုပါစို့။ သူတို့က ဒီတော်လှန်ရေးမှာ ကြားနေအခန်းကဏ္ဍမှာရှိနေတယ်။ NUG အနေနှင့်လည်း အင်အား တောင့်တင်း တဲ့ စစ်တပ်ပိုင်ဆိုင်ထားတဲ့ အုပ်စုတွေနှင့် ပူးပေါင်းဆောင်ရွက်ဖို့ ပိုမို ကြိုးစားသင့်တယ်။ NUG မှာက လူတွေအများကြီးရှိပေမယ့် တော်တော်များများက အလုပ်မလုပ်တဲ့အပြင်၊ တော်လှန်ရေး ကို အပြည့်အဝအားစိုက်ထုတ်ခြင်းမရှိဘူး။* ”

### ၄.၅။ အဓိကဇာတ်ဆောင်များအကြား စည်းလုံးညီညွတ်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုအပေါ် လူငယ်များ၏ အမြင်

ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရန်နှင့် စစ်အာဏာရှင်များကိုဖယ်ရှားရန် ဟူသည့် ဘုံရည်မှန်းချက် ကို ရရှိရန် ပိုမိုထိရောက်သောကြိုးပမ်းမှုကို ဖြစ်စေသောကြောင့် မတူညီသော ဇာတ်ဆောင်များအကြား ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည်ဟု ယူဆကြသည်။ လက်ရှိတွင် မတူညီသော ခေါင်းဆောင်အသီးသီးသည် စစ်တပ်ကို သီးခြားစီ တိုက်ခိုက်နေကြသည်။ အဓိက ခေါင်းဆောင်များကြားတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများသည် လုံလောက်မှုမရှိကြောင်း လူငယ်အများစုက ခံယူ ထားကြသည်။ စင်စစ် တော်လှန်ရေးအောင်မြင်မှုရရန်သည် ဤအဖွဲ့အစည်းများကြား လက်တွဲ လုပ်ဆောင်နိုင်မှုအပေါ် မူတည်ကြောင်း လူငယ်များက ယုံကြည်ထားသည်။ စစ်တမ်းရလဒ်ကလည်း အဓိက ခေါင်းဆောင်များကြား ညှိနှိုင်းဆောင်ရွက်မှု အားနည်းခြင်းကို ဖော်ပြထားသည်။ စစ်တမ်းဖြေဆိုသူ၏ (၂၄) ရာခိုင်နှုန်းမှ ခေါင်းဆောင်များကြား ညှိနှိုင်းဆောင်ရွက်မှုသည် အားနည်းသည်ဟုရွေးချယ်ပြီး ကျန် (၉) ရာခိုင်နှုန်းတို့မှ အလွန်အားနည်းသည်ဟု အသီးသီးကိုးကားဖော်ပြကြသည်။ အခြားတစ်ဖက်တွင်၊ ဖြေဆိုသူ၏ (၄၇) ရာခိုင်နှုန်းမှ အဓိကကျသောခေါင်းဆောင်များအကြား ညှိနှိုင်းဆောင်ရွက်မှုသည် အလယ်အလတ်မျှ သာဖြစ်ပြီး ပိုမိုအားကောင်းသော ညှိနှိုင်းဆောင်ရွက်မှုလိုအပ်သည်ဟု ဖော်ပြကြသည်။ (ပုံ - ၁၈ ကိုကြည့်ရန်)





*ပုံ (၁၈)၊ အဓိကဇာတ်ဆောင်များအကြား ပူးပေါင်းဆောင်ရွက်မှုအပေါ် ရှုမြင်မှုများ*

### ၄.၅.၁။ ညှိနှိုင်းဆောင်ရွက်မှုအားအနည်းဆုံးအဖြစ် လူငယ်များထင်မြင်ယူဆသည့် ကဏ္ဍ။

ဤသုတေသနတွင် NUG သည် တော်လှန်ရေးတွင် အခြားဇာတ်ဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ရာ၌ အားအနည်းဆုံးဖြစ်သည်ဟူသော ပြောဆိုချက် ဇာတ်ကြောင်းတစ်ခု ထွက်ပေါ်လာသည်။ အထူးသဖြင့် လူငယ်များနှင့် KIIအင်တာဗျူးများတွင် NUGသည် ပြည်သူ့ကာကွယ်ရေးအဖွဲ့များ၊ EAOs၊ နိုင်ငံရေး အဖွဲ့များ၊ CSO အဖွဲ့များ၊ လူငယ်အဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် အားနည်း သည်ဟု ဖော်ပြခဲ့သည်။ ဤပြောဆိုချက်ကိုအခြေခံ၍ လူငယ်စစ်တမ်းတွင် မည်သူသည် (သို့မဟုတ် မည်သည့်ဆက်ဆံရေးတွင်)

ညှိနှိုင်းဆောင်ရွက်မှု အားအနည်းဆုံးဖြစ်ပါသနည်းဟူ၍ လူငယ်များအား မေးမြန်းခဲ့သည်။ ဖြေဆိုသူများအား မတူညီသောရွေးချယ်စရာ ဆယ်ခုအနက် အထင်ရှားဆုံး ရွေးချယ်စရာ နှစ်ခုကို ရွေးချယ်ရန် တောင်းဆိုခဲ့သည်။

အားအနည်းဆုံးညှိနှိုင်းဆောင်ရွက်မှုများသည် NUG နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs) များအကြား ဖြစ်သည်ဟု (၃၂) ရာခိုင်နှုန်းသော ဖြေဆိုသူများက ရွေးချယ်ခဲ့ကြပြီး၊ NUG နှင့် CSO များ သို့မဟုတ် အများပြည်သူများကြားဟု (၃၂) ရာခိုင်နှုန်းမှလည်းကောင်း၊ NUG နှင့် EAOs ကြားဟု (၃၁) ရာခိုင်နှုန်းနှင့် NUG နှင့် လူငယ်များကြားဟု (၂၁) ရာခိုင်နှုန်းမှ စသဖြင့် ညှိနှိုင်းဆောင်ရွက်မှုအားနည်းသည်ဟု အသီးသီး ရွေးချယ်ခဲ့ကြသည်။ ထို့အပြင် ဖြေဆိုသူ (၁၅) ရာခိုင်နှုန်းက PDF များနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များကြားတွင် ညှိနှိုင်းဆောင်ရွက်မှုအားနည်းကြောင်းလည်း တင်ပြခဲ့သည် (ပုံ-၁၉)။ ယင်းအတွက် ဖြစ်နိုင်ခြေရှိသော ရှင်းလင်းချက်တစ်ခုမှာ ဖြေဆိုသူများသည် ၎င်းတို့၏ မျှော်လင့်ချက်များကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပေါ် ပုံအပ်ထားရှိရာ၊ အကျိုးဆက်အနေဖြင့် တော်လှန်ရေးအဖွဲ့များကြား ညှိနှိုင်းဆောင်ရွက်ရေးကိုလည်း NUG၏ တာဝန်ဖြစ်သည်ဟု ပုံအပ်ထားသည်။ ထို့ကြောင့် လက်ရှိ NUG ၏ ညှိနှုင်းဆောင်ရွက်မှုသည် ၎င်းတို့၏ မြင့်မားသောမျော်လင့်ချက်များနှင့် မကိုက်ညီဟု ထင်မြင်ကြသည်။




*ပုံ (၁၉)၊ ပူးပေါင်းဆောင်ရွက်မှုအနည်းဆုံးအဖြစ် ရှုမြင်ထားသည့် ဧရိယာများ*

### ၄.၆။ အဓိကသရုပ်ဆောင်များကြားတွင် ညှိနှိုင်းမှုအားနည်းခြင်းနှင့် ပက်သက်၍ လူငယ်သဘောထားများ။

အင်တာဗျူး တွေ့ဆုံမေးမြန်းမှုများတွင်တော်လှန်ရေးခေါင်းဆောင်များကြား ညှိနှိုင်းမှုအားနည်းရခြင်း၏အကြောင်းအရင်းများကို ပိုမိုနက်ရှိုင်းစွာ လေ့လာခဲ့ပါသည်။ ၎င်းသည် လက်နက်ကိုင်အဖွဲ့များစွာရှိနေခြင်း၊ ထိရောက်သော ဆက်သွယ်ရေးယန္တရားများမရှိခြင်း၊ ယုံကြည်မှုကင်းမဲ့ခြင်း၊ အဓိကခေါင်းဆောင်များအကြား အယူဝါဒကွဲပြားခြင်းနှင့် မြေပြင်ရှိ နိုင်ငံရေးသမားများ၏ ရာထူးအခွင့်အရေးနှင့် ဩဇာလွှမ်းမိုးမှု ဦးစားပေးခြင်း စသဖြင့် အကြောင်းရင်းများစွာ ဖြစ်သည်။

### ၄.၆.၁။ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့ များပြားခြင်း

လူငယ်များထောက်ပြသည့် အဓိကဇာတ်ဆောင်များအကြား ညှိနှိုင်းမှု အားနည်းရခြင်း၏ အကြောင်းရင်းမှာ ဒေသဆိုင်ရာကာကွယ်ရေးအဖွဲ့များ များပြားခြင်းကြောင့်ဖြစ်သည်။ ယင်းကြောင့် NUGအနေဖြင့် ကွင်းဆက်ကွပ်ကဲမှု အမိန့်ပေးမှုစနစ် (chain of command) ထူထောင်ရန် ခက်ခဲစေသည်။ ကွင်းဆက် ကွပ်ကဲမှုမရှိခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းမှု ညံ့ဖျင်းခြင်းတို့ကြောင့် မြန်မာနိုင်ငံရှိ အချို့နေရာများတွင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား မလိုလား အပ်သော လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်စေခဲ့သည်။ ယင်းသည် မြေပြင်ပေါ်ရှိ တော်လှန်ရေးဇာတ်ဆောင် များအကြား အစိတ်စိတ်အမွှာမွှာ ကွဲပြားမှုကို ဖြစ်ပေါ်စေသည်။ လူငယ်အမျိုးသမီး CDM ဆရာဝန်တစ်ဦးက မှတ်ချက်ချသည်မှာ -

> *ဒေသခံကာကွယ်ရေးအဖွဲ့တွေက အရေအတွက်အရမ်းများပြီး နေရာတိုင်းမှာရှိနေတာ ဆိုတော့ ဒီအဖွဲ့တွေကိုစည်းရုံးပြီး NUG ရဲ့ကွင်းဆက်ကွပ်ကဲမှုတည်ဆောက်ဖို့ ခက်မယ် ထင်တယ်။ ဒါပေမယ့် NUG ကသူတို့နဲ့အားလုံးနှင့် စကားပြောဖို့ကြိုးစားသင့်တယ်လို့ ကျွန်မထင်ပါတယ်။* ”

စစ်ကိုင်းတိုင်းဒေသကြီးမှ အမျိုးသား PDF အဖွဲ့ဝင်တစ်ဦးလည်း ထပ်မံပြောသည်မှာ-

> *ကျွန်တော်တို့ဒေသမှာ PDF တွေ အများကြီးရှိပေမယ့် အဲဒီ PDF ခေါင်းဆောင်တွေကြား စည်းလုံးညီညွတ်မှုက အားနည်းတယ်။ ကျွန်တော်တို့ တစ်စုတစ်စည်းတည်း တစ်သားတည်း ဖြစ်နိုင်ရင် စစ်တပ်ကို တိုက်တဲ့အခါ လက်နက်အင်အားအရရော လူအင်အားအရရော ပိုအားကောင်းလာမယ်။ စည်းလုံးညီညွတ်လေလေ စစ်တပ်ကိုအမြစ်ဖြုတ်ဖို့ ပိုနီးကပ် လေလေဖြစ်တယ်။* ”

### ၄.၆.၂။ ထိရောက်သော ဆက်သွယ်မှု ယန္တရားများ မရှိခြင်း။

ထိရောက်သော ဆက်သွယ်ရေးလမ်းကြောင်းများ မရှိခြင်းသည် အထူးသဖြင့် NUG နှင့်ချိတ်ဆက်သော ကာကွယ်ရေးတပ်များကြား အားနည်းသော ညှိနှိုင်းဆောင်ရွက်မှုကိုဖြစ်စေသည့် အကြောင်းရင်းတစ်ခု အဖြစ် ထောက်ပြကြသည်။ ယင်းကြောင့် အထက်မြန်မာပြည်ရှိ တော်လှန်ရေးအဖွဲ့များအကြား ၎င်းတို့၏တရားဝင်မှု၊ ယုံကြည်မှုအဆင့်၊ ရန်ပုံငွေခွဲဝေမှု၊ အမိန့်များ လိုက်နာခြင်းနှင့် အခြားသော ပြည်သူ့အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်ခြင်းနှင့် ပတ်သက်၍ နားလည်မှုလွဲမှားမှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့အပြင် လက်နက်ကိုင်အဖွဲ့များကြား ဆက်သွယ်ရေး ယန္တရားများ မရှိခြင်းက လက်နက်ကိုင်အဖွဲ့များအား ထိန်းကြောင်းမှုကို အားနည်းစေကာ ရှုပ်ထွေးသော အစီရင်ခံမှု ယန္တရား တစ်ခုကို ဖြစ်စေသည်။ ထို့ကြောင့် ခုခံကာကွယ်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်ရန် ခက်ခဲ စေသည်ဟုအင်တာဗျူးတွင်ပါဝင်သည့် လူငယ်များကမှတ်ချက်ပြုခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးမှ အမျိုးသမီးတစ်ဦးက အောက်ပါအတိုင်း ထောက်ပြသည်။

> *အဓိက စိန်ခေါ်မှုကတော့ ဆက်သွယ်ရေးနဲ့ နားလည်မှုလွဲမှားမှုပါ။ အလျားလိုက် ဆက်သွယ်ရေး လမ်းကြောင်းကို (horizontal communication channel) အသုံးပြုသင့်ပါတယ်။” (ဗဟိုချုပ်ကိုင်မှုရှိသော ဆက်သွယ်ရေးစနစ် များအကြောင်း ဆွေးနွေးမှုမှ ကောက်နုတ်ချက်)* ”

မြေမြှုပ်မိုင်းမတော်တဆမှုကြောင့် မသန်စွမ်းဖြစ်ကာ လွတ်မြောက်နယ်မြေတွင် နေထိုင်သည့် ကာကွယ်ရေးအဖွဲ့မှ စစ်သား ငယ်တစ်ဦး က ပြောသည်မှာ-

> *ကျွန်တော့်အတွေ့အကြုံအရ လူငယ်နဲ့ လူကြီး(ခေါင်းဆောင်)တွေအကြား ပွင့်လင်းမြင်သာမှုနဲ့ သင့်လျော်တဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေမရှိတာက အဓိကပြဿနာပါ။ ဥပမာ ခေါင်းဆောင်များ (ဆိုလိုသည်မှာ NUG ခေါင်းဆောင်များ) အနေနှင့် လူငယ်များအား (ဥပမာ PDFs) အခြေခံ စစ်သင်တန်းပြီးဆုံးပြီးနောက် ဘာဆက်လုပ်ရမလဲဆိုတဲ့ လမ်းညွှန်မှုနှင့် အနာဂတ်အစီအစဉ်တွေကို ရှင်းပြဖို့ အလွန်အားနည်းတယ်။* ”

## ၄.၆.၃။ ယုံကြည်မှု ကင်းမဲ့ခြင်း

ယုံကြည်မှုကင်းမဲ့ခြင်းသည် မတူညီသော တော်လှန်ရေးအဖွဲ့များ (NUG နှင့် EAOs အပါအဝင်) အကြား ပူးပေါင်းဆောင်ရွက်မှုကို အားနည်းစေသည့် အဓိကအကြောင်းရင်းဖြစ်ကြောင်း လူငယ်များက ထောက်ပြ ကြသည်။ ယုံကြည်မှုကင်းမဲ့ခြင်းက စည်းလုံးမှုကို အားနည်းစေကာ ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းရေးကို နှောင့်နှေးစေကြောင်း တင်ပြကြသည်။ NUG သည် EAOs များနှင့် ပူးပေါင်းကာ အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် အားလုံး၏ နိုင်ငံရေးပါဝင်မှုကို ကိုယ်စားပြုသော နိုင်ငံတစ်ခု ထူထောင်ရန်အတွက် ဘုံသဘောတူညီချက်ကို ရှာဖွေရန် လူငယ်များက အကြံပြုခဲ့သည်။ သပိတ်အဖွဲ့ကို ဦးဆောင်သည့် ကချင်အမျိုးသမီး ဖြေဆိုသူတစ်ဦးက တိုင်းရင်းသားလူနည်းစုနှင့် ဗမာတို့ကြား ပူးပေါင်းဆောင်ရွက်မှုတွင် အပြန်အလှန်ယုံကြည်မှု အရေးကြီးကြောင်း ထောက်ပြခဲ့သည်။

> *အပြန်အလှန်ယုံကြည်မှုမရှိခြင်းဟာ တိုင်းရင်းသားလူမျိုးစုတွေ၊ ဗမာနိုင်ငံရေးခေါင်းဆောင်တွေနဲ့တခြား ကိုယ်ကျိုးစီးပွားကို ဦးတည်တဲ့အုပ်စုတွေကြား ပူးပေါင်းဆောင်ရွက်မှုကို အားနည်းစေတဲ့ ကြီးမားတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်။* ”

ရန်ကုန်တိုင်းဒေသကြီးမှ အသက် (၃၄) နှစ်အရွယ် ဗမာအမျိုးသားတစ်ဦးကလည်း တော်လှန်ရေးဇာတ်ဆောင်များ အကြား ယုံကြည်မှုနှင့် နှစ်ဦးနှစ်ဖက်သဘောတူညီချက်၏ အရေးကြီးပုံကို အလေးပေး ဖော်ပြခဲ့သည်။

> *မတူညီတဲ့အဖွဲ့တွေဟာ (ဥပမာ NLD၊ တိုင်းရင်းသားလူနည်းစု) အချင်းချင်း အပြစ်တင် နေကြတော့ ယုံကြည်မှုတည်ဆောက်ဖို့က ခက်ခဲတယ်။ နှစ်ဦးနှစ်ဖက် ဘုံသဘောတူညီချက် တစ်ခုရှိရင် ဒီတော်လှန်ရေးမှာ တစ်ယောက်ကိုတစ်ယောက် အပြစ်မတင်ဘဲ အတူတကွ လက်တွဲ လုပ်ဆောင်နိုင်မယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ အောင်မြင်တဲ့ရလဒ်တစ်ခုကို လည်း ရနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။* ”

အံ့သြစရာကောင်းသည်မှာ ဗမာအများစုနေထိုင်သည့် ဒေသအချို့ရှိ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့များကြား ပဋိပက္ခဖြစ်စေသည့် အဓိက အကြောင်းရင်းတစ်ခုအဖြစ် ယုံကြည်မှုကင်းမဲ့ခြင်း ဖြစ်သည်ကိုလည်း ထောက်ပြခဲ့သည်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ထောက်ပို့ လူငယ်အမျိုးသမီး တစ်ဦးက ဖော်ပြသည်မှာ-

*ယုံကြည်မှုမရှိတာက ဒီတော်လှန်ရေးရဲ့ အဓိကအတားအဆီးပါပဲ။ ယုံကြည်မှုမရှိခြင်း၊ ဆက်သွယ်ရေးမရှိခြင်း နှင့် နားလည်မှုလွဲမှားခြင်းတို့ကြောင့် မြန်မာနိုင်ငံအထက်ပိုင်းမှာရှိတဲ့ PDF အချင်းချင်းကြား အပြန်အလှန်ပစ်ခတ်မှု သတင်းတွေကို ကျွန်မတို့တွေ့ခဲ့ရတယ်။ ယုံကြည်မှုတည်ဆောက်ရန် ဆက်သွယ်ရေးကွာဟချက် နှင့် PDF များကြား နားလည်မှု လွဲမှားတာတွေ လျှော့ချဖို့ အရေးကြီးပါတယ်။* ”

## ၄.၆.၄။ နိုင်ငံရေးအယူဝါဒ ကွဲပြားမှုနှင့် အဓိကခေါင်းဆောင်များအကြား ဆွေးနွေးမှုများ

ပူးပေါင်းဆောင်ရွက်မှုကို အားနည်းစေသည့် အခြားအချက်တစ်ခုမှာ မတူညီသည့် နိုင်ငံရေးခံယူချက်နှင့် ပူးပေါင်းဆောင်ရွက်ရန် မူဝါဒဗျူဟာများ မရှိခြင်းကြောင့် ဖြစ်သည်။ လူငယ်များသည် အဓိက ခေါင်းဆောင်များအကြား တွေ့ဆုံဆွေးနွေးရေးနှင့် ဘုံသဘောတူညီချက်ရရှိမှု၏ အရေးပါပုံကို မီးမောင်း ထိုးပြသည်။ စင်စစ် အဆိုပါအဖွဲ့များအကြား၊ အထူးသဖြင့် NUG နှင့် EAOs များကြားတွင် ဘုံသဘောတူညီချက်နှင့် ဆွေးနွေးပွဲများမရှိခြင်းသည် ပူးပေါင်းဆောင်ရွက်မှုမြင့်တင်ရန်အတွက် အဓိက အားနည်းချက်တစ်ခုအဖြစ် ရှုမြင်ကြသည်။ AA ကဲ့သို့သော အချို့သော EAO များသည် တော်လှန်ရေးတွင် ကြားနေအဖွဲ့အဖြစ် ရပ်တည်သော်လည်း၊ NUG အနေဖြင့် ပိုမိုကောင်းမွန်သော နိုင်ငံထူထောင်ရန်အတွက် တော်လှန်ရေးတွင် မပါဝင်ရသေးသော EAO များနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် ပိုမိုအားစိုက်ထုတ်သင့်သည်ဟု လူငယ်များက အကြံပြုကြသည်။ ရန်ကုန်မြို့မှ ဗမာလူငယ်အမျိုးသား တက်ကြွလှုပ်ရှားသူတဦးက ပြောသည်မှာ-

*EAOs နဲ့ NUG ကြားမှာ သူတို့ရဲ့ မတူညီတဲ့ နိုင်ငံရေးအယူဝါဒတွေကို ဆွေးနွေးမှုမရှိသေးတာက ဒီတော်လှန်ရေးရဲ့ အဓိက အတားအဆီးပါပဲ။ ဘယ်သူကမှ သူတို့ရဲ့ နိုင်ငံရေးခံယူချက်ကို တစ်ဦးတည်း အကောင်အထည်မဖော်နိုင်ဘူး။ ပိုမိုကောင်းမွန်တဲ့ တိုင်းပြည်ကိုတည်ဆောက်ဖို့ အတူတကွ ပူးပေါင်း ဆောင်ရွက်ဖို့ လိုပါတယ်။* ”

ကရင်အမျိုးသားတစ်ဦးကလည်း ထပ်ပြောသည်မှာ -

*ကျနော်တို့ နိုင်ငံရေး ပါတီတွေအပေါ်မှာမမှီခိုဘဲ စစ်အစိုးရကို ဖြုတ်ချဖို့လိုတယ်။ EAO နှင့် NUG အကြား ခိုင်မာတဲ့သဘောတူညီချက်က အရမ်းအရေးကြီးပါတယ်။ သူတို့ရဲ့ လက်ရှိ ပူးပေါင်း ဆောင်ရွက်မှုကို ကျွန်တော် သိပ်ပြီးမကျေနပ်ပါဘူး။ သူတို့မှာ အစီအစဉ်ရှိမရှိ မသိပေမယ့် သူတို့မှာ ရှိရင် အများပြည်သူကို ချပြသင့်တယ်။ အခုပြည်သူလူထုဟာ အနာဂတ်မှာ ဘာတွေဖြစ်လာမလဲ ဆိုတာကို မရေမရာဖြစ်လာကြတယ်။* ”

## ၄.၆.၅။ နိုင်ငံရေး အခွင့်ရေးရှာဖွေမှု


နောက်ဆုံးအချက်မှာ အချို့သော ဖြေဆိုသူအချို့က နိုင်ငံရေးသမားများသည် အခြားတော်လှန်ရေးအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းထက် ထိုင်ခုံနေရာများနှင့် နိုင်ငံရေးရာထူးများကို ရယူရန် ပိုမိုစိတ်ဝင်စားကြသည်ဟု ထောက်ပြခဲ့သည်။ အချို့သောကိစ္စများတွင်၊ မတူသောအုပ်စုများအကြား အချင်းချင်းအပြစ်တင်လေ့ရှိပြီး ယင်းသည် ညှိနှိုင်းဆောင်ရွက်မှုကို ပိုမိုအဟန့်အတား ဖြစ်စေသည်။ ထို့အပြင်၊ *NUG* ၏ အစိုးရ အဖွဲ့ဝင် အားလုံးသည်

တော်လှန်ရေးအတွက် အပြည့်အဝအားထုတ်မှု မရှိခြင်းများကြောင့် လုပ်ငန်းဆောင်တာများ ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း လူငယ်များကြား စိတ်ပူပန်မှုများ ရှိခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးမှ ထောက်ပံ့ပို့ဆောင်ရေး အမျိုးသမီး တစ်ဦးက ပြောပြသည်မှာ-

> *NUG-ကာကွယ်ရေးဝန်ကြီးဌာနက တော်လှန်ရေးအဖွဲ့အချင်းချင်း (ဥပမာ- လက်နက်ကိုင်အဖွဲ့တွေ၊ နိုင်ငံရေးအဖွဲ့တွေနှင့် အုပ်ချုပ်ရေးအဖွဲ့တွေ) အကြား ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားချက်တွေ ထုတ်ပြန်ထားပေမယ့် အချို့သောနိုင်ငံရေးသမားများတွေက ထိုင်ခုံ/ရာထူးယူဖို့ဘဲ စိတ်ဝင်စားကြတယ်။ NUG-ကာကွယ်ရေးဝန်ကြီးဌာနက ပြည်သူ့ကာကွယ်ရေးအဖွဲ့အချို့ကို လက်နက်တွေ တပ်ဆင်ပေးထားပေမယ့်လည်း သူတို့ကစစ်တပ်ကိုအမှန်တကယ် မတိုက်ဘူး။ တကယ်တိုက်တဲ့ သူတွေက ရပ်ရွာက ဖွဲ့စည်းပေးထားတဲ့ အုပ်စုများဖြစ်တယ်။* ”

အထက်ဖော်ပြပါ လူငယ်များနှင့် ဆွေးနွေးမှုအပေါ် အခြေခံ၍၊ ဤသုတေသနလေ့လာမှုတွင် ခေါင်းဆောင်များကြား ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းလာစေရန် အဟန့်အတားဖြစ်စေသော အဓိကကျသော အကြီးမားဆုံးစိန်ခေါ်မှု (၃) ရပ်ကိုသိရှိရန် ပိုမိုများပြားသော လူငယ်သဘောထားကို စူးစမ်း လေ့လာခဲ့သည်။ စစ်တမ်းမှ တွေ့ရှိချက်များသည် KII အင်တာဗျူးမှ တွေ့ရှိချက်ကဲ့သို့ပင် ပူးပေါင်း ဆောင်ရွက်မှု အားနည်းခြင်း၏ အလားတူ နောက်ခံအကြောင်းတရားများကို ဖော်ပြခဲ့သည်။

ထိရောက်သော ညှိနှိုင်းဆောင်ရွက်မှုအတွက် အရေးကြီးဆုံးစိန်ခေါ်ချက် နှစ်ခုကို ရွေးချယ်ရန် တောင်းဆိုခဲ့ရာ စုစုပေါင်း စစ်တမ်းဖြေဆိုသူ (၁၃၁) ဦးသည် ဤမေးခွန်းကို ဖြေကြားခဲ့သည်။ အများစုက (၆၄ ရာခိုင်နှုန်းက) အဓိကပါဝင်ပတ်သက်သူများအကြား ထိရောက်သော ဆက်သွယ်ရေး လမ်းကြောင်းများမရှိခြင်းကို ရွေးချယ်ကြပြီး အဓိကဇာတ်ဆောင်များအကြား ယုံကြည်မှုကင်းမဲ့ခြင်း ကို (၆၃) ရာခိုင်နှုန်းတို့က အသီးသီး ရွေးချယ်ခဲ့သည် (ပုံ ၂၀ ကိုကြည့်ရန်)။ Federal Charter ၏ ကန့်သတ်ချက်များ အပါအဝင် ပူးပေါင်းဆောင်ရွက်သည့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ကင်းမဲ့မှုကို (၄၄) ရာခိုင်နှုန်း၊ တော်လှန်ရေးလှုပ်ရှားမှုတွင် မတူညီသောချဉ်းကပ်မှုများနှင့် နိုင်ငံရေးအယူဝါဒ ကွဲပြားမှုကို (၄၃) ရာခိုင်နှုန်းက ထိရောက်သောညှိနှိုင်းဆောင်ရွက်မှုအတွက် အရေးကြီးဆုံး စိန်ခေါ်ချက် အဖြစ် ရွေးချယ်သည်။ ယေဘုယျအားဖြင့် KII နှင့် စစ်တမ်းနှစ်ခုလုံးမှ တွေ့ရှိချက်များအရ ဆက်သွယ်ရေးလမ်းကြောင်းများ၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု နည်းဗျူဟာများ နည်းပါးခြင်းကို ဘုံစိန်ခေါ်မှုများအဖြစ် ထောက်ပြကြသည်။




*ပုံ (၂၀)၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဓိကဇာတ်ဆောင်များကြုံတွေ့ရသည့်စိန်ခေါ်မှုများ (အရေအတွက် = ၁၃၁)*

အချုပ်အားဖြင့်ဆိုရသော် နယ်ပယ်အသီးသီးမှ လူငယ်များသည် ဤတော်လှန်ရေးတွင် တက်ကြွစွာ ပါဝင်ခဲ့ကြသည်။ အတွေးအခေါ်၊ အတွေ့အကြုံ၊ ကျွမ်းကျင်မှု၊ ယုံကြည်မှုကင်းမဲ့မှု၊ ဆက်သွယ်ရေးနှင့် ဘာသာစကားဆိုင်ရာအတားအဆီး များစသည့် စိန်ခေါ်ချက်အချို့ရှိနေသော်လည်း၊ လူငယ်များသည် စစ်တပ်ကို အမြစ်ဖြုတ်တိုက်ခိုက်ရေး ဘုံရည်မှန်းချက်ဖြင့် အဆိုပါစိန်ခေါ်ချက်များကို လျင်မြန်စွာ ကျော်လွှားနိုင်ခဲ့ကြသည်။ မီဒီယာနှင့်သတင်းအချက်အလက် နည်းပညာသည် လူငယ်အပါအဝင် သာမန် လူထုကြားတွင် မတူညီသောနောက်ခံများမှ လူများကို လက်ခံနိုင်မှု၊ နိုင်ငံရေးအသိပညာနှင့် ကျားမ ခွဲခြားမှုကို လက်ခံနိုင်သည့် သဘောထားများကို မြှင့်တင်ပေးခဲ့သည်။ ရလဒ်အနေဖြင့် လူငယ်များသည် ပိုမိုအားကောင်းပြီး၊ အားလုံးပါဝင်သော တော်လှန်ရေးလှုပ်ရှားမှုများကို အလွယ်တကူ ဆောင်ရွက်နိုင်ကြသည်။

အခြားတစ်ဖက်တွင်မူ နိုင်ငံရေးခံယူချက် ကွဲပြားမှု၊ ယုံကြည်မှု ကင်းမဲ့မှု၊ တော်လှန်ရေး လက်နက်ကိုင် အဖွဲ့များကြား ဆက်သွယ်ရေးယန္တရား ကင်းမဲ့မှုနှင့် အဓိကခေါင်းဆောင်များအကြား ပူးပေါင်းဆောင်ရွက်ရေး မူဝါဒ အားနည်းခြင်းကြောင့် အဓိကခေါင်းဆောင်များအကြား ပူးပေါင်းဆောင်ရွက်မှုမှာ လုံလောက်မှုမရှိဟု လူငယ်များက ယူဆကြသည်။ အရေးပါသော တော်လှန်ရေးဇာတ်ဆောင်များစွာ ရှိသည့်အနက်၊ NUG သည် အခြားသော တော်လှန်ရေးဇာတ်ဆောင်များ အထူးသဖြင့် EAO များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အားနည်းသည်ဟု ရှုမြင်ပါသည်။ နွေဦးတော်လှန်ရေး၏ အောင်မြင်မှုသည် စည်းလုံးညီညွတ်မှုနှင့် အဓိက ခေါင်းဆောင်များအားလုံး၏ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာမှုအပေါ် မူတည်ကြောင်း လူငယ်များက တခဲနက် ထောက်ပြခဲ့ကြသည်။

# အခန်း (၅) ခေါင်းဆောင်မှု

ဤကဏ္ဍတွင် လူငယ်များနှင့် ခေါင်းဆောင်မှုဆိုင်ရာဆက်နွှယ်မှုကို လေ့လာရန် ကြိုးပမ်းသည့်အနေဖြင့် လက်ရှိတော်လှန်ရေးလှုပ်ရှားမှု၏ ခေါင်းဆောင်မှုပုံစံများအပေါ် လူငယ်များ၏အမြင်၊ တော်လှန်ရေးတွင် လူငယ်များ၏ပါဝင်မှု အခန်းကဏ္ဍအခြေအနေ၊ ထူထောင်နှင့်ပြီးသားဖြစ်သော တော်လှန်ရေးအဖွဲ့များနှင့် ထိတွေ့ဆက်ဆံမှု အနေအထားများအပါအဝင် လူငယ်များ ဆက်လက်ကြုံတွေ့ရင်ဆိုင်နေရဆဲဖြစ်သော ခေါင်းဆောင်မှုဆိုင်ရာအတားအဆီးတို့ ထပ်ချဲ့လေ့လာထားပါသည်။ တော်လှန်ရေးလှုပ်ရှားမှုတွင် လူငယ်များ၏ ခေါင်းဆောင်မှုအဆင့်ကို နားလည်နိုင်ရန် လေ့လာသည့်အားလျော်စွာ တော်လှန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် လူငယ်များ၏အခြေအနေ၊ အခြားပါဝင်ပတ်သက်သူများနှင့် ၎င်းတို့၏ ထိတွေ့ ဆက်ဆံမှုအဆင့်၊ ဒီမိုကရေစီလိုလားသူများနှင့် တော်လှန်ရေးအဖွဲ့များအပေါ် လူငယ်များရဲ့ ဩဇာ လွှမ်းမိုးနိုင်မှု အတိုင်းအတာတို့ကို နားလည်ရန် ကြိုးပမ်းခဲ့ပါသည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုအပြီး တော်လှန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသော မြန်မာလူငယ်များအတွက် ခေါင်းဆောင်မှုကို ရှုထောင့်အမျိုးမျိုးကနေ လက်ခံရှုမြင်ထားကြပါသည်။ လူငယ်များသည် ၎င်းတို့၏ အတွေးအမြင်များကို ထင်ဟပ်ကိုယ်စားပြုနိုင်သော၊ ရဲစွမ်းသတ္တိနှင့်ရိုးသားမှုကို ပြသနိုင်သော၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသော၊ အောက်ခြေအဆင့်ရှိ ရပ်ရွာလူထုများကို ထိတွေ့စည်းရုံးနိုင်ပြီး အနာဂတ်အတွက် ပြတ်သားသောအမြင်နှင့် မဟာဗျူဟာစီမံကိန်းများကို ကျွမ်းကျင်ပံ့ပိုးပေးနိုင်မည့် ခေါင်းဆောင်များကို ရှာဖွေကြသည်[27]။ လူမှုရေးလှုပ်ရှားမှုများကို ဖန်တီးစီမံကွပ်ကဲနိုင်သော ခေါင်းဆောင်များ၊ ပြည်သူလူထုကို လှုံ့ဆော်ပေးကာ နိုင်ငံ၏ရှုပ်ထွေးသော နိုင်ငံရေးအခင်းအကျင်းကို စေ့စပ်ညှိနှိုင်းနိုင်သည့် ခေါင်းဆောင်များကို အလိုရှိကြသည်[28]။ ထို့အပြင် တော်လှန်ရေးလှုပ်ရှားမှုမှ လူငယ်များသည် မြန်မာနိုင်ငံ၏ မတူကွဲပြားမှုများကို ထင်ဟပ်စေသော ခေါင်းဆောင်မှုကို ပိုမိုလိုလားကြပြီး အာဏာသိမ်းမှု၏ နောက်ဆက်တွဲဖြစ်သော တိုင်းပြည်၏အခက်အခဲများကို ထိရောက်စွာ ဖြေရှင်းပေးနိုင်သော ခေါင်းဆောင်မှုကို ပိုမိုလိုလားကြသည်[29]။


ပို၍အရေးကြီးသည်မှာ လူငယ်များသည် လက်နက်မဲ့၊ လက်နက်ကိုင်နှင့် ဒီမိုကရေစီလိုလားသော အဖွဲ့အစည်းများတွင် ၎င်းတို့၏ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လှုပ်ရှားမှုနှင့် ဆန်းသစ်သောနည်းလမ်းများဖြင့် တော်လှန်ရေး ကြိုးပမ်းအားထုတ်မှုများကို သံသယဖြစ်စရာမရှိအောင် ပါဝင်ကူညီခဲ့ကြသော်လည်း ၎င်းတို့ အားထုတ်မှု၏ အကျိုးသက်ရောက်မှုအတိုင်းအတာအပေါ် အချေအတင်ငြင်းခုံနေရဆဲဖြစ်သည်[30]။ တစ်ဖက်တွင်မူ လူငယ်များ၏ ပူပေါင်းပါဝင်မှုသည် တော်လှန်ရေး၏ နောက်ကွယ်မှ မောင်းနှင်အားကြီး တစ်ခုဖြစ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပြီး ၎င်းတို့ကြောင့်လည်း တော်လှန်ရေးသည် ပိုမိုပြီးစုံလင်သော စုစည်းပေါင်းစည်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုဖြစ်စေခဲ့သည်။ အခြားတစ်ဖက်တွင်မူ အထူးသဖြင့် အမြစ်တွယ်နေသော လူမှုယဉ်ကျေးမှုစံနှုန်းများနှင့် နိုင်ငံရေးအရ ကွဲပြားမှုများကြောင့် လူငယ်များ၏ တော်လှန်ရေးလှုပ်ရှားမှုအပေါ် လွှမ်းမိုးနိုင်မှုမှာ ကန့်သတ်ချက်များရှိကြောင်း ဖြေဆိုသူ အများအပြားက ဆိုသည်။ အောက်ဖော်ပြပါအပိုင်းသည်

လူငယ်များ၏ အခန်းကဏ္ဍ၊ အနေအထားနှင့် တော်လှန်ရေးလှုပ်ရှားမှုအပေါ် လွှမ်းမိုးနိုင်စွမ်းအပေါ် ပိုမိုအသေးစိတ်ဖော်ပြသွားပါမည်။

## ၅.၁။ တော်လှန်ရေး အဓိကဇာတ်ဆောင်များ

လက်ရှိတော်လှန်ရေးလှုပ်ရှားမှုအတွင်း အဓိကပါဝင်ပတ်သက်သူများနှင့် ခေါင်းဆောင်မှုဖွဲ့စည်းပုံများအပေါ် လူငယ်များ၏ သဘောထားအမြင်များကို နားလည်ရန် အရေးကြီးပါသည်။ အဓိကဇာတ်ဆောင်များအပေါ် ထားရှိသည့် လူငယ်များ၏ ကွဲပြားသောအမြင်များသည် ၎င်းတို့၏နိုင်ငံရေးအမြင်များနှင့် ခံယူချက်များ အကြောင်း ထဲထဲဝင်ဝင်အချက်အလက်များကို ပေးစွမ်းနိုင်ပြီး၊ လူငယ်များ၏လိုအပ်ချက်နှင့် စိုးရိမ်ပူပန်မှုများကို လိုက်လျောညီထွေဖြစ်စေရန်နှင့် ပိုမိုကောင်မွန်သည့်တုံ့ပြန်မှုရှိသော မူဝါဒများ ရေးဆွဲချမှတ်နိုင်သည်။ မြန်မာနိုင်ငံတွင် လက်ရှိနှင့် အနာဂတ်ခေါင်းဆောင်မှု အခန်းကဏ္ဍအပေါ် လူငယ်များ၏ သဘောထားအမြင်များကို နားလည်နိုင်ရန် ဤသုတေသနသည် အရည်အသွေးပြည့်ဝသော KIIs နှင့် အရေအတွက်စံထား စစ်တမ်းနှစ်ခုစလုံးတွင် နိုင်ငံ၏အနာဂတ်တွင် အရေးပါဆုံးသော အခန်းကဏ္ဍမှ ပါဝင်ပတ်သက်သူ အဓိကဇာတ်ဆောင် သုံးဦးအပေါ် လူငယ်များ၏ သဘောထားအမြင်များကို မေးမြန်းခဲ့ပါသည်။ အရပ်သားများအပေါ် တပ်မတော်၏ ရက်စက်ကြမ်းကြုတ်စွာ ထိုးစစ်ဆင်မှုများကြောင့် လူငယ်များမှ လက်နက်ကိုင်အဖွဲ့များအား လက်ရှိမြန်မာနိုင်ငံနှင့် အနာဂတ်တွင် အရေးကြီးဆုံးသော ဇာတ်ဆောင်များအဖြစ် ရှုမြင်ကြသည်မှာ ထူးကဲအံ့အားသင့်စရာပင် မဟုတ်တော့ပေ။ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်သို့ ပိုမိုအရှိန်အဟုန်ပြင်းထန်စွာ အသွင်ကူးပြောင်းသွားရခြင်း၏ အဓိကမောင်းနှင်အားမှာ လက်နက်မဲ့ဆန္ဒပြပွဲများကို စစ်တပ်က တစိုက်မတ်မတ် ပြင်းထန်စွာဖြိုခွင်းခဲ့ခြင်း ကြောင့်လည်း ဖြစ်သည်။ လက်နက်ကိုင်တော်လှန်ရေးသည် SAC ၏ အချိုးမညီသော အကြမ်းဖက်မှုကို တုံ့ပြန်ရန်လိုအပ်ပြီး တရားမျှတသော တုံ့ပြန်မှုဖြစ်ကြောင်း လူငယ်တက်ကြွလှုပ်ရှားသူ အများအပြားက ခံစားလက်ခံထားပါသည်။

စုစုပေါင်းဖြေဆိုသူ (၁၂၉) ဦး (၉၄%) က အဆိုပါမေးခွန်းကို ဖြေခဲ့ရာတွင် - ဤတော်လှန်ရေး၏ ထိပ်တန်း အဓိကဇာတ်ဆောင်သုံးဦးမှာ အဘယ်သူတွေနည်း။ EAOs (၇၆%)၊ PDFs (၅၉%)၊ နှင့် NUG/NUCC (၅၆%) တို့အား ၎င်းတို့၏ ထိပ်တန်းအရေးကြီးသော အဓိကဇာတ်ဆောင် (၃) ခုအဖြစ် ရွေးချယ်ခံရသည် (ပုံ (၂၁) ကိုကြည့်ရန်)။ ထို့အပြင် ဖြေဆိုသူ (၃၂%)မှ ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့ (CDF)၊ ကရင်နီ အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDF) နှင့် ဗမာပြည်သူ့လွတ်မြောက်ရေးတပ်မတော်တို့ အပါအဝင် အခြား ပြည်တွင်းကာကွယ်ရေးတပ်ဖွဲ့များကိုလည်း ရွေးချယ်ခဲ့ပြီး ဖြေဆိုသူ (၂၄) ရာခိုင်နှုန်းက ဒီမိုကရေစီ လိုလားသော ပါတီများ (ဥပမာ- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) တို့ကို ရွေးချယ်ခဲ့ပါသသည်။




*ပုံ (၂၁)၊ အနာဂတ်မြန်မာနိုင်ငံ၏ အဓိကအခန်းကဏ္ဍမှ ပါဝင်သည့် ထိပ်ပိုင်းဇာတ်ဆောင် (၃) ဖွဲ့များ မှတ်ချက်။ PDFs (၅၉%)သည် NUG နှင့်ချိတ်ဆက်ထားသည့် PDFများဖြစ်သည်။*

ဤမေးခွန်းကို ဖြေဆိုပြီးနောက် စစ်တမ်းသည် ဖြေဆိုသူများကို အဘယ်ကြောင့် ထိုတော်လှန်ရေး အဓိက ဇာတ်ဆောင်များကို ရွေးချယ်ခဲ့သည်ကို ရှင်းပြရန်လည်း တောင်းဆိုခဲ့သည်။ ယေဘုယျအားဖြင့် လူငယ်များ သည် ထိုတော်လှန်ရေးအဓိကဇာတ်ဆောင်များကို ရွေးချယ်ရသည့် အဓိကအကြောင်းရင်း ငါးမျိုး ရှိသည်ကို တွေ့ရှိရပါသည်။

## စစ်တပ်ကိုချေမှုန်းရန်ပူးပေါင်းဆောင်ရွက်မှု။

လူငယ်များ ရွေးချယ်ခံရသည့် ထိပ်တန်း တော်လှန်ရေးဇာတ်ဆောင်ငါးဦးတွင် သုံးဦးသည် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒီမိုကရေစီ လိုလားသည့် အဖွဲ့များဖြစ်ကြပြီး အဆိုပါ de facto (EAOs နှင့် PDFs) နှင့် de jure (NUG နှင့် NUCC) အဖွဲ့အစည်းများကြားတွင် စစ်တပ်ကို အနိုင်ယူဖို့ ပူးပေါင်းဆောင်ရွက်မှုများ မြင့်တက်လာမည်ဟု လူငယ်များက ယုံကြည်မျှော်လင့်ထားကြခြင်းကြောင့်ဖြစ်သည်။ အနာဂတ်တွင် လက်ရှိ EAO နှင့် ထပ်မံပေါ်ပေါက်လာသော လက်နက်ကိုင်ကာကွယ်ရေးအဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုရှိလာမည်ဟုလည်း လူငယ်များက မျှော်လင့်ထားသည်။

## ဖက်ဒရယ်စနစ်နှင့်ပတ်သက်သော အတွေ့အကြုံများ။

EAOs များသည် နှစ်ပေါင်း (၇၀) ကျော်ကြာ လက်နက်ကိုင်တော်လှန်ကြိုးပမ်းခဲ့ကြသောကြောင့် ဖက်ဒရယ်စနစ်ဆိုင်ရာ နားလည်မှုနှင့် အတွေ့အကြုံပိုမိုအားကောင်းသည်ဟု ယူဆသောကြောင့် EAOs များကို ဖြေဆိုသူများမှ ထိပ်တန်းရွေး ချယ်မှုအဖြစ် ရွေးချယ်ခဲ့ကြသည်။ CDF အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ချင်းပြည်နယ်မှ

အသက် (၂၃) နှစ် အရွယ် အမျိုးသားတစ်ဦးကလည်း "EAOs/EROs များသည် လူထုအား နည်းဗျူဟာများနှင့် ပြည်သူ့အုပ်ချုပ်ရေးများအကောင်အထည်ဖော်ပုံနှင့် မည်ကဲ့သို့အကောင်အထည်ဖော်ရမည်စသည့် အရေးကြီးသော ကိစ္စရပ်များနှင့်ပတ်သက်ပြီး လမ်းညွှန်မှုပေးနိုင်တာကြောင့် ၎င်းတို့ကို ဤတော်လှန်ရေးလှုပ်ရှားမှုတွင် အဓိကကျ သောအခန်းကဏ္ဍမှ ပါဝင်သည်" ဟု ထုတ်ဖော်ပြောပြ သွားပါသည်။"

## လူထုထောက်ခံမှု။

EAOs များ၊ ဒေသန္တရ PDFs သို့ အခြားဒေသခံကာကွယ်ရေးအဖွဲ့များနှင့် NUG/NUCC တို့သည် ဤတော်လှန်ရေးအတွက် လူထုထောက်ခံမှုအပြည့်အဝရှိကြောင်း တွေ့ရှိ ရပါသည်။ လူထုထောက်ခံမှုသည် တော်လှန်ရေးတွင် ပါဝင်ဦးဆောင်သူများ အားလုံးအတွက် အဓိကကျကြောင်းနှင့် လက်ရှိတော်လှန်ရေးကို တည်တံ့ခိုင်မြဲစေရန်အချက်တစ်ခု ဖြစ်ကြောင်း လူငယ်များက မြင်သည်။

## အနစ်နာခံမှု/ပါဝင်ပတ်သက်မှု။

တော်လှန်ရေးအဖွဲ့များသည် ၎င်းတို့၏ အသက်ပင်လျှင် စွန့်လွှတ် အနစ်နာခံပေးဆပ်မှုနှင့် EAOs၊ PDFs/LDFs နှင့် NUG/NUCC တို့၏ ပူးပေါင်းပါဝင်ပတ်သက်မှု များကို လူငယ်များက အသိအမှတ်ပြုကြသည်။ ထို့ကြောင့် ဦးဆောင်လှုပ်ရှားသူများသည် အနာဂတ် မြန်မာနိုင်ငံ၏ အဓိကခေါင်းဆောင်များဖြစ်လာရန် မျှော်လင့် ကြသည်။

## ယုံကြည်မှု။

နောက်ဆုံးတွင်၊ လူငယ်များသည် ၎င်းတို့ရွေးချယ်ထားသော အဓိက ဇာတ်ဆောင်များ အပေါ် ယုံကြည်ကြောင်းလည်း တင်ပြခဲ့သည်။ ရွေးချယ်ခြင်းခံထားရသော အဖွဲ့များအနေဖြင့် စစ်အာဏာရှင်စနစ်ကို ဖြိုခွင်းဖို့ တတ်နိုင်သမျှ နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားလုပ်ဆောင်နေသူများ ဖြစ်ကြသည်။ ထို့ကြောင့် ၎င်းအဓိကဇာတ်ဆောင်များသည် မြန်မာ့အနာဂတ်ကို အပြုသဘောဆောင် သည့် နည်းလမ်းဖြင့် ပြောင်းလဲနိုင်မည်ဟု လူငယ်များက ယုံကြည်ကြသည်။

ဖြေဆိုသူတိုင်းအတွက် မတူညီသောရွေးချယ်မှု အကြောင်းပြချက်များရှိသော်လည်း ဖြေဆိုသူအများစုသည် တော်လှန်ရေးလှုပ်ရှားမှုတွင်ပါဝင်သော ယေဘုယျအားဖြင့် နိုင်ငံသားများ၊ အနုပညာရှင်များနှင့် လူငယ်များကို ရည်ညွှန်းသော တစ်ဦးချင်းအဆင့်မှသည် နိုင်ငံရေးပါတီများအထိ၊ လက်နက်ကိုင်အဖွဲ့များ၊ NUG၊ NUCC နှင့် CRPH အမျိုးသားအဆင့်အထိ အစုအဖွဲ့တစ်ခုချင်းစီ၏ အားစိုက်လုပ်ဆောင်ချက်မှုများနှင့် ပါဝင် ပတ်သက်သူတိုင်း၏ အရေးပါမှုကို အလေးပေးဖော်ပြကြသည်။ စစ်ကိုင်းတိုင်းဒေသကြီး IDP ကော်မတီ ဝင်တစ်ဦးမှလည်း အောက်ပါအတိုင်း ပြောကြခဲ့သည်။

> *မြေပြင်မှာ တာဝန်ရှိတယ်လို့ ယူဆရတဲ့ အစုအဖွဲ့တိုင်းဟာ အရေးကြီးပြီး ဒီတော်လှန်ရေးကို ရှေ့ဆက်ဖို့ အဓိက ဇာတ်ဆောင်တွေပါပဲ။* ”

NUG အားလက်ရှိခေါင်းဆောင်နှင့် တော်လှန်ရေးတပ်ဦးဟု လူငယ်များက ယူဆသော်လည်း တော်လှန်ရေးလှုပ်ရှားမှုတွင် ခိုင်မာသောခေါင်းဆောင်မှု လိုအပ်ကြောင်းနှင့် လူငယ်များသည် ကျောင်းသားအဖွဲ့များ၊ လယ်သမားအဖွဲ့များနှင့် အလုပ်သမားအဖွဲ့များကဲ့သို့သော လူ့အဖွဲ့အစည်း အလွှာအသီးသီးမှ အဓိကပါဝင်ပတ်သက်သူများနှင့် ခိုင်မာသောထိတွေ့ဆက်ဆံမှု တည်ဆောက်နိုင်ရေး တော်လှန်ရေးလှုပ်ရှားမှု၏ ခိုင်မာသောခေါင်းဆောင်မှု လိုအပ်ကြောင်းကိုလည်း မျှော်လင့်ထားကြပါသည်။ ရန်ကုန်မြို့မှ အသက် (၂၅) နှစ်အရွယ် ဗမာအမျိုးသားလူငယ်တစ်ဦးကမှ အောက်ပါအတိုင်းပြောထားသည်။

> *ကျွန်တော်တို့မှာ လက်ဝဲယိမ်း၊ လက်ညာယိမ်း၊ သပိတ်အဖွဲ့တွေ၊ ကျောင်းသားအဖွဲ့တွေစတဲ့ အဖွဲ့တွေ အများကြီးရှိတယ်။ ကျွန်တော်တို့ ပိုပြီးပူးပေါင်းပြီး မတူညီတဲ့အဖွဲ့တွေကြား ထိတွေ့ ဆက်ဆံမှုကို မြှင့်တင်ဖို့လိုတယ်။* ”

ထို့ထက် ပိုအရေးကြီးသည်မှာ စစ်တမ်းသည် ဖြေဆိုသူများကို မြန်မာ့အနာဂတ်အတွက် အရေးပါပြီး တော်လှန်ရေးတွင် ပါဝင်ခြင်းမရှိသေးသော အဖွဲ့ သို့မဟုတ် လူပုဂ္ဂိုလ်များကိုလည်း ဖော်ပြသတ်မှတ်ရန် တောင်းဆိုခဲ့သည်။ အချို့သော EAOs အဖွဲ့များဖြစ်သည့် UWSA၊ SSPP နှင့် AA တို့မှ ပူးပေါင်းပါဝင်မှု မရှိခြင်းမှာ ဤတော်လှန်ရေးတွင် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း သက်သေအဖြစ် အများစုက ထောက်ပြထားသည်။ ထို့အပြင် ကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် နိုင်ငံတကာအသင်းအဖွဲ့များ သည် မြန်မာနိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှုများတွင် ပံ့ပိုးကူညီမှုပေးရန် ပျက်ကွက်ခဲ့ကြောင်း ဖြေဆိုသူ အချို့က ဖော်ပြခဲ့သည်။

## ၅.၂။ ခေါင်းဆောင်မှုအခန်းကဏ္ဍမှ လူငယ်

တော်လှန်ရေးလှုပ်ရှားမှုတိုင်းတွင် လူငယ်များပါဝင်ခဲ့ကြသည့်အလျောက် စစ်တမ်းသည် ခေါင်းဆောင်မှု အဖွဲ့များတွင် လူငယ်ကိုယ်စားပြုမှု လုံလောက်မှုရှိ/မရှိအပေါ် လူငယ်များ၏ခံယူချက်၊ တော်လှန်ရေးတွင် လူငယ်များပါဝင်ခဲ့သည့် အတိုင်းအတာနှင့် လူငယ်များပါဝင်ခွင့် အတားအဆီးများကိုလည်း ဆန်းစစ်ခဲ့သည်။ လူငယ်ကိုယ်စားပြုမှုများနှင့် ပတ်သက်ပြီး အခြားလေ့လာသူများကလည်း အလားတူစိုးရိမ်မှုများကို ဖော်ပြသည့်စာများကို ပြန်လည်သုံးသပ်ခြင်းမှ ဤမေးခွန်းများကိုမေးရန် လှုံ့ဆော်မှုဖြစ်ခဲ့ပါသည်။

**KII** ဆွေးနွေးပွဲများကို အခြေခံပြီး ရရှိလာသော တွေ့ရှိချက်တွင် လူငယ်များသည် အာဏာသိမ်း ဆန့်ကျင်ရေးလှုပ်ရှားမှုများကို စည်းရုံးဦးဆောင်ကာ လည်ပတ်နေသောအစိုးရမရှိသည့် ဒေသန္တရအုပ်ချုပ်ရေး ဖွဲ့စည်းရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည့် လူငယ်များ၏ ဦးဆောင်မှုအခန်းကဏ္ဍကို သတိပြုမိပါသည်။ ဥပမာအားဖြင့် ဆန္ဒပြပွဲများ၊ သပိတ်များနှင့် စည်းရုံးလှုံ့ဆော်မှုများကဲ့သို့သော ပြည်တွင်းနှင့် နိုင်ငံတကာတွင်ပါ အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှု အများစုသည် လူကြီးများ၏ တိုက်ရိုက် ပါဝင်ပတ်သက်မှုနှင့် အကြံပြုချက်မပါဘဲ တက်ကြွလူငယ်များ ဦးဆောင်သည့် လှုပ်ရှားမှု များဖြစ်သည်။ လူငယ်များသည် အမျိုးမျိုးသောကန့်သတ်ချုပ်ချယ်မှုများနှင့် စစ်တပ်မှ ဖမ်းဆီးသတ်ဖြတ်ခံရနိုင်သည့် အန္တရာယ်များကို ရင်ဆိုင်ရာတွင် ထူးထူးခြားခြား ခေါင်းဆောင်မှုစွမ်းရည်နှင့် ခံနိုင်ရည် အားများကိုလည်း ပြသခဲ့ကြပြီး လှုပ်ရှားမှုများတွင် ဆက်လက်ပါဝင်ရန်

အခြားသူများစွာကိုလည်း လှုံ့ဆော် စည်းရုံးနိုင်ခဲ့ကြပါသည်။ ကရင်ပြည်နယ်မှ အသက် (၂၃) နှစ်အရွယ် အမျိုးသမီးလူငယ်တစ်ဦးမှ အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် သူမ၏ အခန်းကဏ္ဍကို အောက်ပါ အတိုင်း ဖော်ပြခဲ့သည်။

> *အာဏာသိမ်းအစဦးပိုင်းကာလတုန်းက ကျွန်မတို့ မြို့နယ်မှာ အာဏာသိမ်းမှုဆန့်ကျင်ရေးဆန္ဒပြ ပွဲများကို ဦးဆောင်လုပ်ခဲ့တယ်။ ကျွန်မတို့ရဲ့ လှုပ်ရှားမှုတွေကို အစီရင်ခံဖို့ မီဒီယာသမားအဖြစ်လည်း လုပ်ခဲ့တယ်။ လွတ်မြောက်နယ်မြေကို ပြောင်းရွှေ့ပြီးတဲ့ နောက်မှာ သတင်းထောက်အဖြစ်နဲ့ ပြည်တွင်းသတင်းတွေ၊ လူ့အခွင့်အရေးချိုးဖောက်မှု စတာတွေကို စုဆောင်းနေဆဲပါ။ လက်ရှိမှာ တော့ ကျွန်တော် အခု လွတ်မြောက်နယ်မြေမှာ ရှိနေသလို အွန်လိုင်းကမ်ပိန်းတွေလိုမျိုး မီဒီယာ ကဏ္ဍတွေမှာ PDF ကိုလည်း ကူညီပေးနေပါတယ်။* ”

ထို့ထက် ပို၍အရေးကြီးသည်မှာ ပဋိပက္ခဖြစ်ပွားသည့် ဒေသများတွင် အစိုးရမရှိသည့်အချိန်၌ မရှိမဖြစ် လိုအပ်သော ပြည်သူ့ဝန်ဆောင်မှုများကို ပေးဆောင်သည့် လုပ်ငန်းဆောင်ရွက်မှုများတွင် တွေ့ရှိရသည့် လူငယ်ခေါင်းဆောင်မှုမှာ မှတ်သားစမှတ်ဖွယ်ကောင်းသည်။ လူငယ်များသည် ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု အပါအဝင် ဒေသန္တရအုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများကို အစပြု စတင်ခဲ့ပြီး ယာယီ ကျောင်းများနှင့် ဆေးပေးခန်းများ ထူထောင်ကာ လိုအပ်နေသူများအား အခြေခံလိုအပ်ချက်များကို ပံ့ပိုးပေးခဲ့သည်။ အဆိုပါ လုပ်ဆောင်ချက်များကြောင့်လည်း ၎င်းတို့သည် ရပ်ရွာလူထုများ၏ ကြည်ညို လေးစားမှုကို ရရှိစေပြီး ဤတော်လှန်ရေးတွင် အောက်ခြေအဆင့်ရှိ လူငယ်ခေါင်းဆောင်မှု၏ အရေးပါမှုကို မီးမောင်းထိုးပြခဲ့သည်။

လူငယ်ခေါင်းဆောင်မှုများတွင် လူငယ်များသည် မြန်မာနိုင်ငံရှိ ကျယ်ပြန့်သော နိုင်ငံရေးအတိုက်အခံ ဇာတ်ဆောင်များနှင့် ပိုမို၍ပူးပေါင်းလုပ်ဆောင်နိုင်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုများ ထပ်မံမြင့်တင်ရန်လည်း စိတ်အားထက်သန်ကြသည်။ သက်ဆိုင်ရာ လူငယ်ဦးဆောင်သော အဖွဲ့အစည်းများသည် ၎င်းတို့၏ အသိပညာနှင့် အရင်းအမြစ်များမှ အကျိုးကျေးဇူးရရှိစေရန် NUG၊ NUCC၊ CRPH၊ နှင့် အခြားသော CSOs များကဲ့သို့ အဖွဲ့အစည်းများနှင့် တွဲဖက်လုပ်ဆောင်ကြပါသည်[31]။ ဤသည်မှာ လူငယ်များ၏ ကိုယ်ပိုင် ပန်းတိုင်များနှင့် လုပ်ငန်းအစပျိုးမှုများကို များစွာအထောက်အကူ ဖြစ်စေခဲ့သည်။ ၎င်းသည် အထူးသဖြင့် လက်နက်ကိုင်တော်လှန်ရေး ရှုဒေါင့်ဘက်မှကြည့်လျှင် ပိုမှန်ပါသည်။ အကြောင်းမှာ ဖွဲ့စည်း တည်ထောင်ထားပြီးဖြစ်သော EAOs များနှင့် လူငယ်များဦးဆောင်လည်ပတ်သော PDFs သို့မဟုတ် LDFs များသည် ၎င်းတို့၏ ကိုယ်ပိုင်ရည်မှန်းချက်နှင့် ဤနိုင်ငံရေးလှုပ်ရှားမှု၏ အလုံးစုံသောရည်မှန်းချက်များ ရှေ့ဆက်တိုးနိုင်ရန် မကြာခဏပူးပေါင်းဆောင်ရွက်ကြသောကြောင့် ဖြစ်ပါသည်[32]။

လက်နက်ကိုင်တော်လှန်ရေး၏ ပူးပေါင်းပါဝင်မှုသဘောသဘာဝအရ EAOs များသည် လူငယ် လူသားအရင်းအမြစ်အပေါ် မှီခိုအားထားရမှုကြောင့်၊ အထူးသဖြင့် ၎င်းတို့၏ခုခံမှုတွင် စစ်ဘက်ဆိုင်ရာ မဟာဗျူဟာနှင့် နည်းပညာဆိုင်ရာချဉ်းကပ်မှုတို့ကြောင့် လူငယ်များသည် စစ်ဆင်ရေးများတွင် ဩဇာ လွှမ်းမိုးမှု ပိုရှိနိုင်သည်ဟု ယူဆရသည်။ KNU ကဲ့သို့သော EAOs များသည် လူငယ် LDFs များနှင့် ပူးပေါင်းကာ စစ်အစိုးရကို ထိုးစစ်ဆင်ရန် စီမံချက်များ ရေးဆွဲကြသည်ကို သိရှိခဲ့ကြသည်။ ထို့ကြောင့် လူငယ်များသည် EAOs တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ

LDFs သို့မဟုတ် PDFs ခေါင်းဆောင်များ အဖြစ် တာဝန်ထမ်းဆောင်သည်ဖြစ်စေ ရလဒ်အနေဖြင့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ပူးပေါင်း ဆောင်ရွက်မှုကိုပိုမို တွန်းအားဖြစ်စေပြီး လက်နက်ကိုင်တော်လှန်ရေးကို ပိုမိုအားကောင်းစေခဲ့သည်[33]။

ဗမာမဟုတ်သော တိုင်းရင်းသားခေါင်းဆောင်များပါဝင်မှုကို တိုးမြှင့်ကာ တိုင်းရင်းသားများပါဝင်မှုအပေါ် နိုင်ငံရေးအရ အလေးပေးခြင်းဖြင့် လူငယ်များသည် တော်လှန်ရေးလှုပ်ရှားမှု၏ မတူကွဲပြားမှုများကို မြှင့်တင်ပေးခဲ့သည်။ ဖြေဆိုသူတစ်ဦး၏ ပြောကြားချက်အရ လူငယ်ခေါင်းဆောင်များသည် ဗမာမဟုတ်သော တိုင်းရင်းသားဒေသများသို့ စစ်တပ်မှ ကျူးကျော်ဝင်ရောက်မှုများအပေါ် လူထုအမြင်ကို ဆန့်ကျင် ကူးပြောင်းစေခဲ့ပြီး ဗမာအများစုနေထိုင်သည့် အသိုင်းအဝိုင်းကိုပင် တိုင်းရင်းသားလူနည်းစုများအပေါ် လက်ရှိနှင့် သမိုင်းဝင်ရက်စက်ကြမ်းကြုတ်မှုများအပေါ်ကို ပိုမိုစာနာနားလည်လာစေရန် လှုံ့ဆော် လွှမ်းမိုး နိုင်ခဲ့သည်။ ရိုဟင်ဂျာအသိုင်းအဝန်းမှ အမျိုးသားလူငယ်တစ်ဦးမှ သုတေသီများအား ရှင်းပြထား သကဲ့သို့ အာဏာသိမ်းမတိုင်မီ မြန်မာနိုင်ငံရှိလူထုသည် တိုင်းရင်းသားအရေးနှင့် ပက်သတ်လျှင် သဘောထား အမြင် အနည်းငယ်မျှသာ ရှိခဲ့သည်။

> *အာဏာသိမ်းမှု မတိုင်ခင်က မြန်မာနိုင်ငံက အရပ်သားတွေဟာ တိုင်းရင်းသားအရေးနဲ့ ပတ်သက်တဲ့ အမြင်တွေ အတော်လေး နည်းပါးခဲ့ပါတယ်။ ရိုဟင်ဂျာတွေကိုလည်း မထီမဲ့မြင်ပြုတယ်။ အာဏာသိမ်းပြီးနောက်တွင် အရပ်ရပ်မှ လူထုများသည် နိုင်ငံရေးအသိပညာနှင့် မြန်မာနိုင်ငံရှိ လူနည်းစု တိုင်းရင်းသားများ၏ ရုန်းကန်မှုနှင့် ဆင်းရဲဒုက္ခများကို ပိုမိုနားလည်လာကြသည်။ ပြီးတော့ ဒီတော်လှန်ရေးဟာ အသိုင်းအဝိုင်းများစွာကို စည်းလုံးညီညွတ်စေပြီး တိုင်းရင်းသားလူနည်းစုတွေကို ခွဲခြားဆက်ဆံမှု၊ ထိခိုက်မှုမရှိစေဘဲ ယခင်ကထက် တစ်ဦးပေါ်တစ်ဦး ပိုမိုစည်းလုံးညီညွတ်စေပြီး အချင်းချင်း လေးစားတန်ဖိုးထားကြပါတယ်။*

ထို့အပြင် တော်လှန်ရေးသည် အသိုင်းအဝိုင်းများစွာကို စည်းလုံးညီညွတ်စေပြီး တိုင်းရင်းသားလူနည်းစုများ အပေါ် ခွဲခြားဆက်ဆံမှုကိုလည်း လျှော့ချပေးသည်။ အထူးသဖြင့် ဗမာအများစုရှိသော ခရိုင်များတွင် လူထု၏ လက်ခံနိုင်စွမ်းပျောက်ဆုံးခြင်းအပေါ် လူငယ်ခေါင်းဆောင်များက ပြောင်းလဲစေခဲ့သည်။ တိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုင်ရာကိစ္စရပ်အပေါ် လူငယ်များ၏ နိုင်ငံရေးအမြင်များသည်လည်း NUCC တွင် ကိုယ်စားပြုမှုအဖြစ် ထင်ဟပ်မှုရှိစေခဲ့သည်။ NUCC သည် ယခုအခါ မြန်မာနိုင်ငံရှိ ယခင် အစိုးရများထက် ကွဲပြားခြားနားမှုများ ပိုမိုများပြားလာပြီး ဖက်ဒရယ်ပဋိညာဉ် တိုင်းရင်းသားများလိုလားသော လူနည်းစု မူဝါဒများ အတွက် မကြာသေးမီက စည်းရုံးတင်သွင်းမှုလုပ်ခဲ့ပြီး ယင်းသည် လူငယ်လှုပ်ရှားမှုနှင့် တိုက်ရိုက် ဆက်နွယ်မှု ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ဖက်ဒရယ်အခြေခံဥပဒေတွင် ပါဝင်စေခဲ့သည်[34]။ ပထမဆုံး အကြမ်းမဖက်ဆန္ဒပြပွဲများတွင် ထင်ရှား ကျော်ကြားလာခဲ့သည့် တက်ကြွလှုပ်ရှားသူ အိသဉ္ဇာမောင်နှင့် ဝေမိုးနိုင်တို့သည် တော်လှန်ရေးခေါင်းဆောင်မှုတွင် တိုင်းရင်းသားများပါဝင်မှုကို တွန်းအားပေးခဲ့သည့် သာဓကများ ဖြစ်လာခဲ့သည်[35]။ ယင်းသည် ဒီမိုကရေစီလိုလားသည့် နိုင်ငံရေးအစဉ်အလာကို မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိခဲ့သနည်းဆိုသည်ကို တိတိကျကျမရှင်းလင်းသော်လည်း၊ ဖက်ဒရယ်ပဋိညာဉ်၏ လူငယ်များမောင်းနှင်သော မူဝါဒများဖြစ်သည့် ပိုမိုပါဝင်နိုင်မှုနှင့် အခွင့်အရေးအခြေခံမှုများကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံနိုင်လိမ့်မည်ဟု အကောင်းမြင်မှုများ ဖြစ်ပေါ်စေပါသည်[36]။

လူငယ်များသည် မြေပြင်ရှိလူထုနှင့် **NUG**၊ **NUCC** နှင့် အခြားနိုင်ငံရေးပါတီများကဲ့သို့သော ထူတောင်နှင့်ပြီး အဖွဲ့များနှင့် ခေါင်းဆောင်များအကြား ပေါင်းကူးတံတားတစ်ခုအဖြစ် ရပ်တည်လျှက်ရှိသည်။ အထူးသဖြင့် စစ်ဘေးသင့်ဒေသများတွင် လူထုသည် မြေပြင်တွင် SAC တပ်ဖွဲ့များ၏ လူ့အခွင့်အရေးချိုးဖောက်မှုဒဏ်ကို များစွာခံစားနေကြရပြီး လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးဖြစ်စဉ်များအပေါ် လူထုများမှနားလည် လိုက်မမီနိုင်ကြပေ။ အခြားတစ်ဖက်တွင်မူ NUG နှင့် လူထုကြား တိုက်ရိုက်ဆက်သွယ်မှုမှာ အားနည်းပြီး ပွင့်လင်းမှုနည်းပါးပါသည်။ ဤအခြေအနေတွင် လူငယ်များစွာသည် NUG နှင့် အဖွဲ့များ၏ မတူညီသော ဌာနဆိုင်ရာများတွင် တာဝန်ထမ်းဆောင်ခြင်း ဝင်ရောက်ပါဝင်လှုပ်ရှားခြင်းဖြင့် သတင်းအချက်အလက်များ ယူဆောင်လာရန် ပေါင်းကူးတံတားအဖြစ် ရပ်တည်ကြသည်။ အပြန်အလှန် ဆက်သွယ်ရေးလမ်းကြောင်း များသည် ဆက်သွယ်ရေးအားကောင်းရန်နှင့် နားလည်မှုလွဲမှားခြင်းကိုရှောင်ရှားရန် အရေးကြီးကြောင်း ဖြေဆိုသူသူတစ်ဦးမှလည်း မှတ်ချက်ပြုခဲ့သည်။

**NUG** သည် ၎င်းတို့၏ ထိပ်တန်းရာထူးများတွင် လူငယ်များအား ခန့်အပ်ခြင်းဖြင့် လူငယ်ပိုမိုပါဝင်ရန် ကြိုးပမ်းခဲ့သော်လည်း လူငယ်တက်ကြွလှုပ်ရှားသူ အများအပြားသည် ၎င်းတို့၏ အသံများသည် လုံလောက်စွာ ကိုယ်စားပြုခြင်း မရှိသေးဟု ခံစားနေကြဆဲဖြစ်သည်။ ဤသည်မှာ NUG စီနီယာ ခေါင်းဆောင်များ၏ ပျမ်းမျှအသက်မှာ (၇၀) ကျော် ဖြစ်သည်ဟူသော အချက်ကိုကြည့်ခြင်းမှ သက်သေခံပြီး အဆိုပါခေါင်းဆောင်တို့သည် ဗမာလူမျိုးကြီးစိုးလွှမ်းသော၊ ခေတ်မမီတော့သော နိုင်ငံရေးအစီအစဉ်ကို မြှင့်တင်ပေးသည်ဟု ထင်မြင်ယူဆကြသည်[37]။ လူငယ်များသည် တပြိုင်တည်းတွင် NLD ၏ ယခင် အပေးအယူလုပ်ရန်လိုလားမှုကဲ့သို့ အလားတူလမ်းကြောင်းကို ထပ်မံဦးတည် ဖြစ်ပေါ်စေမည်ကို စိုးရိမ် ကြသည်။ မျိုးဆက်သစ်လူငယ်များသည် NLD ကို ပြန်လည်ဖွဲ့စည်းခြင်းထက် တော်လှန်ရေးလှုပ်ရှားမှုတွင် ပိုမိုကြီးမားသော အယူဝါဒပိုင်းဆိုင်ရာပြောင်းလဲမှုကို တွေ့မြင်လိုကြသည်[38]။ တက်ကြွလှုပ်ရှားသူ လူငယ်အချို့သည် NUG ၏ နိုင်ငံရေးရပ်တည်ချက်နှင့် ဆွေးနွေးပွဲများတွင် ထင်ဟပ်ခြင်းမရှိသည့် အုပ်ချုပ်ရေးဆိုင်ရာ လက်တွေ့ကျမှုနှင့်  လမ်းဟောင်း မလိုက်ဘဲ ထီထွင်ဆန်းသစ်မှု ရှိသော အယူအဆများကို ကိုင်စွဲထားကြသည်။


ကရင်နီပြည်နယ်မှ အမျိုးသမီးဖြေဆိုသူတစ်ဦးကလည်း ခေါင်းဆောင်မှုအဆင့်တွင် လူငယ်များ၏ အခန်းကဏ္ဍ အပေါ် သူမ၏ ခံယူချက်ကို အောက်ပါအတိုင်း မီးမောင်းထိုးပြခဲ့သည်။

> *တကယ်တော့ လူငယ်တွေက သူတို့ရဲ့ အသက်ကို စတေးတဲ့သူတွေပဲ၊ အပေါ်ပိုင်းခေါင်းဆောင် တွေကပဲ နိုင်ငံရေးဆုံးဖြတ်ချက်တွေကို အမြင့်ဆုံးအဆင့်မှာ ချမှတ်သွားကြတယ်။ အခုလက်ရှိ အချိန်မှာတောင် တစ်ချို့အဖွဲ့အစည်းတွေမှာ လူငယ်တွေရဲ့ အခန်းကဏ္ဍကို လျစ်လျူရှုထားဆဲဖြစ်ပြီး နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်မှာ ဆက်လက်ပြီးလျစ်လျူရှုနေမှာ စိုးရိမ်မှုတွေရှိနေပါတယ်။* ”

ထို့အပြင် ကချင်ပြည်နယ်မှ အမျိုးသမီး ဖြေဆိုသူတစ်ဦးကလည်း ထပ်ပြောသည်။

> *လူငယ်တွေကို နိုင်ငံရေးရာထူးကနေ ဖယ်ထုတ်ထားတာကြောင့် လူမှုရေးနဲ့ နိုင်ငံရေးနယ်ပယ်က အဆင့်မြင့်ရာထူးတွေမှာ လူငယ်တွေရဲ့အခန်းကဏ္ဍကို မြှင့်တင်ဖို့ လိုအပ်နေပါသေးတယ်။* ”

ဤသုတေသနစစ်တမ်းသည် ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် လူငယ်များ၏ကိုယ်စားပြုမှု မလုံလောက် သေးကြောင်း တသမတ်တည်း ထပ်လောင်းသက်သေပြခဲ့သည်။ စစ်တမ်းတွေ့ရှိချက်များအရ ဖြေဆိုသူ (၃၄%) သည် လူငယ်ကိုယ်စားပြုအဆင့်ကို ခေါင်းဆောင်မှုအဖွဲ့များ (NUG/NUCC၊ NUG ဌာနများနှင့် EAOs များအပါအဝင်) တွင် အလယ်အလတ်၊ အသင့်အတင့် အဆင့်တွင်ရှိသည်ဟု ယူဆကြသည်။ ဆန့်ကျင်ဘက် အားဖြင့် ဖြေဆိုသူ (၂၀%) နီးပါးသည် လူငယ်ကိုယ်စားပြုအဆင့်ကို မလုံလောက်ဟု သတ်မှတ်ဖြေဆိုကြပြီး အခြားသော ဖြေဆိုသူ (၂၀%) မှာ လုံလောက်မှုလုံးဝမရှိဟု ယူဆကြသည် (ပုံ - ၂၂ ကိုကြည့်ရန်)။





*ပုံ (၂၂)၊ ခေါင်းဆောင်မှုအဖွဲ့များ၌ လူငယ်များ၏ကိုယ်စားပြုပါဝင်မှုအပေါ် ရှုမြင်မှုများ*

မည်သို့ပင်ဆိုစေကာမူ NUG သည် အိသဥ္ဇာမောင် (အမျိုးသမီး၊ ကလေးနှင့်လူငယ်ရေးရာ ဒုတိယဝန်ကြီး)၊ ခွန်ဘီထူး (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဒုဝန်ကြီး)၊ မော်ထွန်းအောင် (စွမ်းအင်နှင့် လျှပ်စစ်ဒုတိယဝန်ကြီး) နှင့် ဂျာထွယ်ပန် (ပညာရေးဒုဝန်ကြီး) အပါအဝင် ထိပ်တန်းရာထူးများတွင် လူငယ်များကို ခန့်အပ်ခြင်းဖြင့် လူငယ်များပါဝင်မှုကိုမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်[39]။ ထို့အပြင် တိုင်းရင်းသားပြည်နယ်များ၏ အတိုင်ပင်ခံကောင်စီများ ဖြစ်သည့် ကချင်ပြည်နယ် ကြားကာလနိုင်ငံရေး ကော်မတီအဖွဲ့နှင့် ကရင်နီအတိုင်ပင်ခံကောင်စီ တို့တွင်လည်း လူငယ်ကိုယ်စားလှယ်ဦးရေများ တိုးချဲ့ လာလျှက်ရှိပါသည်[40]။ ငယ်ရွယ်သူများနှင့် သက်ကြီးရွယ်အို မျိုးဆက်နှစ်ရပ်စလုံးသည် "မိမိတို့နည်း မိမိတို့ဟန်ဖြင့် ပါဝင်ကူညီ" ကြပြီး လူငယ်များကို NUG၊ NUCC နှင့် သပိတ်ကော်မတီ အသီးသီးတွင် နေရာများ ပေးထားလျှက်ရှိပါသည်။

### ၅.၃။ ခေါင်းဆောင်မှုအခန်းကဏ္ဍတွင်း လူငယ်ပါဝင်မှု အဟန့်အတားများ

လူငယ်ခေါင်းဆောင်မှုတွင် ကိုယ်စားပြုမှုနည်းပါးသည်ဟု ယူဆရသည့် အဓိကအကြောင်းရင်းကို ဖြေဆိုသူများကို ရွေးချယ်ရန် တောင်းဆိုခဲ့ပြီး စစ်တမ်းကောက်ယူချက်အရ ဖြေဆိုသူ (၂၇%) က ခေါင်းဆောင်မှုတွင် လူငယ်ပါဝင်ရန် ပလက်ဖောင်းမရှိခြင်းသည် ခေါင်းဆောင်မှုတွင် လူငယ်ပါဝင်မှု၏ အဓိက အတားအဆီးဖြစ်သည်ဟု ရွေးချယ်ခဲ့သည်။

အခြား (၂၆%) မှ အသက်ကြီးသူများသည် လူငယ်များအား လျှော့တွက်သည်ဟု ရွေးချယ်ခဲ့သည်။ (၁%) ကသာလျှင် လူငယ်များအနေဖြင့် ပူးပေါင်းဆောင်ရွက်လိုစိတ် မရှိခြင်းကို အဓိကအတားအဆီးအဖြစ် ရွေးချယ်ခဲ့သည် (ပုံ ၂၃ ကိုကြည့်ရန်)။ လူငယ်အများစုသည် ခေါင်းဆောင်မှုအဖွဲ့များတွင်ပါဝင်ရန် ပလက်ဖောင်းမရှိခြင်းကို အစီရင်ခံ တင်ပြကြသော်လည်း၊ မိမိတို့၏ တွေ့ဆုံမေးမြန်းမှု တွေ့ရှိချက်များအရ လူငယ်များသည် တော်လှန်ရေး၏ အဓိကမောင်းနှင်အားဖြစ်ပြီး လူငယ်ခေါင်းဆောင်မှုကို လက်တွေ့မြေပြင်တွင် ပိုမိုထင်ရှားစွာရှိနေကြောင်းကို ညွှန်ပြနေပါသည်။




*ပုံ (၂၃)၊ ခေါင်းဆောင်မှုအဖွဲ့များတွင် လူငယ်များ၏ပါဝင်မှုဆိုင်ရာ အဓိကအတားအဆီးများ*

လူငယ်ခေါင်းဆောင်မှု၏ နောက်ထပ်အတားအဆီးတစ်ခုမှာ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုစံနှုန်းများနှင့် အသက်အရွယ်ကို အခြေခံသော ခွဲခြားဆက်ဆံမှုတို့ဖြစ်သည်။ လူငယ်များသည် ၎င်းတို့၏ အသက်အရွယ်၊ အတွေ့အကြုံမရှိမှုနှင့် အဆက်အသွယ်ချိတ်ဆက်စပ်မှု အားနည်းနေခြင်းများကြောင့် တရားဝင်မှုရှိသော ခုခံတော်လှန်သည့်အဖွဲ့အစည်းများ တည်ထောင်ရန် လူမှုဗေဒနှင့် အုပ်ချုပ်မှုရေးဆိုင်ရာ အတားအဆီးများဖြင့် ရှုန်းကန်တွေ့ကြုံနေရပါသည်[41]။ နိုင်ငံရေး ဦးဆောင်သူဇာတ်ဆောင်များနှင့် နိုင်ငံရပ်ခြားမှ အလှူရှင်များစွာ တို့သည် မြေပြင်တွင် အသစ်ဖွဲ့စည်းထားသော၊ အသိအမှတ်ပြုမှုများစွာမရှိသောအဖွဲ့များနှင့် လက်တွဲ လုပ်ဆောင်ရန် ချီတုံချတုံ ဖြစ်နေကြသည်။ ဤကဲ့သို့ဆိုင်းနေခြင်း သည်မကြာသေးမီကမှ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် လက်နက်မဲ့တော်လှန်ရေး အဖွဲ့အစည်းများတွင် ခေါင်းဆောင်များဖြစ်လာကြသော လူငယ်ခေါင်းဆောင်များအတွက် ကမ္ဘာတစ်ဝှမ်းမှ ထောက်ပံ့အားပေးမှုအရင်းအနှီးများ ရယူနိုင်စွမ်းနှင့် လက်တွဲလုပ်ဆောင်နိုင်မှုတို့ကို အနှောင့်အယှက်ဖြစ်စေသည်။ .

ဘာသာစကားအတားအဆီးများ၊ နိုင်ငံသားဖြစ်မှု အထောက်အထား စာရွက်စာတမ်းမရှိခြင်းနှင့် ကွန်ရက်ချိတ်ဆက်မှုများ မရှိခြင်းသည် ဗမာမဟုတ်သော တိုင်းရင်းသားလူငယ်အဖွဲ့အစည်းများ၊ အထူးသဖြင့် SAC မှ အသိအမှတ်ပြုခြင်းမခံရသော တိုင်းရင်းသား လူနည်းစုများမှ ထပ်လောင်းရင်ဆိုင်နေရသော စိန်ခေါ်မှုများဖြစ်သည်။ ဗမာမဟုတ်သော ကျေးလက် တိုင်းရင်းသားဒေသများမှ လူငယ်အများစုသည် အခြားသောနိုင်ငံ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ရန် လိုအပ်သော အင်္ဂလိပ် သို့မဟုတ် အခြားသော မြန်မာဘာသာစကားကျွမ်းကျင်မှု အားနည်း တတ်လေ့ရှိကြသည်။ ထိုအခြေအနေများကြောင့် အခြားသော တက်ကြွလှုပ်ရှားသူ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ ဇာတ်ဆောင်များ ပူးပေါင်းရန် လူငယ်အဖွဲ့အစည်းများအတွက် စိန်ခေါ်မှုများ ဖြစ်လေ့ရှိသည်။ လူမျိုးပေါင်းစုံအကြား ယုံကြည်မှုတည်ဆောက်ရာတွင် ဆက်သွယ်ရေးနှင့် သမိုင်းဆိုင်ရာ နာကြည်းမှုများကို တိုးတက်ကောင်းမွန်လာစေရန် အတွက် ဘာသာစကားအတားအဆီးများကို ဖြေရှင်းရန် အရေးကြီးကြောင်း ကရင်ပြည်နယ်မှ လူငယ်သတင်းထောက် တစ်ဦးက အောက်ပါအတိုင်း ထောက်ပြသည်။

> *လူမျိုးပေါင်းစုံက လူတွေနဲ့ ယုံကြည်မှုတည်ဆောက်ဖို့ စိန်ခေါ်မှုတချို့ရှိနေတယ်လို့ ကျွန်တော် ထင်တယ်။ ဥပမာအားဖြင့် တိုင်းရင်းသားလူမျိုးများသည် သမိုင်းဆိုင်ရာ နာကြည်းမှုများကြောင့် ဗမာလူမျိုးများအပေါ် အလွန်ယုံကြည်မှုနည်းပါးကြတယ်။ ဒါ့အပြင် ရှာသားတွေနဲ့ ဒေသခံအဖွဲ့တွေနဲ့ ဆက်သွယ်ပြောဆိုတဲ့အခါ ဘာသာစကားက ကျွန်တော့်အတွက် အဓိကအတားအဆီးတစ်ခုပါပဲ။* ”

ချင်းပြည်နယ်မှ CDMer သို့မဟုတ် သတင်းထောက်တစ်ဦးမှလည်း အလားတူ ချိတ်ဆက်မှုပြဿနာနှင့် ဘာသာစကားအတားအဆီးများကို အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

> *မတူညီသော ဘာသာစကား၊ မူဝါဒများနှင့် မဟာဗျူဟာများသည် စည်းလုံးညီညွတ်မှု တည်ဆောက်ခြင်းအတွက် အဓိကစိန်ခေါ်မှုများဖြစ်သည်။* ”

ရန်ကုန်တိုင်းဒေသကြီးမှ ကျောင်းဆရာတစ်ဦးက ၎င်း၏ အတွေ့အကြုံကို အောက်ပါအတိုင်း ပြောပြခဲ့သည်။

> *ဖတ်စာအုပ်တိုင်းမှာ တိုင်းရင်းသားလူမျိုးနဲ့ ပတ်သက်တဲ့ စကားလုံး ဒါမှမဟုတ် နာမည် မရှိဘူး ဆိုတာကို တွေ့ခဲ့ရတယ်။ ကျွန်တော်သာ တိုင်းရင်းသားဆိုရင် ဒီဖတ်စာအုပ်က ကျွန်တော်တို့နဲ့ သက်ဆိုင်ရဲ့လားလို့ စဉ်းစားမိမယ်။ ဆိုတော့ ဒီတိုင်းရင်းသားကလေးတွေဟာ သူတို့နဲ့ မပတ်သက်တဲ့ အရာတွေကို ဘယ်လိုလေ့လာနိုင်မလဲ။ ပြီးတော့ ဗမာဘာသာစကားကို နားမလည်တဲ့ ဝေးလံ ခေါင်သီတဲ့ နေရာအချို့လည်း ရှိသေးတယ်။ မြန်မာဘာသာဖြင့် ရေးသားထားသော ပြဋ္ဌာန်း စာအုပ်များကို ဘယ်လိုသင်ယူနိုင်မလဲ။ ဒါက ကျွန်တော့်ရဲ့ ကိုယ်ပိုင်တွေ့ကြုံသင်ယူမှုပါ။* ”

ဘာသာစကားအတားအဆီးများကြောင့် ဖြစ်ပေါ်လာသည့် အတားအဆီးအခက်အခဲများအပြင်၊ ငွေကြေး မလုံခြုံဖြစ်မှုနှင့် လူမှုရေးအထီးကျန်မှုကိုဖန်တီးနေသည့် နိုင်ငံသားဖြစ်မှု စာရွက်စာတမ်းများ မရှိခြင်းသည် လူငယ်များစွာအတွက် စိန်ခေါ်မှုကြီး တရပ် ဖြစ်နေပြန်သည်။ မြန်မာနိုင်ငံရှိ ကျေးလက်ဒေသမှ ဗမာမဟုတ်သော တိုင်းရင်းသား လူငယ်များ

ကြုံတွေ့ရလေ့ရှိသော ဘာသာစကား အတားအဆီးများနှင့် တရားဝင် နိုင်ငံသားဖြစ်ခွင့်မှ ချန်လှပ်ထားခံရခြင်း ကိစ္စရပ်ကို ဆက်လက် လေ့လာသင့်ပါသည်။

ထို့အပြင် ပြည်သူလူထုမှ လူငယ်များသည် ၎င်းတို့ထက် အသက်ကြီးသော တက်ကြွလှုပ်ရှားသူများထက် စွမ်းရည်နည်းသည်ဟု ရှုမြင်တတ်လေ့ရှိကြသည်။ အသက်ကြီးသောမျိုးဆက်များသည် လူငယ်များ၏ ခေါင်းဆောင်မှုအစီအစဉ်များကို လျှော့တွက်ပြီး ၎င်းတို့၏ ခေါင်းဆောင်မှုစွမ်းရည်ကို ယုံကြည်မှုနည်းပါး ကြသည်ဟုလည်း လေ့လာချက်များအရ သိရသည်။ မွန်တိုင်းရင်းသူ အမျိုးသမီး တွေ့ဆုံမေးမြန်းခံရသူ တစ်ဦးက အောက်ပါအတိုင်း ပြောပါသည်။

> *ကျွန်မရဲ့ အတွေ့အကြုံအရ အစပိုင်းမှာတော့ အယူဝါဒကွဲပြားမှုကြောင့် မျိုးဆက်ဟောင်းနဲ့ မျိုးဆက်သစ်တွေ အတူတကွ ပူးပေါင်းလုပ်ဆောင်ဖို့ နည်းနည်းခဲယဉ်းပါတယ်။ လူငယ်တွေက ဒီတော်လှန်ရေးကို ဦးဆောင်နိုင်စွမ်းရှိကြောင်း သက်သေပြဖို့ အနစ်နာခံမှုများစွာကို ပေးဆပ် ခဲ့ရတယ်။ အာဏာသိမ်းပြီးမှပဲ လူငယ်တွေရဲ့ တီထွင်ဖန်တီးမှုနဲ့ ဆန်းသစ်တဲ့ ချဉ်းကပ်မှုတွေကို မျိုးဆက်ဟောင်းတို့က အသိအမှတ်ပြုလာနိုင်တာပါ။* ”

အတွေ့အကြုံနှင့် အခွင့်အာဏာများသည် ခေါင်းဆောင်များနှင့် တော်လှန်ရေးတက်ကြွလှုပ်ရှားသူများ အတွက် အရေးကြီးသောအရည်အချင်းများ ဖြစ်သော်လည်း၊ ဤယုံကြည်ချက်သည် လှုပ်ရှားမှုများတွင် လူငယ်များလွှမ်းမိုးနိုင်မှုကို အတားအဆီး ဖြစ်စေပုံရသည်။ ဖြေဆိုသူအများအပြားသည် တက်ကြွ လှုပ်ရှားသူလူငယ်များ၏ ပါဝင်ပတ်သက်မှုနှင့် တော်လှန်ရေးဦးဆောင်မှု၏အရေးကြီးမှုကို အသိအမှတ်ပြု သတိပြုမိသော်လည်း လူငယ်များအပေါ် လူမှုအသိုင်းအဝိုင်း၏ ခံယူချက်များသည် ၎င်းတို့၏ ဩဇာ အာဏာနှင့် ရာထူးများကို ချုပ်ကိုင်နိုင်စွမ်းကို အဟန့်အတားဖြစ်စေနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ ဗမာအမျိုးသား PDF အဖွဲ့ဝင်တစ်ဦးကအောက်ပါအတိုင်း ရှင်းပြသည်။

> *အရင်က ကဏ္ဍတော်တော်များများမှာ လူငယ်တွေကို နေရာမပေးထားဘူး၊ မျိုးဆက်ဟောင်း တွေကပဲ ဆုံးဖြတ်ချက်တွေချပြီး ဦးဆောင်မှုတာဝန်ကို ထမ်းဆောင်ခဲ့တယ်။ ဒီတော်လှန်ရေးမှာ လူငယ်ခေါင်းဆောင်အသစ်တွေ အများကြီးရှိတယ်။ ကျွန်တော်တို့မှာ Gen Z အဖွဲ့တွေရှိသလို တော်လှန်ရေးအဖွဲ့ တွေမှာလည်း လူငယ်တွေဦးဆောင်တဲ့အဖွဲ့တွေရှိတယ်။ လူငယ်တွေဟာ ပူးပေါင်းဆောင်ရွက်မှုမှာ ပိုအားကောင်းတယ်၊ စိတ်ရှည်တယ်၊ ပိုပြီးတော့ တသမတ်တည်း ဖြစ်တာကြောင့် လှုပ်ရှားမှုအများစုကို မြန်မြန်ဆန်ဆန် အောင်မြင်အောင်လုပ်ဆောင်နိုင် ကြပါတယ်။* ”

နိုင်ငံရေးကွဲပြားမှုနှင့် လူငယ်ကိုယ်စားပြုမှု နည်းပါးခြင်းတို့သည် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် လူငယ်များ၏လွှမ်းမိုးနိုင်စွမ်းအား ကန့်သတ်ထားဆဲဖြစ်သည်။ လူငယ်များကို ခေါင်းဆောင်မှုအခန်းကဏ္ဍ အတွက် ရွေးချယ်သော်လည်း အဆိုပါ ခန့်အပ်မှုများမှာ အနည်းအကျဉ်းသာဖြစ်သည်။ စင်စစ် တော်လှန်ရေး၏ အင်အားအရှိဆုံး

နိုင်ငံရေးအုပ်စု နှစ်ခုဖြစ်သည့် NUG နှင့် CRPH ဦးဆောင်မှု ရာထူးများ၏ (၁၀%) ထက်နည်းသော ရာထူးနေရာများသည် အသက် (၃၅) နှစ်အောက် လူငယ်များ ဖြစ်သည်[42]။ အထူးသဖြင့် ရိုဟင်ဂျာများနှင့် LGBTQ အသိုင်းအဝိုင်း၊ အမြဲတစေ ဖိနှိမ့်ခံရသော လူမျိုးစုလူငယ်များသည် ၎င်းတို့၏အသံများကို အရေးပါသည့် ဒီမိုကရေစီ လိုလားသော နိုင်ငံရေး ဖွဲ့စည်းမှုများတွင် ကိုယ်စားမပြုနိုင်မည်ကို စိုးရိမ်ကြပါသည်[43]။

လူငယ်များသည် တော်လှန်ရေးလှုပ်ရှားမှုများတွင် တရားဝင်မှုရရှိရေး၊ ကွန်ရက်များနှင့် ချိတ်ဆက်နိုင်ရေး၊ ရန်ပုံငွေရရှိရေး၊ ယဉ်ကျေးမှုစံနှုန်းများနှင့် ရှုမြင်သုံးသပ်မှုများ၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ ကဲ့သို့သော စိန်ခေါ်မှု အတားအဆီးများ ကြုံတွေ့နေရဆဲဖြစ်သော်လည်း လူငယ်များမှ တော်လှန်ရေးအပေါ် လွှမ်းမိုးနိုင်စွမ်းရှိနေဆဲပင် ဖြစ်သည်။

ယင်းမှာ ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုနှင့် ခုခံမှုနည်းလမ်းများကြောင့် ဖြစ်သည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် လူငယ်များအကြား စုပေါင်းလှုပ်ရှားမှုကို အလေးထားခြင်းသည် တော်လှန်ရေး ဇတ်ဆောင်များအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားဖြစ်စေခဲ့သည်။ အားလုံးပါဝင်မှုအပေါ် လူငယ်များ၏ အလေးထားမှုသည် လူမျိုး၊ ကျား၊မ၊ မျိုးဆက်နှင့် ဘာသာရေးနယ်နိမိတ်များတစ်လျှောက် ကျယ်ပြန့်စွာ ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဖြစ်ပေါ်စေခဲ့သည်။

## အခန်း (၆) တော်လှန်ရေးမျှော်မှန်းချက်များ

အစောပိုင်းတွင် ဆွေးနွေးခဲ့သည့်အတိုင်းပင် လူငယ်များသည် သက်ဆိုင်ရာဒေသအသီးသီးတွင် သပိတ်ပွဲများ၊ အွန်လိုင်းကမ်ပိန်းများ၊ ကာကွယ်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးတို့ အပါအဝင် ပုံစံမျိုးစုံဖြင့် အာဏာသိမ်းမှု ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ရှေ့တန်းကနေ ဦးဆောင်လျက်ရှိသည်။ တော်လှန်ရေးတွင် လူငယ်များသည် အဓိကကျသော အခန်းကဏ္ဍကြီးမှ ပါဝင်နေပြီး တိုင်းပြည်၏ ဒီမိုကရေစီတိုက်ပွဲမျက်နှာစာ ဖြစ်လို့လာပါသည်။ ဤကဏ္ဍတွင် ယခုသုတေသနသည် စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် လူငယ်များ ပါဝင်လာရသည့် နောက်ကွယ်မှ စေ့ဆော်မှုများနှင့် ၎င်းတို့၏ နိုင်ငံရေးဆန္ဒမျှော်မှန်းချက်များကို လေ့လာ ဖော်ထုတ်ထားသည်။ ဤသုတေသနတွင် ၎င်းတို့၏ အနာဂတ်နိုင်ငံတော်အတွက် မျှော်မှန်းချက်၊ တက်ကြွ လှုပ်ရှားမှုများမှတဆင့် အောင်မြင်ရန် မျှော်လင့်ထားသော နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်များနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ အသိအမြင်တို့ကို နားလည်သိရှိရန် ရည်ရွယ်ထားပါသည်။

### ၆.၁။ လူငယ်ရှုထောင့်မှ တော်လှန်ရေးအန္တိမပန်းတိုင်များ

ဤသုတေသနဖြစ်ပေါ်လာသည်နှင့်အမျှ KIIs မေးမြန်းမှုများတွင် ပါဝင်သူများက တူညီစွာ ဖြေဆိုကြသည့် အချက်မှာ လက်ရှိ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုတွင် ပါဝင်ရသည့် အဓိက ရည်ရွယ်ချက်မှာ စစ်အစိုးရကို ဖြုတ်ချရန်ဖြစ်ပါသည်။ သုတေသီတို့သည် လူငယ်များ မျှော်မှန်းထားသည့်အရာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် KIIs နှင့် စစ်တမ်းနှစ်ခုလုံးတွင် အောက်ပါမေးခွန်းကို မေးမြန်းခဲ့ပါသည်၊ "ဒီတော်လှန်ရေးရဲ့ အဓိက ရည်ရွယ်ချက်က စစ်အစိုးရကိုဖယ်ရှားပစ်ဖို့လို့ ထင်ပါတယ်၊ အဲဒါအပြင် ဒီတော်လှန်ရေးနဲ့ပတ်သက်ပြီး တခြား ဘာရည်ရွယ်ချက်တွေ ရှိဦးမယ်ထင်လဲ။"

KIIs မေးမြန်းမှုများမှ ရရှိလာသော အဖြေများမှာ အားလုံးအတွက် တရားမျှတမှုနှင့် တန်းတူညီမျှ အခွင့်အရေးရှိမှု၊ တိုင်းရင်းသားလူနည်းစုများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် လူ့အခွင့်အရေးတို့ ရရှိခံစားရစေမည့် ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုတည်ထောင်ခြင်းဖြစ်ပါသည်။ CDM တွင် ပါဝင်ခြင်းကြောင့် မိသားစုကိုထားခဲ့ရသည့် ဗမာအမျိုးသမီး ဆရာဝန်တဦးမှ ယခုလို ဖြေဆိုခဲ့ပါသည်။

> *ပထမအချက်က ဒီမြန်မာစစ်တပ်ကို ဖြုတ်ချဖို့၊ နောက်တချက်က လူနည်းစုတိုင်းရင်းသားတွေရဲ့ အခွင့်အရေးနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးနိုင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်ဖို့။ ပြီးတော့ ရပ်ရွာတိုင်း လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရှိတဲ့ နိုင်ငံတနိုင်ငံဖြစ်ဖို့ပါ။* ”

နောက်ထပ် ရန်ကုန်တိုင်းဒေသကြီးမှ ပါဝင်သူ ဗမာအမျိုးသားတဦးက ဤသို့ပြောကြားခဲ့ပါသည်။

> *ပထမမျှော်မှန်းချက်က စစ်အာဏာရှင်စနစ်ကို ဖြုတ်ချဖို့။ ဒုတိယအချက်က ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ဖို့။ လူမျိုးရေးတို့ ဘာတို့ ဒီလိုကွဲပြားမှုကြီးမားတာကြောင့် ဒီနိုင်ငံကို ဗဟိုချုပ်ကိုင်မှုနဲ့ အုပ်ချုပ်နိုင်မှာမဟုတ်ဘူး… လူမျိုး၊ ဘာသာနဲ့ တိုင်းရင်းသားမခွဲခြားဘဲ တန်းတူ ရည်တူ ဆက်ဆံတဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ်နဲ့ပဲ သွားသင့်ပါတယ်။* ”

ဖြေဆိုသူအချို့က မြန်မာနိုင်ငံရှိ အကျပ်အတည်း ဖြေရှင်းရန်အတွက် ပို၍ အခြေခံကျသော နည်းလမ်းများကို ရှာဖွေအသုံးပြုခဲ့ကြသည်။ ဥပမာအားဖြင့် မကွေးတိုင်းရှိ CDM လှုပ်ရှားမှုနှင့် ရန်ပုံငွေရှာဖွေရေး လုပ်ငန်းများတွင် ရှေ့ကနေ ပါဝင်ဆောင်ရွက်သည့် အမျိုးသားတဦးက အာဏာရှင်စနစ် အားလုံး ချုပ်ငြိမ်းသွားစေရန် တော်လှန်ရေးနှင့် ပတ်သက်သည့် ၎င်း၏ မျှော်မှန်းချက်ကို ယခုလို ဖော်ပြခဲ့ပါသည်။

> *အရေးကြီးဆုံးပန်းတိုင်တခုက ဒေသ/မြို့နယ်အဆင့် ဒါမှမဟုတ် လုပ်ငန်းခွင်ထဲမှာတောင် အာဏာရှင်ဆန်တဲ့ စနစ်မရှိဖို့ပဲ၊ ဒါ့အပြင်လည်း အဂတိလိုက်စားမှုမရှိတဲ့ တိုင်းပြည်နဲ့ ကိုက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ်ရှိဖို့ပဲ။ တချိန်တည်းမှာပဲ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ကျွန်တော် ကောင်းကောင်းနားမလည်ပေမဲ့လည်း ဒီစနစ်က ဒီနိုင်ငံနဲ့ သင့်တော်မယ်ထင်လို့ ဒီမှာရှိစေချင်ပါတယ်။* ”

ဤအဖြေနှင့်သဘောတူညီစွာပင် အသက် (၂၃) နှစ်အရွယ် လိင်စိတ်ခံယူမှုကွဲပြားသူ (LGBTQ) နှင့် PDF တပ်ဖွဲ့ဝင်လည်း ဖြစ်သူ လူငယ်တဦးက ယခုကဲ့သို့ ဖြေကြားထားပါသည်။

> *အာဏာရှင်စနစ်ချုပ်ငြိမ်းဖို့ဆိုတာ စစ်အာဏာရှင်စနစ်တခုတည်း မဟုတ်ဘဲ အာဏာရှင်စနစ်တိုင်း ကို ပြောတာ။ တကယ်လို့ စစ်တပ်ပြုတ်ကျပြီး NUG က အစိုးရတာဝန်ယူပေမဲ့ အာဏာရှင်စနစ်ကိုပဲ ကျင့်သုံးနေမယ်ဆိုရင် အဲဒီအစိုးရကို တော်လှန်ပုန်ကန်နေဦးမှာပဲ။ ဒီနိုင်ငံမှာ ဘယ်အာဏာရှင်မျိုးမှ ရှိမနေစေချင်ဘူး။* ”


ရန်ကုန်တိုင်းဒေသကြီးမှ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ဗမာလူငယ်အမျိုးသားတဦးက ဤသို့ သုံးသပ်ခဲ့သည်။

> *အရင်ကဆို ဖက်ဒရယ်စနစ်အကြောင်း ကျွန်တော်တို့ မကြာခဏ စဉ်းစားလေ့ရှိတယ်။ အာဏာသိမ်းပြီးနောက်ပိုင်း တချို့အဖွဲ့တွေက ဖက်ဒရယ်စနစ်အကြောင်း ပိုပြီး စဉ်းစားလာကြတယ်။ ဒါပေမဲ့ ဒီနေ့အချိန်ထိတောင် အားလုံး သဘောတူလက်ခံပြီး နားလည်ထားတဲ့စနစ် ရှင်းရှင်းလင်းလင်း မရှိသေးဘူး။* NUCC *မှာ ဖက်ဒရယ်ပဋိညာဉ်နဲ့ပတ်သက်ပြီး ဆွေးနွေးတာတွေရှိပေမဲ့ တချို့က နှုတ်ထွက်သွားကြပြီ။ သက်ဆိုင်တဲ့သူတိုင်းအတူစုပေါင်းပြီး ကျွန်တော်တို့နဲ့ အကိုက်ညီဆုံးဖြစ်တဲ့ စနစ်ကို သေချာရှင်းရှင်းလင်းလင်း ပြောကြဖို့လိုပါတယ်။* ”

အခြားသူများက လူသားလုံခြုံရေးနှင့် စပ်လျဉ်း၍ အခြေခံကျသော အဖြေများ ပေးကြသည်။ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာလူနည်းစုလည်းဖြစ်သည့် အမျိုးသမီးတဦးက ယခုလို ပြောဆိုခဲ့ပါသည်။

> *ကျွန်မတို့နိုင်ငံရဲ့ ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ ကဏ္ဍတိုင်းမှာ လူမျိုးရေးခွဲခြားမှု လုံးဝမရှိ စေချင်ပါဘူး။ ဒ့ီအပြင် အနာဂတ်မှာ လူမှုပေါင်းစည်းညီညွတ်မှု အားကောင်းတဲ့နိုင်ငံတခုအဖြစ် မြင်ချင်ပါတယ်။ ကျွန်မ ငါးတန်းတုန်းက ကျောင်းမှာ ခွဲခြား ဆက်ဆံခံခဲ့ရတယ်။ ၂၀၁၇ အရေးအခင်းတုန်းကလည်း ရိုဟင်ဂျာ အများစုကျောင်းမတက်နိုင်ခဲ့ကြဘူး။ ကျွန်မတို့တွေ နေ့စဉ် နဲ့အမျှ စိုးရိမ်ပူပန်စိတ်၊ ကြောက်စိတ်တွေနဲ့ အသက်ရှင်နေရသလိုမျိုး အနာဂတ်မှာ ဘယ်သူ့ကိုမှ ဒီလိုတွေ မခံစားစေချင်တော့ဘူး၊ လူတိုင်းအတွက် ဘေးကင်းလုံခြုံတဲ့ ပတ်ဝန်းကျင်တခုဖန်တီးပေးတဲ့ နိုင်ငံပဲ ဖြစ်စေချင်ပါတယ်။* ”

ဤစစ်တမ်းတွေ့ရှိချက်များအရ "ဖက်ဒရယ်ဒီမိုကရေစီ" အယူအဆနှင့်ပတ်သက်၍ မည်သို့ပင် အဓိပ္ပာယ် ဖွင့်စေကာမူ ၎င်းသည် လူငယ်များအကြား အမှန်တကယ် စုစည်းမှု ဖြစ်စေသည့် ဆွဲအားတခု ဖြစ်ကြောင်း ထင်ရှားနေပါသည်။ ယခုစစ်တမ်းတွင် ပါဝင်သူလူငယ်များကို တော်လှန်ရေးအန္တိမပန်းတိုင်အဖြစ် သတ်မှတ်ထားသော အဖြေ အများဆုံးသုံးခု ရွေးချယ်စေခဲ့ပါသည် (ပုံ-၂၄ ကိုကြည့်ရန်)။ ဖြေဆိုမှုပေါင်း (၁၂၈) ခုရှိသည့်အနက် ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စု တည်ထောင်ခြင်းသည် (၆၅) ရာခိုင်နှုန်းဖြင့် ရွေးချယ်မှု အများဆုံး ဖြစ်သည်။ ဒုတိယအများဆုံးရွေးချယ်သည့်အဖြေမှာ စစ်တပ်ကို နိုင်ငံရေး ခေါင်းဆောင်မှုမှ ဖယ်ရှားပစ်ခြင်းဖြစ်ပြီး (၅၈) ရာခိုင်နှုန်း ရှိပါသည်။ ၎င်းနောက် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးကို ရွေးချယ်သူ (၅၀) ရာခိုင်နှုန်းရှိသည်။ ထို့ပြင် ဤစစ်တမ်းတွင် ပါဝင်သူများက စစ်တပ်က ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း (၁၆ ရာခိုင်နှုန်း) ထက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ် ရေးဆွဲရန် (၃၅ ရာခိုင်နှုန်း) ပိုလိုလားကြသည်။





ပုံ (၂၄)၊ တော်လှန်ရေး၏ အဓိကရည်ရွယ်ချက်နှင့်ဆက်စပ်၍ ဖြေဆိုသူများ၏အမြင်

## ၆.၂။ လူငယ်များ၏ ဖက်ဒရယ်စနစ်ဆိုင်ရာအသိအမြင်

ဖြေဆိုသူလူငယ်အများစုက ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စု တည်ဆောက်ရေးကို လက်ရှိ တော်လှန်ရေး၏ အန္တိမပန်းတိုင်အဖြစ် သတ်မှတ်ထားသဖြင့် ယခုစစ်တမ်းတွင် အဆိုပါ ဖက်ဒရယ်ဒီမိုကရေစီ စနစ်၏ တစိတ်တပိုင်းအဖြစ် ၎င်းတို့ယူဆထားသောအရာများကို နားလည်သိရှိစေရန် လေ့လာခဲ့ပါသည်။

ဤသုတေသနတွင် ဖက်ဒရယ်ဒီမိုကရက်တစ်စနစ်သည် အကျပ်အတည်းဖြေရှင်းနည်းတခုဖြစ်သည်ဟူသော အဆိုပြုချက်အား မည်သည့်အတိုင်းအတာအထိ သဘောမတူကြောင်း သို့မဟုတ် သဘောတူကြောင်း ရိုးရှင်းစွာ အဆင့်သတ်မှတ်ပေးရမည့် မေးခွန်းတခု မေးမြန်းခဲ့သည်။ တွေ့ရှိချက်များအရ လူငယ်အများစုက တိုင်းပြည်၏


နိုင်ငံရေးပြဿနာများကို ဖြေရှင်းရာတွင် ဖက်ဒရယ်စနစ်ကို လက်ခံကျင့်သုံးရန် အခိုင်အမာ သဘောတူကြောင်း ထွက်ဆိုထားသည် (ပုံ (၂၅) ကိုကြည့်ရန်)။




ပုံ *(၂၅)၊* "ဤတော်လှန်ရေးအတွက် အဖြေမှာ ဖက်ဒရယ်စနစ်ဖြစ်ကြောင်းကို သင်မည်သည့် အတိုင်းအတာ အထိ သဘောတူသနည်း *(သို့မဟုတ် သဘောမတူသနည်း)*။" ဟူသော မေးခွန်းအပေါ် ဖြေဆိုမှုများ

ထို့အပြင် ဤသုတေသနတွင် ပါဝင်သူများသည် ဖက်ဒရယ်ဒီမိုကရက်တစ်စနစ်၏ ဝိသေသလက္ခဏာများနှင့် ပတ်သက်၍ အထွေထွေဗဟုသုတ မည်မျှရှိကြောင်း သိရှိနိုင်ရန် ပေးထားသည့်အဖြေများထဲမှ သုံးခု ရွေးချယ်ရန် ပြောဆိုခဲ့ပါသည် (ပုံ (၂၆) ကိုကြည့်ရန်)။ ၎င်းတို့၏ ဖြေဆိုချက်များတွင် လူငယ်အများစုက ကိုယ်ပိုင်အုပ်ချုပ်ခွင့် (၈၇ ရာခိုင်နှုန်း)၊ ပြည်နယ်များကြား တန်းတူညီမျှ အာဏာခွဲဝေမှု (၅၈ ရာခိုင်နှုန်း) နှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချသော အစိုးရစနစ် (၅၈ ရာခိုင်နှုန်း) တို့ကို အသီးသီး ရွေးချယ်ခဲ့ကြသည်။ လူ့အခွင့်အရေး (၃၃ ရာခိုင်နှုန်း) နှင့် သီးခြားလွတ်လပ်သောဝင်ငွေနှင့် အရင်းအမြစ်စီမံခန့်ခွဲမှု (၂၅ ရာခိုင်နှုန်း) တို့ကို ရွေးချယ်သူ အနည်းငယ်သာ ရှိသည်။ ဤတွေ့ရှိချက်ကိုအခြေခံ၍ KII အင်တာဗျူးများတွင် ပါဝင်သူအချို့က နိုင်ငံရေးအသိပညာပေး သင်တန်းအစီအစဉ် လိုအပ်နေကြောင်း ဖော်ပြခဲ့သဖြင့် ဖက်ဒရယ်စနစ်နှင့် စပ်လျဉ်း၍ လူငယ်များ၏ အခြေခံနားလည်မှုမှာ တိုးတက်လာသည်ဟု ထင်ရပါသည်။ ရန်ကုန်တိုင်းမှ တက်ကြွလှုပ်ရှားသူ ကျောင်းသားဖြစ်သည့် ဗမာအမျိုးသားတဦးက ယခုလို မှတ်ချက်ပြု ဖြေဆိုခဲ့သည်။

> *လူငယ်တွေ နိုင်ငံရေးမှာ ပိုပါဝင်လာဖို့ နိုင်ငံရေးနဲ့ဆိုင်တဲ့ စည်းရုံးရေးတွေ လုပ်ဖို့အရေးကြီးပါတယ်။ NUG လူငယ်ရေးရာဝန်ကြီးဌာနအနေနဲ့ လူငယ်အဖွဲ့အစည်းတွေ၊ လူငယ်တွေဦးဆောင်တဲ့ ကော်မတီတွေနဲ့ ပူးပေါင်းသင့်ပါတယ်၊ ပြီးတော့ လူငယ်တွေအတွက် နိုင်ငံရေးသင်တန်းတွေ စီစဉ် ပေးသင့်ပါတယ်။* ”




*ပုံ (၂၆)၊ ဖြေဆိုသူများ၏ ဖက်ဒရယ်ဒီမိုကရက်တစ်စနစ်ဆိုင်ရာ အသိအမြင်*

## ၆.၃။ လိုလားသောလူမှုတန်ဖိုးများ

KII မေးမြန်းချက်များအရ အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် ခံယူချက်သဘောထားများနှင့် တန်ဖိုးထားမှုများ ပြောင်းလဲလာကြောင်း သိရှိရသဖြင့် ဤသုတေသနတွင် မြန်မာနိုင်ငံသစ်နှင့်ပတ်သက်၍ လူငယ်များ မျှော်မှန်းထားသည့် လူမှုတန်ဖိုးများကို နားလည်သိမြင်စေရန် လေ့လာဖော်ထုတ်ခဲ့ပါသည်။ KII အင်တာဗျူးများပြုလုပ်ရာတွင် ပါဝင်သူအများစုက တန်းတူညီမျှမှု၊ စုံလင်ကွဲပြားမှုနှင့် လူ့အခွင့်အရေး တန်ဖိုးများကို ဆွေးနွေးခဲ့ကြသည်။ လူ့အဖွဲ့အစည်းအတွင်း အခြေခံ လူ့အခွင့်အရေးကို လေးစား တန်ဖိုးထားပြီး မတူကွဲပြားသော်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေနိုင်သည်ဟု ခံယူသင့်ကြောင်း ၎င်းတို့က ယုံကြည်ထားပါသည်။ ရပ်ရွာလူထုအတွင်း ဝါဒဖြန့်ချိမှုနှင့် မှားယွင်းသော သမိုင်းကြောင်းများကို တွန်းလှန်နိုင်ရန်အလို့ငှာ နိုင်ငံရေးပညာ၏ အရေးပါမှု၊ ဥပမာအားဖြင့် ဖက်ဒရယ်ဒီမိုကရေစီ၊ နိုင်ငံရေးနှင့် တရားစီရင်ရေးစနစ်များနှင့် အခြားနိုင်ငံရေးသဘောတရားများနှင့်စပ်လျဉ်း၍ အသိပညာပေးရန် အရေးကြီး ကြောင်းကိုလည်း အများစုက ဖော်ပြခဲ့ပါသည်။ PDF တပ်ဖွဲ့ဝင်ဖြစ်သူ ကရင်အမျိုးသားတဦးက ဤသို့ အခိုင်အမာ ပြောဆိုထားသည်။

> *မတူကွဲပြားတဲ့ လူ့အဖွဲ့အစည်းတွေနဲ့ သူတို့ရဲ့ တန်ဖိုးထားမှုတွေကို လေးစားတတ်ဖို့ အသိပညာပေး ဖြန့်ဝေဖို့ လိုအပ်နေတယ်။ ကျွန်တော်တို့က ယဉ်ကျေးမှုပေါင်းစုံရှိတဲ့ လူ့အဖွဲ့အစည်းမှာ နေထိုင်တာ ဖြစ်တဲ့အတွက် တိုင်းရင်းသားတွေကို လေးစားဖို့လိုတယ်။ ဥပမာအနေနဲ့ပြောရရင် ကရင်နီလူမျိုးတွေ က သူတို့ကို ကယားတွေလို့ မခေါ်ဘဲ ကရင်နီတွေလို့ ခေါ်တာလိုချင်တယ်။ ဒါကြောင့် ကျန်တဲ့သူတွေ ကလည်း သူတို့ ဖြစ်စေချင်တဲ့အတိုင်း လေးလေးစားစား ဆက်ဆံပေးသင့်တယ်။* ”

စစ်ကိုင်းတိုင်းဒေသကြီးမှ အသက် (၂၀) နှစ်အရွယ် ဗမာကျောင်းသားတဦးက ယခုလို မှတ်ချက်ပြုထားသည်။

> *တန်းတူညီမျှမှုရှိဖို့က အရေးကြီးပြီး အဲဒါက ထိပ်တန်းတော်လှန်ရေးအဖွဲ့တွေကြားမှာ သာမကပဲ လူထုကြားမှာပါ ပျံ့နှံ့နေဖို့ လိုအပ်ပါတယ်။*


စစ်ကိုင်းတိုင်းဒေသကြီးမှ ချင်းအမျိုးသမီးလူငယ်တဦးက ဤသို့ ဖြည့်စွက်ပြောဆိုထားသည်။

> *အခုဆိုရင် လူအများစုက တိုင်းရင်းသားတွေနဲ့ ရိုဟင်ဂျာလို လူနည်းစုတွေရဲ့ ခံစားချက်ကို နားလည် နေပါပြီ။ အရင်က စစ်တပ်ရဲ့ ရိုဟင်ဂျာတွေကို လူမျိုးတုံးသတ်ဖြတ်မှုကို ကာကွယ်ဖို့ ဒေါ်အောင်ဆန်းစုကြည် ဘက်ကနေတောင် သူတို့ ရပ်တည်ခဲ့ကြတယ်။ အခုဆို တိုင်းရင်းသားတွေလို သူတို့လည်း ဖက်ဒရယ်စနစ်ကို တောင်းဆိုနေကြသလိုပဲ သူတို့တွေ အမြဲမပြတ် ဖက်ဒရယ်စနစ်ကို တောင်းဆိုပြီး ရပ်တည်ပေးနေဖို့ တောင်းဆိုချင်ပါတယ်။ နောက်ပြီးတော့လည်း ဒီတန်ဖိုးထားမှုကို လူထုကြားမှာ ပိုပျံ့နှံ့အောင် ဖြန့်ပေးစေချင်တယ်။*

ဆက်လက်ပြီး ဖြေဆိုသူများအား လူ့အဖွဲ့အစည်းတွင် ၎င်းတို့ ပျံ့နှံ့စေချင်သည့် အရေးကြီးဆုံး တန်ဖိုးနှစ်ခုကို ယခုစစ်တမ်းတွင် မေးမြန်းခဲ့ပါသည် (ပုံ - ၂၇ ကိုကြည့်ရန်)။ ပါဝင်သူ (၅၅) ရာခိုင်နှုန်းက တန်းတူညီမျှမှုနှင့် အားလုံးပါဝင်မှုကို အရေးကြီးဆုံး တန်ဖိုးအဖြစ် ရွေးချယ်ခဲ့ကြသည်။ (၄၇) ရာခိုင်နှုန်းဖြင့် ဒုတိယရွေးချယ်မှုအများဆုံးဖြစ်သည့် အရေးကြီးဆုံးတန်ဖိုးမှာ ဖက်ဒရယ်စနစ်၊ ဒီမိုကရေစီစံနှုန်းများ၊ တန်ဖိုးများနှင့် အုပ်ချုပ်မှုဆိုင်ရာ အကြောင်းအရာများပါဝင်သည့် နိုင်ငံရေးအသိအမြင်ဖြစ်သည်။ ထိုအချက်သည် လူ့အဖွဲ့အစည်းအနေဖြင့် ၎င်း၏ နိုင်ငံရေးအခင်းအကျင်းကို ကောင်းစွာ နားလည်သဘောပေါက်ရန် အရေးကြီးသည်ဟူ၍ အင်တာဗျူးတွင်ပါဝင်သူများက တသမတ်တည်း ထပ်တလဲလဲ ဖြေဆိုသည့်အချက်နှင့် ဆက်စပ်နေပါသည်။ လွတ်မြောက်နယ်မြေရှိ PDF တပ်ဖွဲ့တွင် လက်ရှိတာဝန် ထမ်းဆောင်နေသည့် ဖြေဆိုသူအမျိုးသမီးတဦးက ယခုလို မှတ်ချက်ချခဲ့ပါသည်။

> *နိုင်ငံရေးစနစ်နဲ့ပတ်သက်တဲ့ နိုင်ငံရေးအသိအမြင်တွေ လူထုကြားထဲမှာ ပိုမိုပျံ့နှံ့ဖို့လိုတယ်။*


ထို့အပြင် စစ်တမ်းတွင်ပါဝင်သော လူငယ်များက ၎င်းတို့၏ ဆန္ဒဖြစ်သော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး (၃၀ ရာခိုင်နှုန်း) နှင့် တိုင်းရင်းသားလူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာမတူကွဲပြားမှုများကို လက်ခံခြင်း (၂၉ ရာခိုင်နှုန်း) တို့ကို ဖော်ပြခဲ့ကြပါသည်။




ပုံ *(၂၇)*၊- တော်လှန်ရေးတလျှောက် ပျိုးနှံ့သင့်သည်ဟု ဖြေဆိုသူများယူဆသော အရေးကြီးဆုံးတန်ဖိုး နှစ်ခု

### ၆.၄။ အကျပ်အတည်းဖြေရှင်းနည်းများလား?

ဤစစ်တမ်းကောက်ယူရာတွင် နိုင်ငံရေးအကျပ်အတည်းကို အထိရောက်ဆုံး ဖြေရှင်းနိုင်မည့် နည်းလမ်းနှင့် ပတ်သက်၍ လူငယ်များ၏ ခံယူချက်သဘောထားကိုလည်း စမ်းသပ်မေးမြန်းခဲ့သည် (ပုံ-၂၈ကိုကြည့်ရန်)။ တော်လှန်ရေးအင်အားစု များက စစ်အစိုးရကိုအနိုင်တိုက်ယူခြင်းသည် နိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းရန် အကောင်းဆုံးနည်းလမ်း ဖြစ်သည်ဟု ဖြေဆိုသူအများစု (၃၄ ရာခိုင်နှုန်း) က ယုံကြည် လက်ခံထားသည်။ အထူးသဖြင့် ရလဒ်များအရ စစ်အစိုးရနှင့် NUG တို့အကြား နိုင်ငံရေးဆွေးနွေးပွဲ (၇ ရာခိုင်နှုန်း) အောင်မြင်နိုင်မှု အပေါ် အယုံအကြည်နည်းပါးကြောင်း တွေ့ရသည်။ SAC နှင့် လက်နက်ကိုင်အဖွဲ့များအကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီခြင်းသည် အကျပ်အတည်းကို ဖြေရှင်းနိုင်မည်ဟု ယူဆသော လူငယ် အရေအတွက်မှာ အလွန်နည်းပါသည် (၃ ရာခိုင်နှုန်း)။ စစ်တမ်းတွင် ပါဝင်သော အခြားသူများက ယုံကြည် လက်ခံထားသည့် နည်းလမ်းများမှာ စစ်အစိုးရ၊ NUG နှင့် EAO များ အကြား အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲ (၂၀ ရာခိုင်နှုန်း)၊ နိုင်ငံတကာဝင်ရောက်စွက်ဖက်မှုများ (၁၆ ရာခိုင်နှုန်း)၊ သို့မဟုတ် တော်လှန်ရေးအင်အားစုများက သီးခြားကိုယ်ပိုင်အုပ်ချုပ်မှုစနစ်များ ထူထောင်ခြင်း (၁၆ ရာခိုင်နှုန်း) တို့ဖြစ်သည်။ တွေ့ရှိချက်များအရ အကျပ်အတည်းကို အကောင်းဆုံးနှင့် အထိရောက်ဆုံး ဖြေရှင်းနည်းနှင့် ပတ်သက်၍ လူငယ်များ၏ ခံယူချက်သဘောထားများမှာ အမျိုးမျိုးကွဲလွဲနေပါသည်၊ ဖြေဆိုသူလူငယ် သုံးပုံတပုံသာလျှင် စစ်အစိုးရကို အနိုင်တိုက်ယူခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု ယူဆ ထားပါသည်။




ပုံ *(၂၈)၊* အကျပ်အတည်းကို အထိရောက်ဆုံးဖြေရှင်းနည်းနှင့်ပတ်သက်၍ ဖြေဆိုသူများ၏ အမြင်

## ၆.၅။ တော်လှန်ရေးရလဒ်အပေါ် လူငယ်များ၏ မျှော်လင့်ချက်

နောက်ဆုံးအနေဖြင့် ဤလေ့လာမှုတွင် တော်လှန်ရေး၏ ဦးတည်ချက်လားရာနှင့်ပတ်သက်၍ ဖြေဆိုသူများ၏ အကဲဖြတ်ချက်များကို လေ့လာဆန်းစစ်ထားသည်။ KIIs အင်တာဗျူးများတွင် လက်ရှိ တော်လှန်ရေးသည် ၎င်းတို့ တည်ဆောက်စေလိုသော နိုင်ငံဆီသို့ ဦးတည်နေခြင်းရှိမရှိ အကဲဖြတ်ပေးရန် ပါဝင်သူများကို မေးမြန်းခဲ့ပါသည်။ KII တွင် ပါဝင်သူအများစုက ဟုတ်မှန်ကြောင်း ထောက်ခံကြသည်။ ရန်ကုန်တိုင်းဒေသကြီးရှိ လူငယ် အမျိုးသားတဦးက စစ်ရေးအရ တိုးတက်မှုကို ယခုလို ထောက်ပြထားပါသည်။

> *ဒီတော်လှန်ရေးက ရှေ့ဆက်သွားနေတယ်လို့မြင်တယ်၊ အားနည်းချက်တွေ အများကြီးရှိပေမယ့် တိုးတက်မှုတွေကိုလည်း အတော်များများ တွေ့ရပါတယ်။ စစ်တပ်ကို စိန်ခေါ်တယ်၊ ပြန်တိုက်တယ်၊ ပြီးတော့လည်း သူတို့ကို ခြိမ်းခြောက်နိုင်တယ်။ ဒါက တော်လှန်ရေးရဲ့တိုးတက်မှုကို ပြတဲ့ ခြေလှမ်းသစ်တခုပါပဲ။* ”

အခြားသူများက တော်လှန်ရေးတွင် စည်းလုံးညီညွတ်မှုနှင့်ပတ်သက်၍ စိန်ခေါ်မှုများ ရှိနေသည်ကို အနည်းငယ် သတိထားမိခဲ့ကြသည်။ ပါဝင်သူ ကရင်အမျိုးသားတဦးက ဤသို့ ဖြေဆိုထားပါသည်။

> *ကျွန်တော်တို့လိုချင်တဲ့ပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့ ရှေ့ဆက်သွားနေပါတယ်။ ဒါပေမယ့် ကျွန်တော်တို့မှာ တိုင်းရင်းသားအဖွဲ့တွေ အတော်များများပါဝင်နေတဲ့အတွက် အခြေအနေတိုင်းမှာ အရမ်းသတိထားလုပ်ဖို့လို ပါတယ်။ ကျွန်တော်တို့ သမိုင်းမှာဖြစ်ခဲ့တာတွေကို သင်ခန်းစာယူရမယ်။* ”


အချို့က တော်လှန်ရေးအောင်မြင်မည်ဟု ယုံကြည်ထားသော်လည်း စည်းလုံးညီညွတ်မှုနှင့်ပတ်သက်၍ သံသယရှိ နေကြသည်။ ချင်းပြည်နယ်မှ အသက် (၂၀) နှစ်အရွယ် ပါဝင်သူတဦးက ယခုလို ဖြေဆိုခဲ့ပါသည်။

*အခုအခြေအနေမှာ ကျွန်တော်တို့ စည်းလုံးညီညွတ်မှုမရှိဘူး။ စည်းလုံးမှုမရှိရင် ဒီခရီးက တော်တော် ကြာမယ်။ ကျွန်တော်တို့က စကားလုံးတွေနဲ့ပဲစည်းလုံးနေသလိုခံစားရတယ် သို့သော် တကယ် လက်တွေ့ကျတဲ့ ပုံစံမျိုးနဲ့တော့ မညီညွတ်ကြဘူး။ ကျွန်တော်တို့ ပန်းတိုင်ကိုရောက်အောင် သွားတော့သွားနေတယ် ဒါပေမယ့် အရမ်းနှေးတယ်။* ”

လိင်စိတ်ခံယူမှုကွဲပြားသူ (LGBTQ) ဖြစ်သည့် PDF တပ်ဖွဲ့ဝင်တဦးက တိုးတက်မှုအနေအထားသည် ခေါင်းဆောင်ပိုင်းအပေါ် မူတည်နေသည်ဟု ဆိုသည်။

*အဲဒါက တော်လှန်ရေးခေါင်းဆောင်တွေအပေါ် မူတည်တယ်၊ တကယ်လို့ ကျွန်တော်တို့သွားချင်တဲ့ ပန်းတိုင်ကိုရောက်အောင် သူတို့ကရှေ့ဆက်သွားမယ်ဆိုရင် နောက်ဆုံးမှာ ကျွန်တော်တို့ လိုရာခရီးကို ရောက်နိုင်တယ်။ များများစားစားတော့ မပြောတတ်ပေမယ့် အခု လုပ်နေတဲ့အလုပ်တွေက တော်လှန်ရေးလမ်းကြောင်းမှာ အထောက်အကူဖြစ်စေမယ်လို့ ယုံကြည်တယ်။* ”


စစ်တမ်းတွင် ဖြေဆိုသူများအား တော်လှန်ရေး၏ နောက်ဆုံးရလဒ်အဖြစ် ခန့်မှန်းထားသည်များကို မေးမြန်းခဲ့ပါသည်။ ဖြေဆိုသူ ထက်ဝက် (၅၀ ရာခိုင်နှုန်း) က နောက်ဆုံးတွင် စစ်အာဏာရှင်များ ရှုံးနိမ့်ပြီး နိုင်ငံသစ်ထူထောင်နိုင်မည်ဟု တုံ့ပြန်ခဲ့ကြသည် (ပုံ ၂၉ ကို ကြည့်ရန်။) အချို့က စစ်အာဏာရှင်များကို ဖယ်ရှားပစ်နိုင်မည်ဟု ယုံကြည်ကြသော်လည်း နိုင်ငံက ဆက်လက် သဘောထားကွဲလွဲနေမည် (၂၁ ရာခိုင်နှုန်း) သို့မဟုတ် စစ်အစိုးရနှင့် အတိုက်အခံ အင်အားစုများကြား သဘောထားကွဲလွဲနေဦးမည် (၁၁ ရာခိုင်နှုန်း) ဟု လက်ခံထားကြသည်။ တိုင်းပြည်ပြိုလဲပြီး ကျရှုံးနိုင်ငံ ဖြစ်လာမည် (၇ ရာခိုင်နှုန်း) သို့မဟုတ် စစ်အစိုးရက အာဏာနှင့် ထိန်းချုပ်မှု အပြည့်အဝရရှိမည် (၆ ရာခိုင်နှုန်း) ဟု ဖြေဆိုသူ အနည်းအကျဉ်းသာ ရှိပါသည်။




ပုံ *(၂၉)၊* တော်လှန်ရေးရလဒ်နှင့်ပတ်သက်၍ ဖြေဆိုသူများ၏ ခန့်မှန်းချက်

### ၆.၆။ ပူးပေါင်းဆောင်ရွက်မှုအားကောင်းအောင် NUG လုပ်ဆောင်သင့်သောအရာများ

ယခုစစ်တမ်းတွင် ဖြေဆိုသူများအား NUG အနေဖြင့် အခြားသက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းအောင် လုပ်ဆောင်စေချင်သည့် အရာများကို မေးမြန်းခဲ့ပြီး ၎င်းတို့မှ စုစုပေါင်း ရွေးချယ်စရာ (၇) ခုရှိသည့်အနက် နှစ်ခုရွေးချယ်ခဲ့ကြပါသည် (ပုံ ၃၀ ကိုကြည့်ရန်)။ မျှော်လင့်ထားသည့် အတိုင်းပင် NUG အနေဖြင့် တိုင်းရင်းသားလူနည်းစုများနှင့် ယုံကြည်မှုတည်ဆောက်ရန် (၅၆ ရာခိုင်နှုန်း) နှင့် PDF တပ်ဖွဲ့များအတွက် ငွေရေးကြေးရေးနှင့် ထောက်ပို့အကူအညီများပေးရန် (၄၈ ရာခိုင်နှုန်း) ပါဝင်သူထက်ဝက်က ဖြေကြားခဲ့သည်။ အချို့က CSO များ၊ သပိတ်အဖွဲ့များ (၃၉ ရာခိုင်နှုန်း)နှင့် ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာအောင် လုပ်ဆောင်ရန် ပြောဆို ခဲ့ကြသည်။ ပါဝင်သူအချို့ (၃၂ ရာခိုင်နှုန်း) က NUG သည် တော်လှန်ရေးလှုပ်ရှားမှုတွင် မပါဝင်သေးသော EAO များ (ဥပမာ - UWSA၊ SSPP၊ AA၊ အစရှိသဖြင့်) နှင့် ချိတ်ဆက်ဆောင်ရွက်သင့်သည်ဟု ယုံကြည်လက်ခံထားပါသည်။




ပုံ *(၃၀)၊* - ဖြေဆိုသူများ ရွေးချယ်ထားသည့် *NUG* ၏ ပူးပေါင်းဆောင်ရွက်မှုအား ကောင်းစေမည့် နည်းလမ်းများ *(*အရေအတွက် =၁၃၁)

### ၆.၇။ လူငယ်များမြင်တွေ့လိုသောနိုင်ငံ၏ မူဝါဒနှင့် ချဉ်းကပ်နည်းများ

ဦးတည်အုပ်စုဖွဲ့ဆွေးနွေးပွဲနှင့် အင်တာဗျူးကဏ္ဍများတွင် တော်လှန်ရေးကြီး အောင်မြင်စေရန် အရေးကြီးသော အခြေခံအကြောင်းများနှင့်စပ်လျဉ်း၍ ပါဝင်သူများ၏ ထင်မြင်ချက်ကို မေးမြန်းခဲ့ပါသည်။ ဖြေဆိုသူအများစုက လှုပ်ရှားမှုကြီး ထမြောက်အောင်မြင်စေရန် ပြည်သူလူထုပါဝင်မှုနှင့် သက်ဆိုင်သူများကြား စည်းလုံးညီညွတ်မှု သည် အဓိကကျသော အခန်းကဏ္ဍများ ဖြစ်ကြောင်း အသားပေးဖော်ပြခဲ့သည်။ ခေါင်းဆောင်ပိုင်းတွင် ဆုံးဖြတ်ချက်များ

ချမှတ်ရာ၌ ပွင့်လင်းမြင်သာမှု အားကောင်းလာခြင်းနှင့် ရှေ့ကနေ တက်ကြွစွာပြည်သူများ နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် တော်လှန်ရေး၏ ရည်မှန်းချက်ပန်းတိုင်များကို လူထုက ပို၍ထင်ရှား ပြတ်သားစွာ သိမြင်လာနိုင်ပြီး နောက်ဆုံးတွင် အများပြည်သူနှင့် သက်ဆိုင်သူများအကြား စည်းလုံးညီညွတ်မှု ရရှိစေမည်ဟု ယုံကြည်ထားကြသည်။ တနည်းအားဖြင့် ၎င်းတို့က တော်လှန်ရေး၏တိုးတက်မှု အခြေအနေ များကို အများပြည်သူအား အသိပေးစေလိုခြင်း ဖြစ်သည်။

အင်တာဗျူးတွင်ပါဝင်သူများက NUG နှင့် ခရိုင်အသီးသီးရှိ PDF များအတွက် ကုန်ကြမ်းနှင့် ထောက်ပံ့ ပစ္စည်းများ၏ အရေးပါမှုကိုလည်း ဖော်ပြခဲ့ပြီး အချို့က စစ်အာဏာရှင်များ၏ တပ်ဖွဲ့များကို ရှုပ်ရှုပ်ချချ တိုက်ပွဲဝင်လျက်ရှိသည့် PDF များအတွက် လက်နက်များ ပြည့်စုံလုံလောက်စွာ ထောက်ပံ့ပေးရန် အဓိကထား ပြောဆိုခဲ့ကြသည်။ တချိန်တည်းတွင် တောင့်တင်းခိုင်မာသော စစ်ဘက်အဖွဲ့အစည်းနှင့် တိုက်ပွဲဝင်နေရသဖြင့် PDF တပ်ဖွဲ့များအားလုံး အမိန့်ပေးကွင်းဆက်အတွင်း တညီတညွတ်တည်း တည်ရှိရန် သို့မဟုတ် NUG အနေဖြင့် စနစ်တကျရှိပြီး တသွေးတသံတမိန့်တည်းဖြစ်သော ဖွဲ့စည်းတည်ဆောက်ပုံမျိုး ချမှတ်ရန် လိုအပ်နေကြောင်း ပါဝင်ဖြေဆိုသူများက အကြံပြုထားပါသည်။ နောက်ဆုံးအနေဖြင့် သုတေသနတွင် ပါဝင်ဖြေဆိုသူများက NUG ကို နိုင်ငံတကာက အသိအမှတ်ပြုခြင်းသည်လည်း တော်လှန်ရေးအောင်မြင်မှု အရှိန်မြှင့်တင်ပေးသည့် အရေးကြီး အချက်တခုအဖြစ် ရှုမြင်ကြပါသည်။ ၎င်းနှင့်ဆက်စပ်၍ စစ်ကိုင်းတိုင်းဒေသကြီးမှ ပါဝင်ဖြေဆိုသူ အမျိုးသမီးတဦးက ယခုကဲ့သို့ ရှင်းပြထားသည်။

> *ဒီတော်လှန်ရေးကြီးအောင်မြင်ဖို့ လူထုပါဝင်မှုက အဓိကအခရာကျတယ်။ ကဏ္ဍအသီးသီးက ပြည်သူတွေအားလုံး စုပေါင်းပြီး စည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးမယ်ဆိုရင် အောင်မြင်တဲ့ရလဒ်ကို မြန်မြန်ဆန်ဆန် မြင်တွေ့နိုင်ပါလိမ့်မယ်။ နောက်ပြီးတော့ လူမှန်နေရာမှန်ဖြစ်ဖို့ကလည်း အရေးကြီးပါတယ်။ ဒီ့အပြင် သက်ဆိုင်သူတွေအားလုံးအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ဖို့ အရေးကြီးတယ်။ ပြီးတော့ တော်လှန်ရေးက အချိန်ပိုကြာလာတာကြောင့် တော်လှန်ရေးအတွက် အရေးပါတဲ့အဖွဲ့တွေကို လက်နက်အင်အား ပိုမိုထောက်ပံ့ပေးနိုင်ဖို့ အရေးကြီးပါတယ်၊ ရန်ပုံငွေတွေ လိုပါတယ်။* ”

ဤသုတေသနတွင် အနာဂတ်နိုင်ငံနှင့်ပတ်သက်သည့် လူငယ်များ၏အမြင်ကိုလည်း လေ့လာ ဖော်ထုတ် ခဲ့ပါသည်။ ယေဘုယျအားဖြင့် လူငယ်များက အခြေခံလူ့အခွင့်အရေးများဖြစ်သော ပြောဆိုခွင့်၊ ထုတ်ဖော် ပြသခွင့်၊ တွေးခေါ်ပိုင်ခွင့်နှင့် တရားမျှတမှု ရရှိခံစားခွင့်တို့ကို အသိအမှတ်ပြုသော နိုင်ငံတနိုင်ငံ ဖြစ်လာစေရန် မျှော်ရည်မှန်းထားကြောင်း ဖော်ပြခဲ့ကြသည်။ ထို့အပြင် လူငယ်များအနေဖြင့် စစ်မက် သို့မဟုတ် ခွဲခြား ဆက်ဆံမှုမရှိဘဲ ငြိမ်းချမ်းပြီး တည်ငြိမ်မှုရှိသော နိုင်ငံကို မြင်တွေ့လိုကြောင်းနှင့် ၎င်းတို့တွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရှိပြီး လူမှုရေးနှင့် နိုင်ငံရေးနယ်ပယ်များတွင် အဆင့်မြင့်ရာထူးများဖြင့် ပါဝင်လိုကြောင်း ထုတ်ဖော် ခဲ့ကြပါသည်။


ကရင်ပြည်နယ်ရှိ အသက် (၃၅) နှစ်အရွယ် လူငယ်အမျိုးသားတဦးက ၎င်း၏ဆန္ဒသဘောထားကို ယခုလို ပြောကြားထားပါသည်။

> *ကျွန်တော့်ရဲ့ အကြီးမားဆုံးဆန္ဒကတော့ စစ်ပွဲတွေမရှိဘဲ ပိုမိုကောင်းမွန်ပြီးငြိမ်းချမ်းတဲ့နိုင်ငံကို တည်ထောင်ဖို့ပါ။ ကျွန်တော်တို့ (လူငယ်) တွေက နောက်လာမဲ့မျိုးဆက်သစ်တွေအတွက် ကောင်းမွန်တဲ့ ပညာရေးတရပ်ပေးအပ်နိုင်အောင် ကြိုးစားသင့်ပါတယ်။* ”

အခြားသူများက တော်လှန်ရေးအလွန် အလုပ်အကိုင်နှင့် ပညာရေးအခွင့်အလမ်းကောင်းများကို အထူးသဖြင့် တော်လှန်ရေးတွင်ပါဝင်သူများနှင့် လက်နက်ကိုင်ခုခံတော်လှန်ခြင်းကြောင့် မသန်စွမ်းဖြစ်ခဲ့ရသည့် လူငယ်များ အတွက် ဦးစားပေးမူဝါဒတခုအဖြစ် သတ်မှတ်သင့်ကြောင်း ပြောဆိုကြပါသည်။ လူငယ်များအနေဖြင့် ၎င်းတို့၏ လွတ်လပ်ခွင့်၊ အပန်းဖြေရန်နှင့် တကိုယ်ရည်တိုးတက်စေရန် အခွင့်အလမ်းများကို စွန့်လွှတ်စရာမလိုဘဲ လူငယ်ဘဝကို အပြည့်အဝခံစားရရှိနိုင်သည့် နိုင်ငံတနိုင်ငံ ဖြစ်လာစေရန်လည်း စိတ်ကူးယဉ် မျှော်မှန်းလျက်ရှိသည်။ ထိုအကြောင်းအရာနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးရှိ အသက် (၃၄) နှစ်အရွယ် သက်လတ်ပိုင်း လူငယ်တဦးက ဤသို့ပြောဆိုထားပါသည်။

> *တခြားနိုင်ငံက လူငယ်တွေ ပျော်စရာကောင်းတာတွေလုပ်နေကြတာ၊ ခရီးထွက်တာ၊ စာသင်နေတာ၊ ကခုန်နေတာ ဒီလိုမျိုးတွေ လုပ်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လူငယ်တွေက သူတို့ရဲ့ လွတ်လပ်ခွင့်တွေကိုစတေးပြီး တောထဲမှာ အချိန်ကုန်ဆုံးရတယ်။ ပျော်ပါးဖို့၊ မိတ်ဆွေဖွဲ့ဖို့၊ သင်ယူဖို့ အခွင့်အလမ်းတွေ ဆုံးရှုံးခံရတယ်။ ကျွန်တော်ကတော့ အနာဂတ်နိုင်ငံတော်မှာ လူငယ်တွေ သူတို့ရဲ့ လူငယ်ဘဝကို ပျော်ပျော်ပါးပါးနဲ့ ဖြတ်သန်းစေချင်တယ်။* ”

နောက်ဆုံးတွင် ဤကဲ့သို့ ရတ်ချည်းတော်လှန်ရေးအလွန် လူငယ်များအတွက် အရေးကြီးဆုံးဖြစ်သော မူဝါဒ သုံးခုကို ယခုသုတေသနစစ်တမ်းမှတဆင့် ရှာဖွေတွေ့ရှိခဲ့ပါသည်။ စစ်တမ်းရလဒ်များအရ လူငယ်များ အတွက် ထိပ်တန်းဦးစားပေးကိစ္စရပ်များမှာ ပိုမိုကောင်းမွန်သော ပညာရေးမူဝါဒများနှင့် ပညာရေးစနစ် (၇၅ ရာခိုင်နှုန်း) ဖြစ်ကြောင်း ဖြေဆိုသူလူငယ်များက မီးမောင်းထိုးပြခဲ့ပါသည်။ နောက်ထပ်ဦးစားပေး ကိစ္စရပ်များမှာ အလုပ်အကိုင်အခွင့်အလမ်းများ (၄၉ ရာခိုင်နှုန်း)၊ နှင့် ရှင်သန်ကျန်ရစ်သူများအတွက် ပြန်လည်ထူထောင်ရေး စင်တာများ (၄၈ ရာခိုင်နှုန်း)၊ ဆက်လက်ပြီး ဆုံးဖြတ်ချက်ချမှတ်ရာတွင် လူငယ်များပါဝင်ရန် လမ်းကြောင်းများ ဖန်တီးပေးခြင်း (၄၁ ရာခိုင်နှုန်း) နှင့် လူမျိုးရေးနှင့် ကျားမခွဲခြားဆက်ဆံမှုမရှိသော ဥပဒေများ (၁၈ ရာခိုင်နှုန်း) ဖြစ်ပါသည်။ (ပုံ - ၃၁ ကို ကြည့်ရန်)။




*ပုံ (၃၁)၊ "လူငယ်များအတွက် အရေးကြီးဆုံးဖြစ်သော မူဝါဒရေးရာမဟာဗျူဟာများ"*

# အခန်း (၇) လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များကို နိဂုံးချုပ်ခြင်း

## ၇.၁။ မြန်မာနိုင်ငံရှိ လူငယ်များ၏ အလားအလာ

ဤလေ့လာမှုသည် တော်လှန်ရေးတွင် လူငယ်များ၏အခန်းကဏ္ဍနှင့် ပတ်သက်သည့်၊ အခြားသော သုတေသနအစီရင်ခံစာများနှင့် မီဒီယာအရေးအသားများနှင့် ကိုက်ညီမှုရှိသော အောက်ပါ တွေ့ရှိချက်များကို လေ့လာတွေ့ရှိရပါသည်။

- ✓ **လူငယ်များသည် အောက်ခြေတော်လှန်ရေးလှုပ်ရှားမှု၏ အဓိကမောင်းနှင်အားဖြစ်ပြီး အာဏာသိမ်းမှု တန်ပြန်ရေးလှုပ်ရှားမှုအများစုဖြစ်သော သပိတ်မှအစ ဒေသဆိုင်ရာအစိုးရများ ဖွဲ့စည်းခြင်းများအထိ ဦးဆောင်လှုပ်ရှားခဲ့သူများ ဖြစ်သည်**။ လူငယ်များသည် အာဏာသိမ်းမှု ဆန့်ကျင်ရေးလှုပ်ရှားမှုများကို စည်းရုံးဦးဆောင်ခဲ့ကြပြီး ဒေသန္တရအုပ်ချုပ်ရေးများကို ဖော်ဆောင်ရာတွင် တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ကြသည်။

- ✓ **လူငယ်များ၏ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် လူငယ်များသည် ပိုမိုပူးပေါင်းမှုအားမြင့်ပြီး မြန်မာနိုင်ငံရှိ များပြားကျယ်ပြန့်သော ခုခံတော်လှန်ရေးဇတ်ဆောင်များနှင့် ပူးပေါင်း ဆောင်ရွက်ရန် စိတ်အားထက်သန်ကြသည်။** စိန်ခေါ်မှုအချို့ကို ရင်ဆိုင်ရသော်လည်း လူငယ်များ သည် ပွင့်လင်းမြင်သာမှုရှိပြီး ယင်းပြဿနာများကို အလွယ်တကူဖြေရှင်းနိုင်ပြီး၊ ဘုံရည်မှန်းချက် တစ်ခုဆီသို့ရောက်ရန် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်ရန် ဆန္ဒရှိကြသည်။ လူငယ်များသည် ၎င်းတို့၏မတူကွဲပြားမှုများကို အတူတကွ ပူပေါင်းလုပ်ဆောင်မှု လုပ်ရန်အတွက် အတားအဆီးတစ်ခုအဖြစ် မမြင်ခဲ့ကြပေ။ လူငယ်ဦးဆောင်သည့် လှုပ်ရှားမှု အများစုသည် ၎င်းတို့၏ လိုက်လျောညီထွေရှိမှု၊ ကိုယ့်ကိုယ်ကိုယ်အားကိုးမှုနှင့် ၎င်းတို့၏ တာဝန်ဝတ္တရားများအပေါ် ခိုင်မာသောကတိကဝတ်များ ထားရှိမှုတို့ကြောင့် အောင်မြင်ခဲ့ ကြသည်။

- ✓ **လူငယ်များ၏ ဆိုရှယ်မီဒီယာနှင့်ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုခြင်းဖြင့် ၎င်းတို့၏ ပေးလိုသော သတင်းစကားများ ကျယ်ကျယ်ပြန့်ပြန့် ပေးနိုင်ဖို့နိုင်ပြီး လှုပ်ရှားမှုများတစ်လျှောက် ဩဇာလွှမ်းမိုး နိုင်စေခဲ့သည်။**

- ✓ **ဗမာမဟုတ်သော တိုင်းရင်းသားခေါင်းဆောင်များ လုပ်ပိုင်ခွင့်အာဏာရရှိရေး၊ တိုင်းရင်းသားပါဝင်မှု အပေါ် နိုင်ငံရေးအရ အလေးပေးဆောင်ရွက်ရေးကဲ့သို့သော အားလုံးပါဝင်ရေးအပေါ် လူငယ်များမှ ခိုင်မာသော ကတိကဝတ်ပြုလုပ်ဆောင်ပြသနိုင်ခဲ့ကြသည်။** လူငယ်များသည် မြေပြင်ရှိ လူထုနှင့် NUG၊ NUCC နှင့် အခြားနိုင်ငံရေးပါတီများကဲ့သို့သော ထူထောင်နှင့်ပြီးသားအဖွဲ့များနှင့် ခေါင်းဆောင်များ အကြား ပေါင်းကူးတံတားအဖြစ် ရပ်တည်လျက်ရှိသည်။

- ✓ သို့ရာတွင်၊ ၎င်းတို့၏အသက်အရွယ်ပိုင်းခြားမှုအပေါ် လူမှုပတ်ဝန်းကျင်မှယုံကြည်မှုအပြင် ၎င်းတို့၏ အတွေ့အကြုံနှင့် ချိတ်ဆက်ထိစပ်မှု အားနည်းမှုများကြောင့် **လူငယ်များသည် တရားဝင်ခုခံမှု အဖွဲ့အစည်းများ ထူထောင်ရန်အတွက် လူမှုရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာအတားအဆီးများကို ရင်ဆိုင် နေကြရသည်။** နိုင်ငံရေးအရ ကွဲလွဲမှုများနှင့် လူငယ်ကိုယ်စားလှယ်များ နည်းပါးခြင်းသည် အုပ်ချုပ်ရေးတွင် ဆုံးဖြတ်ချက်ချရန်အတွက် ကြွလှုပ်ရှားလူငယ်များ၏ စွမ်းဆောင်ရည်ကို ကျဆင်းစေသည်။

- ✓ **လူငယ်များသည် ၎င်းတို့၏ဘဝနှင့် တိုင်းပြည်အနာဂတ်အပေါ် သက်ရောက်ထိခိုက်စေနိုင်သော ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် ပါဝင်လိုစိတ်ဆန္ဒပြင်းပြကြသည်။** အယူဝါဒဆိုင်ရာ အပြောင်းအလဲနဲ့ လူငယ်ကိုယ်စားပြုမှုများအပေါ် စိုးရိမ်မှုများရှိသည့်တိုင်အောင် NUG နှင့် NUCC အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်သော လူငယ်များပိုမိုများလာသော်လည်း ၎င်းတို့၏ အခန်းကဏ္ဍသည် ခေါင်းဆောင်မှုအဆင့်တွင် မလုံလောက်ကြောင်း လူငယ်များက ထင်မြင် ကြသည်။

### ၇.၂။ လူငယ်များ၏ ဆန္ဒမျော်မှန်းချက် အမျိုးမျိုး

- **နိုင်ငံရေးအသိပညာ/အသိအမြင်၊ ယုံကြည်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုသည် တော်လှန်ရေးအတွက် အရေးကြီးဆုံးသော့ချက်တန်ဖိုးများဖြစ်သည်ဟု လူငယ်များက ယူဆကြသည်။** တန်းတူညီမျှမှု၊ မတူကွဲပြားမှုနှင့် လူ့အခွင့်အရေးတန်ဖိုးများကို KII တွင် လူငယ်ဖြေဆိုသူများမှလည်း ဆွေးနွေး ခဲ့ကြသည်၊ လူ့အဖွဲ့အစည်းသည် အခြေခံလူ့အခွင့်အရေးကို လေးစားပြီး ဗဟုဝါဒ (လူ့အဖွဲ့အစည်း တစ်ရပ်အတွင်း လူမျိုးစုအရ၊ နိုင်ငံရေးဝါဒအရ၊ ဘာသာတရားကိုးကွယ်မှုအရ တစ်မျိုးတည်း မကရှိနေမှု) နှင့် မတူကွဲပြားမှု၏တန်ဖိုးကို လက်ခံသင့်သည်ဟု လူငယ်များက ယုံကြည်ကြသည်။ နိုင်ငံရေးအသိပညာတိုးတက်စေရန်၊ နိုင်ငံရေးအယူဝါဒဆိုင်ရာ ကွဲပြားကွာဟမှုများကို လျှော့ချရန်၊ အချင်းချင်းကြားစည်းလုံးညီညွတ်မှုမြှင့်တင့်ရန်၊ မတူညီသော နိုင်ငံရေးဇတ်ဆောင်များ၊ စစ်တပ်ဝါဒဖြန့်မှုနှင့် မှားယွင်းပုံဖော်ထားသော ဇာတ်ကြောင်းများကို တွန်းလှန်နိုင်ရန် ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံရေးနှင့် တရားစီရင်ရေးစနစ်များနှင့်အခြားသော နိုင်ငံရေးအယူဝါဒများကဲ့သို့သော နိုင်ငံရေးအသိပညာများ၏ အရေးပါမှုကိုလည်း အများစုက ဖော်ပြကြသည်။

- **လူငယ်များသည် စစ်ပွဲ သို့မဟုတ် ခွဲခြားဆက်ဆံခြင်းများမရှိသည့် ငြိမ်းချမ်းတည်ငြိမ်သောနိုင်ငံကို မြင်လိုကြသည်။** လူငယ်များသည် ၎င်းတို့၏ ငယ်ရွယ်နုပျိုသောဘဝကို လွတ်လပ်မှုနှင့် အခွင့်အရေးများဖြစ်သော ကိုယ်ပိုင်တက်လမ်းနှင့် အပန်းဖြေမှုများကို မစွန့်လွှတ်ရပဲ ပျော်မွေ့လိုကြပါသည်။

- **ဖက်ဒရယ်ဒီမိုကရေစီ**သည် ဤနိုင်ငံရေးအကျပ်အတည်းအတွက် အလားအလာရှိသော အဖြေတစ်ခု ဖြစ်ပြီး လူ့အခွင့်အရေး၊ တရားမျှတမှု၊ အားလုံးအတွက်တန်းတူညီမျှမှုနှင့် တိုင်းရင်းသား လူနည်းစုများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အာမခံရန် အကောင်းဆုံး အခွင့်အရေးဖြစ်ကြောင်း လူငယ်များက ယုံကြည်ကြသည်။

- လူငယ်များတောင်းဆိုသည့် အဓိကမူဝါဒဆိုင်ရာ ဦးစားပေးကဏ္ဍများတွင် **အရည်အသွေးမီသော ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ဆုံးဖြတ်ချက်များချမှတ်ရာတွင် လူငယ်ပါဝင်မှုများ အတွက် ပလက်ဖောင်းများ၊ ခွဲခြားဆက်ဆံမှုမရှိသော မူဝါဒများနှင့်** စစ်ဘေးသင့်ဒါဏ်ရာရရှိသူများ အတွက် ပြန်လည်တည်ဆောက်ရေးစင်တာနှင့် စိတ်ကျန်းမာရေးစောင့်ရှောက်မှုများ ပါဝင်ပါသည်။

### ၇.၃။ NUG အမျိုးသမီး၊ လူငယ်နှင့် ကလေးရေးရာ ဝန်ကြီးဌာန အတွက် အကြံပြုချက်များ

လေ့လာမှုသည် သက်ဆိုင်ရာ NUG အမျိုးသမီး၊ လူငယ်နှင့်ကလေးရေးရာဝန်ကြီးဌာန (NUG-MWYCA) နှင့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြန်မာလူငယ်များကြား ဆက်ဆံရေးခိုင်မာစေရန်အတွက် ပလက်ဖောင်းများ ဖန်တီးခြင်းကို အကြံပြုရန် မိမိတို့ကို ဦးတည်စေသည်။

- **လူငယ်ပါဝင်မှု၏အရေးပါမှုကိုအသိအမှတ်ပြုသည့်မူဝါဒများကိုရေးဆွဲရန်။** မူဝါဒ၊ စည်းမျဉ်းများ သို့မဟုတ် ဥပဒေဘောင်များမှတဆင့် NUG-MWYCA ဌာနအားလုံး၏ ခေါင်းဆောင်မှု အဖွဲ့များတွင် လူငယ်ပါဝင်မှု၏ အရေးပါမှုကို တရားဝင်အသိအမှတ်ပြုရန် ဦးစားပေးအဆင့် ထားပြုလုပ်ရန်ဖြစ်သည်။
- **ဖြစ်စဉ်၏တိုးတက်မှုကိုစောင့်ကြည့်လေ့လာအကဲဖြတ်ရန်။** NUG နှင့် NUCC သည် ၎င်း၏ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ နှင့် ကော်မတီများ ကဲ့သို့သော ခေါင်းဆောင်မှုအဖွဲ့များတွင် လူငယ်ပါဝင်မှု တိုးလာစေရန် တိုးတက်မှုကို စောင့်ကြည့်အကဲဖြတ်သင့်သည်။ အမျိုးသမီးများ၊ LGBTQ၊ လူနည်းစုများနှင့် မသန်စွမ်းသူများကဲ့သို့သော မတူကွဲပြားသော နောက်ခံများမှ အားလုံးပါဝင်သော ပူးပေါင်းပါဝင်မှုကို သေချာစေရန်လည်း အရေးကြီးပါသည်။ ၎င်းသည် အားလုံးပါဝင်သော ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာ ယဉ်ကျေးမှုများကို မြှင့်တင်ရန်နှင့် လူငယ်များအကြား မတူကွဲပြားမှု များကို လက်ခံနိုင်စေရန် ကူညီပေးမည်ဖြစ်ပါသည်။ ပို၍အရေးကြီးသည်မှာ NUG သည် စိန်ခေါ်မှုများနှင့် ကွာဟချက်များကို ဖော်ထုတ်နိုင်ပြီး ထိုကဲ့သို့သော စောင့်ကြည့်လေ့လာရေးအစီအစဉ်များမှတစ်ဆင့် အနာဂတ်တွင် ဆောင်ရွက်သင့်သည်များကို အသိပေး ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။
- **လူငယ်ခေါင်းဆောင်များ၊ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရန်။** NUG-MWYCA သည် လူငယ်ခေါင်းဆောင်များနှင့် လူငယ်အဖွဲ့အစည်းတို့၏ အမြင်ရှုထောင့်နှင့်ဦးစားပေးမှုများကို နားလည်ရန် နိုင်ငံတစ်ဝှမ်းရှိ လူငယ်ခေါင်းဆောင်၊ အဖွဲ့အစည်းများနှင့် အဓိပ္ပါယ်ရှိစွာ ထိတွေ့ဆက်ဆံနိုင်ရန် ဆက်သွယ်ရေးလမ်းကြောင်းများနှင့် နေရာများကို ဖန်တီးနိုင်သည်။ ဤထိတွေ့ဆက်ဆံမှုသည် ညှိနှိုင်းဆွေးနွေးမှုများ၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများပုံစံဖြင့်လည်း ပြုလုပ်နိုင်သည်၊ သို့မဟုတ် NUG-MWYCA အောက်တွင် ခန့်အပ်ထားသော လူငယ်အတိုင်ပင်ခံအဖွဲ့များမှ ဆောင်ရွက်နိုင်သည်။ ၎င်းသည် NUG-MWYCA အနေဖြင့် တော်လှန်ရေးကာလနှင့် တော်လှန်ရေးအလွန်ကာလအကျော် လူငယ်များ၏ လိုအပ်ချက်များ၊ ဦးစားပေးများနှင့် မျှော်မှန်းချက်များကို နားလည်ရန် အထောက်အကူ ဖြစ်စေပါလိမ့်မည်။

## ၇.၄။ တော်လှန်ရေးခေါင်းဆောင်မှုများအတွက် အကြံပြုချက်များ

မိမိတို့၏လေ့လာမှုသည် တော်လှန်ရေးတွင် သက်ဆိုင်သူအသီးသီးမှ အဓိကခေါင်းဆောင်များနှင့် လူငယ်များ အကြား စည်းလုံးညီညွတ်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုကိုပံ့ပိုးနိုင်ရန် အောက်ဖော်ပြပါ ပါဝင်ပက်သတ်မှုနှင့် သက်ဆိုင်သည့် အကြံပြုချက်များကို ဖော်ထုတ်ထားပါသည်။

- ပညာရေး၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဆိုင်ရာ မူဝါဒများကဲ့သို့သော လူငယ်များ၏ဘဝများကို သက်ရောက်မှုရှိစေသည့် **ဆုံးဖြတ်ချက်များချသည့်လုပ်ငန်းစဉ်များတွင် လူငယ်များအား ပါဝင်ရန် အားပေးရန်။** အစိုးရများ၊ နိုင်ငံရေးပါတီများ၊ EAOs များနှင့် အဖွဲ့အစည်းများသည် ခေါင်းဆောင်မှု ရာထူးများတွင် လူငယ်ပါဝင်မှုကို တက်ကြွစွာ ရှာဖွေအားပေးသင့်ပြီး ဆုံးဖြတ်ချက်ချသည့် အဖွဲ့များတွင် လူငယ်များကို ကိုယ်စားပြုကြောင်း သေချာစေရန် မူဝါဒများကို ဖန်တီးသင့်သည်။

- နိုင်ငံရေးစနစ်အသိပညာကွာဟမှုကိုနည်းပါးစေပြီး သမိုင်းဆိုင်ရာနာကြည်းမှု၏ မူလဇစ်မြစ်ကို နားလည်သဘောပေါက်ခြင်းဖြင့် ယုံကြည်မှုတည်ဆောက်မှုလွယ်ကူစေသည့် ဖက်ဒရယ်စနစ် ကဲ့သို့သော **နိုင်ငံရေးအသိပညာ သို့မဟုတ် အသိပညာပေးအစီအစဉ်များကို လူငယ်များအတွက် စီစဉ် ပံ့ပိုးပေးရန်။** ဤတန်ဖိုးစံနှုန်းများနှင့် အချက်အလက်များကို ပိုမိုကျယ်ပြန့်သော ပြည်သူလူထုထံ ဖြန့်ဝေခြင်းသည် မတူညီသောနောက်ခံများမှလာသော လူငယ်များအကြား အယူဝါဒကွဲပြားမှုကို ပေါင်းကူးတံတားထိုးစေပြီး ပိုမိုစည်းလုံးညီညွတ်သော လှုပ်ရှားမှုများကို ဖန်တီးပေးနိုင်ပါသည်။
- တော်လှန်ရေးဇတ်ဆောင်များကြား အထူးသဖြင့် NUG နှင့် ၎င်း၏မဟာမိတ် PDF နှင့် ပံ့ပိုးကူညီရေး အဖွဲ့များအကြား သတင်းအချက်အလက် ကွာဟမှုနှင့် နားလည်မှုလွဲမှားမှုများကို လျှော့ချရန် ရှင်းလင်းသော လမ်းကြောင်းများဖြင့် **ပိုမိုပွင့်လင်းထိရောက်သော ဆက်သွယ်ရေးယန္တရားများကို ထူထောင်ရန်။**

- တော်လှန်ရေးတွင် လူထုပါဝင်မှုကို ထိန်းသိမ်းရန်နှင့် လူထု၏ ထောက်ခံမှုနှင့် တော်လှန်ရေး အရှိန်ကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် **ရှင်းလင်းသော လမ်းညွှန်ချက်များနှင့် မူဝါဒဗျူဟာများကို ဆက်သွယ်ဆောင်ရွက်ရန်။**

- ယုံကြည်မှုတည်ဆောက်ရန်နှင့် အယူဝါဒဆိုင်ရာကွဲပြားမှုများကို ကျော်လွှားရန် **အဓိက ခေါင်းဆောင်များအကြား အထူးသဖြင့် NUG နှင့် EAO များအကြား စည်းလုံးညီညွတ်မှုရှိပြီး ခိုင်မာသော တွေ့ဆုံဆွေးနွေးမှုစတင်ရန်။** ထိုသို့သော ဆွေးနွေးပွဲများသည် လူငယ်များကြားတွင် ယုံကြည်မှု ရရှိစေပြီး တော်လှန်ရေးလှုပ်ရှားမှုများလုပ်ဆောင်ရန် လှုံ့ဆော်မှုကိုလည်း တိုးပွား စေပါသည်။

## ၇.၅။ ရှေ့ဆက်လေ့လာမှုအတွက် အကြံပြုချက်များ

- **မြန်မာနိုင်ငံတွင်းနှင့် နိုင်ငံပြင်ပရှိလူငယ်များ၏လုံခြုံရေး။** မြန်မာနိုင်ငံမှ ထွက်ခွာပြီးသည်နှင့် လူငယ်များကြုံတွေ့နေရသည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကြည့်ရှုလေ့လာသည့် လေ့လာမှု များစွာ အများအပြားကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုနည်းပါးသည်။ ကျောင်းသား သို့မဟုတ် ခရီးသွားဗီဇာကြောင့် လူများစွာ ခရီးသွားနိုင်ခဲ့သည်။ သို့သော်လည်း ဤဗီဇာများ သက်တမ်း ကုန်သွားသောအခါတွင် ၎င်းတို့သည် ပြန်ပို့ခံရနိုင်ခြေများလာသည်။ ထို့အပြင် မြန်မာနိုင်ငံရှိ လူငယ်များ အထူးသဖြင့် ဗမာမဟုတ်သော လူငယ်များအတွက် နိုင်ငံကူးလက်မှတ်နှင့် ပြည်ပတွင် နေထိုင်ရန်လိုအပ်သည့် အခြားတရားဝင်စာရွက်စာတမ်းများကို ရယူရန် သို့မဟုတ် သက်တမ်း တိုးရန်မှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ နိုင်ငံသားဖြစ်ခွင့်၊ စာရွက်စာတမ်းပြုစုခြင်းနှင့် တရားဝင် ပုဂ္ဂိုလ်ဖြစ်ခွင့်တို့ကို အာဏာသိမ်းပြီးနောက်ပိုင်းတွင် လူငယ်ရွှေ့ပြောင်းနေထိုင်မှုနှင့် လုံခြုံရေးဆိုင်ရာ အခန်းကဏ္ဍများကို စူးစမ်းလေ့လာသင့်သည်။

- **ပြည်တွင်းနိုင်ငံရေးတွင် လူငယ်များ၏အခန်းကဏ္ဍ။** NUCC နှင့် ကြားကာလ ကချင်နိုင်ငံရေးကော်မတီကဲ့သို့သော နိုင်ငံရေးအဖွဲ့အစည်းများတွင် ခေါင်းဆောင်ကိုယ်စားပြုမှု ဆိုင်ရာကိစ္စရပ်များကို လူငယ်များအား သပိတ်အင်းအားစုအဖြစ် ယေဘုယျ ဖော်ပြကြသည်ကို ထုတ်ပြန်ချက်များတွင် တွေ့ရှိရသည်ဟု ဖြေဆိုသူများမှ တင်ပြကြသည်။ သို့သော် အထူးသဖြင့် ပြည်တွင်းရှိ အောက်ခြေအဖွဲ့အစည်းများနှင့် နိုင်ငံရေးကော်မတီများတွင် လူငယ်များ ပါဝင်ပက်သက်မှုနှင့် တာဝန်ယူထားသော လုပ်ငန်းစဉ်နှင့် ပက်သက်သော အချက်အလက်များမှာ မရှိသလောက် ဖြစ်သည်။ မြေပြင်အဆင့် လေ့လာဆန်းစစ်မှုများသည် နိုင်ငံအဆင့် သို့မဟုတ် ဒေသအဆင့်တွင် လူငယ်များအား မည်ကဲ့သို့ ပိုမိုပါဝင်ပူးပေါင်းနိုင်မည်ကို ထိုးထွင်းသိမြင်မှုအသစ်များ ပေးနိုင်ပါသည်။ တနည်းအားဖြင့်၊ မြေပြင်အဆင့် လူငယ်ပါဝင်မှုကို မြှင့်တင်ခြင်းသည် လူငယ်ခေါင်းဆောင်မှုများအတွက် လိုအပ်သော ရှေ့ပြေးနိမိတ်ဖြစ်ကြောင်း ၎င်းတို့ကိုလည်း ပြသနိုင်မည်ဖြစ်သည်။

- **မြန်မာနိုင်ငံရှိလူငယ်များအပေါ်ပဋိပက္ခများ၏အကျိုးသက်ရောက်မှုများ။** ရှည်လျားသော ပဋိပက္ခများသည် အဓမ္မလုပ်အားပေးခိုင်းစေမှု၊ ကလေးစစ်သားအဖြစ် အတင်းအကြပ်စေခိုင်းမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ စိတ်ကျန်းမာရေးပြဿနာများအပါအဝင် လူငယ်များနှင့် တက်ကြွ လှုပ်ရှားသူများအပေါ် ဆိုးကျိုးများရှိကြောင်း ဖြေဆိုသူအချို့က လေ့လာတွေ့ရှိခဲ့သည်။ ထို့အပြင် ဘေးကင်းလုံခြုံရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ရှာဖွေရန် ၎င်းတို့၏ မွေးရပ်မြေနှင့် မိသားစုများမှ ထွက်ခွာသွားသော လူငယ်များသည် ထိုင်းနှင့် အိန္ဒိယတို့ကဲ့သို့ အိမ်နီးချင်းနိုင်ငံများသို့ ပြောင်းရွှေ့နေထိုင်ကြပြီး ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ငွေကြေး မလုံလောက်မှုကဲ့သို့သော လူမှုရေးအတားအဆီးအသစ်များနှင့် ရင်ဆိုင်နေကြရသည်။ ဤနိုင်ငံများ တွင် ၎င်းတို့၏ ထိခိုက်လွယ်သော နေထိုင်မှုအခြေအနေသည် ၎င်းတို့၏ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေးများကို အကန့်အသတ်ဖြစ်စေပါသည်။ ထွက်ခွာသွားသော သို့မဟုတ် ကျန်ရှိနေသော လူငယ်များ၏ လူမှုစီးပွားအခြေအနေများနှင့် စိတ်ကျန်းမာရေးဆိုင်ရာရုန်းကန်နေရမှုများသည် အနာဂတ်လေ့လာမှု အတွက် အရေးကြီးသောကဏ္ဍတစ်ခုဖြစ်သည်။

[1] Frontier Myanmar, “Underground Funding networks blossom in support of CDM”, Mar 7, 2021.
[2] Frontier Myanmar, “After coup, medical workers spearhead civil disobedience campaign”, Feb 2, 2021.https://www.frontiermyanmar.net/en/after-coup-medical-workers-spearhead-civil-disobedience-campaign/
[3] RFA Myanmar Service, “Myanmar Civil Disobedience Movement ‘losing steam’ amid junta crackdowns”, April 26, 2022. https://www.rfa.org/english/news/myanmar/cdm-04262022211343.html.
[4] The Guardian. (2021, March 12). Myanmar’s junta caught out by passion of protests, unleashes terror. https://www.theguardian.com/world/2021/mar/12/myanmars-junta-caught-out-by-passion-of-protests-unleashes-terror; Reuters. (2021, February 27). Myanmar protesters back on streets as US sanctions military businesses. https://www.reuters.com/article/us-myanmar-politics-protest-yangon-idUSKBN2AY0DX; Washington Blade. (2021, February 13). LGBTQ activists in Myanmar join protests against military coup. https://www.washingtonblade.com/2021/02/13/lgbtq-activists-in-myanmar-join-protests-against-military-coup.

[5] Human Rights Watch, “Myanmar: Year of Brutality in Coup’s Wake”, January 22, 2022. https://www.hrw.org/news/2022/01/28/myanmar-year-brutality-coups-wake
[6] Human Rights Watch,”Myanmar: Coup Leads to Crimes Against Humanity”, July 31, 2022. https://www.hrw.org/news/2021/07/31/myanmar-coup-leads-crimes-against-humanity
[7] Human Rights Watch, “Myanmar: Protesters Targeted in March Massacre”, December 1, 2021. https://www.hrw.org/video-photos/video/2021/12/02/myanmar-protesters-targeted-march-massacre
[8] Assistance Association for Political Prisoners (Burma), “Political Prisoners Post-Coup”, April 26, 2023. https://aappb.org/
[9] CRPH Myanmar, “Formation and Mandates,” https://crphmyanmar.org/my/history-and-formation-of-crph/
[10] National Unity Consultative Council (NUCC), “Statement of the First People’s Assembly,” Jan 30, 2022 https://nucc-federal.org/statement-3/
[11] Su Mon Thant. 2021. “*In the wake of the coup: how Myanmar youth arose to fight for the nation*." Heinrich-Böll-Stiftung, December 2021. https://eu.boell.org/en/young-voices-myanmar
[12] Su Mon Thant 2021, p. 10–11.
[13] Isabel Chew & Jangai Jap. 2021. “*Youth, Identity, and the Post-Coup Experience in Myanmar*.” United States Institute of Peace. https://www.usip.org/publications/2023/03/youth-identity-and-post-coup-experience-myanmar
[14] Isabel Chew & Jangai Jap, 2021, p. 44
[15] International Crisis Group. 2023. “Breaking Gender and Age Barriers amid Myanmar’s Spring Revolution.” Crisis Group Asia Briefing No 174. February 26, 2023.
[16] International Crisis Group. 2023, p. 20.
[17] Su Mon Thant 2021, p. 13–14.
[18]The Irrawaddy, “Myanmar prepares silent strike to mark coup anniversary”, January 28, 2023. https://www.irrawaddy.com/news/burma/myanmar-prepares-silent-strike-to-mark-coup-anniversary.html
[19] A representative of a Rakhine youth network, in discussion with the authors, August 3, 2022.
[20] A representative of Karen youth group, in discussion with the authors, July 19, 2022; Anonymous peacebuilding consultant, in discussion with the authors, July 28, 2022.
[21] A representative of SUM Myanmar, in discussion with the authors, July 22, 2022; Anonymous youth, in discussion with the authors, July 26, 2022; Anonymous youth activist, in discussion with the authors, July 26, 2022.
[22]ISP Myanmar, 2 Million Displaced and Over 57,000 Houses and Buildings Torched, 2 Feb 2023. https://www.ispmyanmar.com/isp-data-matters/#images-19
[23] see World Food Program, https://www.wfp.org/emergencies/myanmar-emergency#:~:text=More%20than%2013.2%20million%20people,implications%20for%20malnutrition%20in%202022.
[24] The Irrawaddy, “Crime Surges Under Myanmar Junta as Rule of Law Crumbles”, November, 7,2022. https://www.irrawaddy.com/news/burma/crime-surges-under-myanmar-junta-as-rule-of-law-crumbles.html
[25] Click to Donate" သည် ခလုတ်တစ်ခု သို့မဟုတ် လင့်ခ်ကို နှိပ်ရုံဖြင့် တစ်ဦးချင်း လှူဒါန်းနိုင်သည့် အွန်လိုင်း အလှူဒါန အမျိုးအစားတစ်ခု ဖြစ်သည်။ "Click to Donate" ကမ်ပိန်းများသည် တော်လှန်ရေးအဖွဲ့များကြားတွင် အန္တရာယ်နည်းပါး၍ လူကြိုက်များသော ရန်ပုံငွေရှာဖွေရေး နည်းဗျူဟာတစ်ခုဖြစ်သည်။ ကြည့်ရှုသူ များလေလေ၊ အသုံးပြုသူ၏ဝင်ငွေပိုမိုမြင့်မား လေလေဖြစ်သည်။

[26] Frontier Myanmar, "With Htamein barricades and flags, protesters launch a revolution within a revolution", Mar 10, 2021. https://www.frontiermyanmar.net/en/with-htamein-barricades-and-flags-protesters-launch-a-revolution-within-a-revolution/
[27] Myat Thu Khine and Kyaw San Wai. (2021). Youth in Myanmar: Perceptions of Political Leadership and the Future of the Country. Asian Journal of Political Science, 29(1), 1-19.
[28] Ei Ei Toe Lwin and Aung Ko Ko Latt. (2021). Myanmar's youth lead the resistance. East Asia Forum, March 15, 2021. https://www.eastasiaforum.org/2021/03/15/myanmars-youth-lead-the-resistance/
[29] MacGregor, F. (2021). Myanmar's Youth Take a Stand Against Military Coup. Al Jazeera, February 16, 2021. https://www.aljazeera.com/news/2021/2/16/myanmars-youth-take-a-stand-against-military-coup
[30] Ingrid Jordt, Than Tharaphi, and Sue Ye Lin, "How Generation Z Galvanized a Revolutionary Movement Against Myanmar's Military Coup," (Singapore: ISEAS Yusof Ishak Institute, 2021), https://www.iseas.edu.sg/wp- content/uploads/2021/04/TRS7_21.pdf.
[31] A NUG aligned PDF's member, in discussion with the authors, July, 2022; a male representative of a youth organization, in discussion with the authors, August, 2022; a female member of Sagaing district youth affairs, in discussion with the authors, 2022; a Karenni women activist, in discussion with the authors, Oct, 2022.
[32] Ye Myo Hein, "One Year On: The Momentum of Myanmar's Armed Rebellion," (Washington, DC: The Wilson Center, 2022), https://www.wilsoncenter.org/publication/one-year-momentum-myanmars-armed-rebellion
[33] A male representative of a youth organization, in discussion with the authors, July, 2022.
[34] A male representative of SUM Myanmar, in discussion with the authors, July, 2022.
[35] Thin Lei Win, "Young, Creative and Angry: Myanmar's Youth Pushes Back," Southasian Monitor, February 22, 2021. https://southasianmonitor.net/public/en/artsarts/young-creative-and-angry-myanmars- youth-pushes-back.
[36] A female representative of a youth network from Ayeyarwady region, in discussion with the authors, July, 2022.
[37] Khonumthung News, "CNF Spokesperson: Everyone Has A Responsibility To Fight Against The Regime," BNI Multimedia Group - Myanmar Peace Monitor, September 7, 2021. https://www.bnionline.net/en/news/cnf-spokesperson-everyone-has-responsibility-fight-against-regime.
[38] Ali MC, "Rebel Riot: The punk soundtrack to Myanmar's anti-coup protests," Aljazeera, February 19, 2021.https://www.aljazeera.com/news/2021/2/19/rebel-riot-the-punk-soundtrack-to-myanmars-anti-coup-protests
[39] Ye Myo Hein, The Root Causes of Myanmar's Coup Go Deeper (Washington D.C.: The Wilson Center & the Asia Program, 2022). https://www.wilsoncenter.org/sites/default/files/media/uploads/documents/2022-03-Myanmar_YeMyoHein.pdf.
[40] A representative of a Kachin youth union, in discussion with the authors, July, 2022.
[41] Matilda Hald, & Sarah Smith, "Supporting Youth Contributions to Peace in Myanmar," Dag Hammarskjöld Foundation (Upsala:, 2018), February 2018. https://www.youth4peace.info/system/files/2018-04/24.%20CFR_Myanmar-Youth%20Participation2_DHF.pdf.
[42] Jasmin Lorch, "Varieties and Dilemmas of Activism in Informal Spaces of Resistance: The Case of Burma Under Military Rule," Middle East Institute, September 6, 2016. https://www.mei.edu/publications/varieties-and-dilemmas-activism-informal-spaces-resistance-case-burma-under-military; Billy Ford, & Aung Ko Ko, "To Build a Unified Resistance and Democratic Myanmar, Discrimination Must End," United States Institute of Peace (Washington D.C.), September 8, 2022. https://www.usip.org/publications/2022/09/build-unified-resistance-and-democratic-myanmar-discrimination-must-end; Matilda Hald, & Sarah Smith, "Supporting Youth Contributions to Peace in Myanmar , " (Upsala: Dag Hammarskjöld Foundation, 2018).https://www.youth4peace.info/system/files/2018-04/24.%20CFR_Myanmar-Youth%20Participation2_DHF.pdf
[43] Ibid; Matilda Hald, & Sarah Smith, "Supporting Youth Contributions to Peace in Myanmar," (Upsala: Dag Hammarskjöld Foundation, 2018). https://www.youth4peace.info/system/files/2018-04/24.%20CFR_Myanmar-Youth%20Participation2_DHF.pdf